# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ... 


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားသို့ တက်ရောက်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန - ၂ ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက် မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊

*စာမျက်နှာ ၄ ကော်လံ ၁* ▼

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် National Democratic Institute (NDI) ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် **National Democratic Institute (NDI)** ၏ဥက္ကဋ္ဌ **Kenneth Wollack** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၂၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် National Democratic Institute (NDI) ၏ ဥက္ကဋ္ဌ Kenneth Wollack အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် NDI မှ ပံ့ပိုးပေးလျက်ရှိသည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အစီအစဉ်များနှင့် တရားဥပဒေစိုးမိုးရေး၏ အရေးပါမှုတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

ပြည်တွင်းသတင်း စာ » ၁၀

## ဖရန်ကိုခေတ်အတွင်း ကလေးငယ်များခိုးယူခံရမှုအတွက် တရားခွင်စစ်ဆေးမှုစတင်

နိုင်ငံတကာ စာ » ၁၄




မြန်မာ့အလင်း

# လုံခြုံစိတ်ချစွာ သတင်းပေးတိုင်ကြားနိုင်ကြပြီ

မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနကို ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ မူးယစ်ဆေးဝါးတားဆီးကာကွယ်တိုက်ဖျက်ရေးအတွက် ပြည်သူများထံမှ သတင်းအချက်အလက်များ ရယူနိုင်ရန် အရေးပါလှသည့် အဆိုပါတိုင်ကြားရေးဌာနကို နိုင်ငံတော်သမ္မတရုံး၏ ၂၂-၆-၂၀၁၈ ရက်စွဲပါ ရုံးမိန့်အမှတ် (၁၈၇/၂၀၁၈)ဖြင့် ဖွဲ့စည်းလိုက်ခြင်းဖြစ်ရာ လုံခြုံစိတ်ချရမှုအတွက် ထိပ်တန်းဌာနဖြစ်သည်ဟု ဆိုရမည်။

နေပြည်တော်တွင် ဇွန်လ ၂၆ ရက်နေ့က ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်က မိန့်ခွန်းပြောကြားခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေသည့်သတင်းများ လူမှုကွန်ရက်ပေါ် ရောက်ရှိပျံ့နှံ့လာသည့်အတွက် တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်နှင့် ဝင်ရောက်ဖမ်းဆီးခဲ့ရသည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ထည့်သွင်းပြောကြားခဲ့သည်။ "အဲဒီအနီးနားမှာ နေထိုင် ကြတဲ့ပြည်သူတွေ မသိကြဘူးလား မေးကြည့်တော့ သိကြပါတယ်။ သူတို့ကို ရန်ရှာ အန္တရာယ်ပြုမှာကို စိုးရိမ်တဲ့အတွက် ဘယ်သူ့ကိုမှ သတင်းမပေးရဲကြဘူးဆိုတာ သိရပါတယ်။ ဒီအချက်ဟာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်မှု ရရှိနိုင်ဖို့အတွက် အရေးကြီးတဲ့အချက်ပေးမှုတစ်ရပ်ဖြစ်ပါတယ်"ဟုလည်း ပြောကြားခဲ့ရာ ယင်းအချက်သည် "မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန" ဖွဲ့စည်းပေါ်ပေါက်လာခြင်း၏ အဓိက အကြောင်းတရားတစ်ရပ်ပင် ဖြစ်သည်။

မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ဖြန့်ဖြူးခြင်း စသည်တို့ကို မိမိနှင့် နီးစပ်ပတ်သက်ရာ၊ မိမိပတ်ဝန်းကျင် စသည်တို့တွင် ဖြစ်ပေါ်နေကြောင်း တွေ့မြင်သိရှိခဲ့ပါက အထက်ဆိုခဲ့ပါ နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းထားသည့် မူးယစ်ဆေးဝါးအထူး သတင်း တိုင်ကြားရေးဌာန၏ သီးသန့်တယ်လီဖုန်း၊ သီးသန့်ဖက်စ်ဖုန်း၊ သီးသန့်အီးမေးလ် လိပ်စာများဆီသို့ ဘေးအန္တရာယ်ကင်းကင်းနှင့် လုံခြုံစိတ်ချစွာ သတင်းပေးပို့ တိုင်ကြားနိုင်ကြပြီဖြစ်သည်။ သတင်းပေးတိုင်ကြားသူက ပေးပို့လာသည့် သတင်းအချက်အလက်ကို အခြေခံကာ ဗဟိုတွင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကို စေလွှတ်သွားမည်ဖြစ်ကြောင်း၊ အထူးအဖွဲ့၏လှုပ်ရှားဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်မှန်သမျှ ပေါက်ကြားမှုမရှိအောင်၊ လျင်လျင်မြန်မြန်ဖြန့်ကြက်ပြီး လျှပ်တစ်ပြက်အတွင်း သွားရောက်ဖမ်းဆီးနိုင်အောင် စနစ်တကျပြင်ဆင်ထားပြီးလည်းဖြစ်ရာ "မူးယစ်ဆေးဝါးအထူးသတင်း တိုင်ကြားရေးဌာန" နှင့် "မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးအဖွဲ့" တို့သည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် အထူးအရေးပါလှသော ဌာနအဖွဲ့အစည်းများအဖြစ် ပြည်သူများ၏ယုံကြည်ကိုးစားမှုများကို ရရှိနိုင်ကြမည်ဟု အလေးအနက်ယုံကြည်မိသည်။

တစ်ဖက်တွင်လည်း ဆုကြေးအစီအစဉ်အရ မူးယစ်ကုန်သည်များနှင့် ရောင်းဝယ်ဖောက်ကားသူများ၏ တရားမဝင်ပိုင်ဆိုင်မှုများကို သတင်းပေးတိုင်ကြားသူ၊ လက်ရဖမ်းဆီးသူနှင့် နိုင်ငံတော်အစိုးရတို့ သင့်တင့်လျောက်ပတ်သော အချိုးအစားဖြင့် ခွဲဝေရရှိမည်ဖြစ်သည့်အပြင် တိုင်ကြားသူအတွက် လုံခြုံရေးကို ဂရုပြုကာ သတင်းထုတ်ပြန်မှုမပြုခြင်း၊ နိုင်ငံတော်၏ချီးမြှင့်ငွေဖြစ်သည့်အတွက် အခွန်ကင်းလွတ်ခြင်းစသည့် အခွင့်အရေးများကိုလည်း ရရှိကြမည်ဖြစ်ရာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတွင် ပြည်သူများပူးပေါင်းပါဝင်လာရန် ဆွဲငင်အားများပင်ဖြစ်သည်။ နိုင်ငံတော်၏ အနာဂတ်အင်အားများဖြစ်သော လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်ရေး၊ စာရိတ္တမဏ္ဍိုင်ခိုင်မာရေး၊ အသိပညာအတတ်ပညာနှင့် ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးတို့ကို ဖျက်ဆီးပစ်နိုင်သော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေးအတွက် လူတိုင်းလူတိုင်းက ကျရာနေရာမှ ပူးပေါင်းပါဝင်ကြစေလိုပါကြောင်းနှင့် မိမိတို့ပတ်ဝန်းကျင်မှ တွေ့သိရသည့် မူးယစ်ဆေးဝါး သတင်းအချက်အလက်တို့ကို လုံခြုံစိတ်ချရသောလမ်းကြောင်းများ ဖွင့်ပေးထားပြီးဖြစ်သည့်အတိုင်း တာဝန်သိသိဖြင့် သတင်းပေးကြစေလိုပါကြောင်း။ ။

## သံအမတ်ကြီး ဦးမြင့်ဆွေ ဇင်ဘာဘွေနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၂၇**

ဇင်ဘာဘွေသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၈ ခုနှစ် ဇွန် ၁၉ ရက်တွင် ဟာရာရေးမြို့၌ ဇင်ဘာဘွေသမ္မတနိုင်ငံ သမ္မတ အယ်မာဆန် ဒမ်ဘူဇို နန်ဂါဂွါ ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဒေါ်အိအိခင်ဇ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၂၇**

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်အိအိခင်သေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ဒီလီမြို့၌ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဖရန်စစ္စကို ဂူတာရက်စ် လူအိုလိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်း မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲ အမ်းတွင်ကျင်းပ

**ရမ်းဗြဲ ဇွန် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်းသက်ဆိုင်သူ အဖွဲ့အစည်းပေါင်းစုံပါဝင်သော မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲကို ဇွန် ၂၅ ရက်က အမ်းမြို့ ရွှေအမ်းတောင်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ကျေးလက်ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်က လူထုဗဟိုပြုစီမံကိန်းလုပ်ငန်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့ပြင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်က လူထုဗဟိုပြု စီမံကိန်း ရရှိပြီးသော ကျေးရွာများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်း ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူထုဗဟိုပြုစီမံကိန်း မြို့နယ်စီမံကိန်းတာဝန်ခံနှင့် နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင်တို့က စီမံကိန်းဆောင်ရွက်ခဲ့မှုအကျဉ်းကို ရှင်းလင်းတင်ပြခဲ့ပြီး ကျေးရွာကိုယ်စားလှယ်များက အုပ်စုလိုက်ဆွေးနွေးခြင်း၊ ဆွေးနွေးချက်ရလဒ်များအပေါ် ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ဆုရကျေးရွာအုပ်စုများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## အမက (ခွဲ) ကျောင်းအဆင့်မှ အမက အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်

**ငပုတော ဇွန် ၂၆**

ငပုတောမြို့နယ် ရေငံကျေးရွာတွင် အမက (ခွဲ) ကျောင်းအဆင့်မှ အမက အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဇွန် ၂၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ် လက်ထောက်ပညာရေးမှူး ဦးထွန်းညို က အမကကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားပြီး လက်ထောက်ပညာရေးမှူး၊ ကမ်းနီကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးနှင့် ဟင်းအိုးချောင်း ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ကျောင်းသားကျောင်းသူလေးများက တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ သာသနာ့ဗိမာန်တော်၌ ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်က အမှာစကားပြောကြားရာ၌ လူငယ်များကြားတွင် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် မူးယစ်ဆေးဝါးများ စီးဝင်မှုကို အလေးထားကာကွယ်ဆောင်ရွက်နေကြောင်း ထည့်သွင်း ပြောကြားသည်။ နေပြည်တော် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၁) ကြိမ်မြောက် ဗဟိုအဆင့် ကဗျာပြိုင်ပွဲနှင့် ဆောင်ပုဒ်ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား နေပြည်တော်ကောင်စီဝင်ဗိုလ်မှူးကြီး မင်းနောင်က ဆုချီးမြှင့်ပြီး အခြေခံပညာအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အထက်တန်းအဆင့် ဆုရရှိသူများကို တာဝန်ရှိသူတို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**




## မန္တလေး သွေးလှူဘဏ်နှင့် ကင်ဆာဓာတ်ရောင်ခြည် ဆေးကုဌာနအတွက် လိုအပ်သောပစ္စည်းများ ပေးအပ်လှူဒါန်း




**မန္တလေး ဇွန် ၂၆**

မန္တလေး သွေးလှူဘဏ်နှင့် ကင်ဆာဓာတ်ရောင်ခြည် ဆေးကုဌာနအတွက် လိုအပ်သောပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ဇွန် ၂၅ ရက်က မန္တလေး အထွေထွေရောဂါကု ကိုးထပ်ဆောင် မန်းတောင်ရိပ်စာသင်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ တင်တင်မိုးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များကိုယ်စား ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာအေးကိုက သွေးလှူဘဏ်တွင် လိုအပ်နေသော ငွေကျပ်သိန်း ၄၅၀ တန်ဖိုးရှိ နယ်လှည့်သွေးဖောက်ယာဉ်တစ်စီး၊ ကင်ဆာဓာတ်ရောင်ခြည်ဆေးကုဌာနအတွက်လိုအပ်သော ငွေကျပ် ၁၉၆ သိန်းတန်ဖိုးရှိ ခွဲစိတ်ခုတင် တစ်လုံးလှူဒါန်းရခြင်းကိုရှင်းပြပြီး နယ်လှည့်သွေးဖောက်ယာဉ် စာရွက်စာတမ်းများကို သွေးလှူဘဏ်ဆရာဝန်ကြီး ဒေါက်တာခင်မြမွန်ထံသို့လည်းကောင်း၊ ကင်ဆာဓာတ် ရောင်ခြည်ဆေးကုဌာနအတွက် ခွဲစိတ်ခုတင်တစ်လုံး၏ စာရွက်စာတမ်းများကို ဆရာဝန်ကြီး ဒေါက်တာအေးအေးမြင့်ထံက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလှအောင်(မန္တလေး)**

## မန္တလေးဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းလာ

**မန္တလေး ဇွန် ၂၆**

မိုးရာသီ မြစ်ရေတက်ချိန်တွင် မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေသည် ဇွန်၂၄ ရက်က ရေအမှတ်(၁၀၃၄)စင်တီမီတာရှိခဲ့ရာမှ ပြန်လည်ကျဆင်းလျက်ရှိရာ ဇွန် ၂၆ ရက် နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရေအမှတ် (၉၉၂) စင်တီမီတာရှိ၍ နှစ်ရက်အတွင်း ၄၂ စင်တီမီတာ (၂ပေနီးပါး) ကျဆင်းသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ဆဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ဆဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မိန့်ခွန်းပြောကြား

**နေပြည်တော် ဇွန် ၂၆**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ဆဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုပေါင်းခန်းမဥ္စကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အစည်းအဝေးသို့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒေါက်တာအောင်သူ၊ ဦးခင်မောင်ချို၊ ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အချိန်ဆွဲဖြေရှင်းခြင်းမပြုကြဘဲ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ပြည်ထောင်စုတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများ၏ သိမ်းဆည်းခံရသည့် လယ်ယာခြံမြေများအပေါ် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ပြန်လည်စွန့်လွှတ်ပေးကြရန်၊ စွန့်လွှတ်ရန်မဖြစ်နိုင်သည့် သိမ်းဆည်းခံလယ်ယာခြံမြေများအတွက် လျော်ကြေး၊ နစ်နာကြေးပေးကြရန်၊ စွန့်လွှတ်မြေများကို အမြန်ဆုံးပြန်လည် အပ်နှံပေးနိုင်ရေး၊ အမည်ပေါက်ရရှိစေရေးတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန်၊ ပြန်လည်စွန့်လွှတ်မြေများအား မသက်ဆိုင်သူ လက်ဝယ်သို့ ရောက်ရှိခြင်းမရှိစေဘဲ သက်ဆိုင်သူ တောင်သူများထံသို့သာ အမြန်ဆုံးရောက်ရှိစေရေး စိစစ်ပေးကြရန်၊ စွန့်လွှတ်မြေများပေါ်တွင် ကျူးကျော်များ ဝင်ရောက်နေမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်းပေးကြရန်၊ နိုင်ငံတော်နှင့် အများပြည်သူအကျိုးအတွက် သိမ်းဆည်းမြေများကို နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ မှန်ကန်စွာ စီမံခန့်ခွဲပေးကြရန်တို့ကို ဗဟိုကော်မတီဝင်များနှင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်များက လိုအပ်သည်ထက် အချိန်ဆွဲဖြေရှင်းခြင်း မပြုကြဘဲ အမြန်ဆုံးပြီးစီးအောင် အားသွန်ခွန်စိုက် စီမံခန့်ခွဲဆောင်ရွက်ပေးကြရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

**(နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပြည့်အစုံကို အောက်တွင် ဖော်ပြထားပါသည်။)**

**တာဝန်ရှိသူများအားအဖွဲ့ဖွဲ့၍ တာဝန်ပေးအပ်သွားရန်လို**

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြင်ဆင်ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ် ၅၂ ချက်ပါအတိုင်း သိရှိလိုက်နာ ဆောင်ရွက်သွားရန်အတွက် ဗဟိုကော်မတီဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီများသို့ ဖြန့်ဝေပေးပို့ထားပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီဥက္ကဋ္ဌများအနေဖြင့် အောက်ခြေမှ စိစစ်တွေ့ရှိချက်များနှင့် မြေပြင်ပကတိ အခြေအနေ ကွဲလွဲမှုမရှိစေရေးအတွက် ကွင်းဆင်းစိစစ် ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများအား အဖွဲ့ဖွဲ့၍ တာဝန်ပေးအပ်သွားရန်လိုပါကြောင်း ပြောကြားသည်။

ယင်းနောက် သိမ်းဆည်းမြေဆိုင်ရာလုပ်ငန်းစိစစ်ရေးအဖွဲ့ အဖွဲ့(၁)၊ အဖွဲ့(၂)၊ အဖွဲ့(၃)နှင့် အဖွဲ့(၄)တို့မှ တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကွင်းဆင်းဆောင်ရွက်ခဲ့မှု၊ စိစစ်ဆောင်ရွက်ပြီးစီးမှု၊ စိစစ်ဆဲ၊ စွန့်လွှတ်မြေများကို မူလပိုင်ရှင်များထံ ပေးအပ်ပြီးစီးမှု၊ စွန့်လွှတ်မြေနှင့်ပေးလျော်ခဲ့မှု၊ နစ်နာမှုတိုင်ချက်များကို မြေပြင်ကွင်းဆင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့မှု၊ သိမ်းဆည်းခံရသော လယ်ယာမြေနှင့် အခြားမြေများကို ပြန်လည်စွန့်လွှတ်ခြင်းမရှိသည့် အကြောင်းရင်းများနှင့် သိမ်းဆည်းမြေဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**သက်ဆိုင်သူများထံ ပြန်လည်လွှဲပြောင်း**

ဆက်လက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော် သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ချမှတ်ထားသည့် ဆောင်ရွက်ရန်အချက်များ၊ ကော်မတီများသို့ ပေးပို့ထားသည့် အမှုတွဲ များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်ပြီးစီးမှု၊ အမှုတွဲများပိတ်သိမ်းမှု၊ တိုင်ကြားစာများအပေါ် အရေးယူဆောင်ရွက်မှု၊ စွန့်လွှတ်မြေများမှ သက်ဆိုင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်မှု၊ ပြန်လည်လွှဲပြောင်းပေးရန် ကျန်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**အခြေအနေများနှင့် အခက်အခဲများ တင်ပြ**

ဆက်လက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့က ဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့် အခက်အခဲများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြန်လည်သုံးသပ်ဆွေးနွေးကာ ဆုံးဖြတ်ချက်များချမှတ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နိုင်ငံတော်နှင့် အများပြည်သူအကျိုးအတွက် သိမ်းဆည်းမြေများကို ချမှတ်ထားတဲ့မူဝါဒ၊ လုပ်ငန်းစဉ်များနဲ့အညီ မှန်ကန်စွာစီမံခန့်ခွဲ

နေပြည်တော် ဇွန် ၂၆

**လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုပေါင်းခန်းမဥ္စကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။**

**နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -**

ယနေ့အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ၊ ဗဟိုကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်များနဲ့ ဌာနဆိုင်ရာပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ လယ်ယာကဏ္ဍနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နေကြရပါတယ်။ ဒီတောင်သူလယ်သမားများရဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ လယ်ယာမြေများအား ၁၉၈၈ ခုနှစ် အာဏာသိမ်းပြီးနောက် ဥပဒေမဲ့ သိမ်းဆည်းခံရမှုများနဲ့ ပတ်သက်ပြီး စီမံကိန်းများလုပ်ကိုင်မှု မရှိခြင်း၊ ဆက်လက်ဆောင်ရွက်မှုမရှိခြင်း၊ အောင်မြင်မှု မရှိခြင်းတို့ကြောင့်လည်းကောင်း၊ ဥပဒေနှင့်အညီ သိမ်းဆည်းခဲ့ခြင်းမရှိတဲ့အပြင် လက်ရှိတွင် အများပြည်သူအကျိုး၊ နိုင်ငံတော်အကျိုးအတွက် အသုံးပြုမှုမရှိခြင်းကြောင့် လည်းကောင်း၊ လိုအပ်သည်ထက် ပိုမိုသိမ်းဆည်းထားခြင်းကြောင့် လည်းကောင်း၊ သိမ်းဆည်းစဉ်က ရည်ရွယ်ချက်နှင့်အညီ အသုံးချမှု မရှိခြင်းကြောင့် လည်းကောင်း လယ်ယာကဏ္ဍ ပိုမိုကောင်းမွန် တိုးတက်စေရေး တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတို့အတွက် သိမ်းဆည်းခံမြေများအား သိမ်းဆည်းခံတောင်သူလယ်သမားများသို့ ပြန်လည်ပေးအပ်နိုင်ရန် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကို နိုင်ငံတော်အစိုးရဖွဲ့စည်းပြီးနောက် ၂၀၁၆ ခုနှစ် မေလကတည်းက ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပါတယ်။

> ‘ဥပဒေနှင့် ညီညွတ်မှုမရှိဘဲ သိမ်းဆည်းပြီးကတည်းက ယခုအချိန်ထိ အသုံးပြုခဲ့ခြင်းမရှိဘဲ နောင်တွင် အသုံးပြုရန်ရှိနေသည်၊ လုပ်ငန်းဆောင်ရွက်ရန် ရှိနေသည်ဟုဆိုတာ မူဝါဒနှင့် ဆန့်ကျင်နေသဖြင့် လုံးဝမဖြစ်သင့်ပါ။ ဒါ့ကြောင့် နိုင်ငံတော်ကချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်များနှင့်အညီ အလေးထားလိုက်နာကာ စိစစ်ဆောင်ရွက်သွားကြရန် လိုအပ်’

**မူဝါဒ၊ လုပ်ငန်းစဉ် ၅၂ ချက်**

ဗဟိုကော်မတီအနေနဲ့လည်း နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး သိမ်းဆည်းမြေများအပေါ် စိစစ်ဆောင်ရွက်ပေးနိုင်ရန် မူဝါဒ၊ လုပ်ငန်းစဉ်များချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် မြေပြင်တွင် တွေ့ကြုံရသော လုပ်ငန်းဆောင်ရွက်မှုအခက်အခဲများကို တရားနည်းလမ်းတကျ ပိုမိုဖြေရှင်း ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ရဲ့ လမ်းညွှန်ချက်များနဲ့အညီ မူဝါဒ၊ လုပ်ငန်းစဉ်များအား ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်အရ မူဝါဒ၊ လုပ်ငန်းစဉ် ၅၂ ချက် ချမှတ်ကာကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။

ဒါပေမယ့် အစိုးရသစ်ရဲ့(၂)နှစ်တာ ကာလအတွင်း တိုင်ကြားစာများအား စိစစ်ဆောင်ရွက်မှု အားနည်းနေပြီး ပြန်လည်စွန့်လွှတ်မြေများကိုလည်း မူလပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ရန်မှာ နှောင့်နှေးကြန့်ကြာလျက်ရှိနေတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရက ပြန်လည်စွန့်လွှတ်ပေးမှုအချို့ရှိခဲ့သော်လည်း သိမ်းဆည်းခံရတဲ့ တောင်သူလယ်သမားများမှာ ပေးကားပေး၏ မရ ဖြစ်နေကြပါတယ်။

**ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိ**

ဒါ့ကြောင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ကော်မတီအဆင့်မှာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေကြတဲ့

*စာမျက်နှာ ၄ သို့*




**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

▼ *ရှေ့ဖုံးမှ*

လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ သံအမတ်ကြီးများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုအဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆုရရှိကြသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည် တော်များ၊ ပြည်တွင်း ပြည်ပသတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်ခဲ့မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်များနှင့်စပ်လျဉ်း၍ ပြည်သူများသို့အသိပညာပေးဆောင်ရွက်နေမှုများ၊ မူးယစ်ဆေးစွဲသူများအား ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ဘိန်းစိုက်ပျိုးသည့် ဒေသများအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ နှစ်သစ်ကူး နှုတ်ခွန်းဆက်ပြောကြားစဉ် မှာကြားချက်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ် တိုက်ဖျက်နှိမ်နင်းရေးဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် လုံခြုံစိတ်ချစွာ သတင်းပေးတိုင်ကြားနိုင်မည့် အခြေအနေများကို ပြောကြားသည်။

**(နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၅၊ ၆ တွင် ဖော်ပြထားပါသည်။)**

ထို့နောက်ဒုတိယသမ္မတ ဦးမြင့်ဆွေက ဝတ္ထုတို၊ ဆောင်းပါးနှင့် တေးသီချင်းပြိုင်ပွဲများတွင် ပထမဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များအဖြစ် ၂၀၁၇ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ၉၅၅၄ မှု၊ တရားခံ ၁၄၀၀၀ ဦးရှိခဲ့ပြီး ပမာဏအနေဖြင့် ဘိန်း - ၁၂၅၆ ဒသမ ၁၆၈၆ ကီလို၊ ဘိန်းဖြူ - ၅၇၀ ဒသမ ၆၂၂၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား - ၇၂၈၁၅၆၈၆ ပြား၊ ဆေးခြောက် - ၁၉၈ ဒသမ ၈၂၆ ကီလို၊ ကိုကင်း - ၄၅၀ ကီလို၊ ဘိန်းဆီခဲ - ၁၄၆ ဒသမ ၃၅၁ ကီလို၊ ကဖင်း - ၅၈၈၅ ကီလို၊ ဆူဒိုအက်ဖီဒရင်း - ၃၉၀ ၁၀၀၀ ပြား၊ အိုက်စ် - ၁၁၀၇ ဒသမ ၄၉၁၄ ကီလို၊ ဘိန်းစာမှုန့် - ၆၅၁ ဒသမ ၁၂၆၉ ကီလို၊ အက်တက်စီဆေးပြား - ၆၄၅၈၈၂ ပြားနှင့် စိတ်ကြွဆေးအကြေမှုန့်- ၁၀၆ ဒသမ ၈၈၂၆ ကီလိုတို့ဖြစ်ကြောင်းနှင့် ဘိန်းခင်းများ ဖျက်ဆီးနိုင်ခဲ့မှုများအနေဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁ ရက် မှ ၂၀၁၇ ခုနှစ် ဧပြီလ ၃၀ ရက်အတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၉၇ ဒသမ ၅၀ ဟက်တာ၊ ရှမ်းပြည်နယ် တောင်ပိုင်းတွင် ၃၀၂၃ ဒသမ ၅၄ ဟက်တာ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ၂၆၄ ဒသမ ၃၄ ဟက်တာ၊ ကချင်ပြည်နယ်တွင် ၂၈ ဟက်တာ၊ ကယားပြည်နယ်တွင် ၄၇ ဒသမ ၂၀ ဟက်တာ၊ ချင်းပြည်နယ်တွင် ၂၈ ဒသမ ၀၃ ဟက်တာနှင့် မကွေးတိုင်းဒေသကြီးတွင် ၄၇ ဒသမ ၁၃ ဟက်တာ စုစုပေါင်း ဘိန်းစိုက်ဧရိယာ ၃၅၃၅ ဒသမ ၇၄ ဟက်တာကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**





## မိန့်ခွန်းပြောကြား

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဝန်ကြီးချုပ်များအနေနဲ့ ယခုထက် တိုးတက်ဆောင်ရွက် နိုင်မယ့်အခြေအနေရောက်အောင် ထိထိရောက်ရောက် တွန်းအားပေးဆောင်ရွက်ပေးသွားကြရန် ဖြစ်ပါတယ်။ အလားတူ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မတီအဆင့်ဆင့်ကိုလည်း ချမှတ်ထားတဲ့ မူဝါဒ၊ လုပ်ငန်းစဉ်များအား ပိုင်နိုင်စွာလေ့လာမှတ်သားစေပြီး ကြပ်မတ်ဆောင်ရွက်သွားကြရန်လည်း တာဝန်ရှိပါတယ်။

### ပီပီပြင်ပြင် အကောင်အထည်ဖော်

ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနဲ့ ပတ်သက်ပြီး ဗဟိုကော်မတီဥက္ကဋ္ဌဖြစ်တဲ့ ဒုတိယသမ္မတ (၂) က နိုင်ငံတော်သမ္မတနဲ့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ လစဉ်တင်ပြလျက်ရှိရာမှာ တိုင်ကြားစာစိစစ်ချက်များတွင် **အသုံးပြုရန် လိုအပ်ချက်အရ မစွန့်လွှတ်သည့် ကိစ္စရပ်များ** ပေါ်တွင် ချမှတ်ထားသော မူဝါဒများနှင့် ကိုက်ညီမှု ရှိ၊ မရှိ အသေးစိတ် စိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ **ဥပဒေနှင့် ညီညွတ်မှုမရှိဘဲ သိမ်းဆည်းပြီးကတည်းက ယခုအချိန်ထိ အသုံးပြုခဲ့ခြင်းမရှိဘဲ နောင်တွင် အသုံးပြုရန်ရှိနေသည်၊ လုပ်ငန်းဆောင်ရွက်ရန် ရှိနေသည်**ဟုဆိုတာ မူဝါဒနှင့်ဆန့်ကျင် နေသဖြင့် လုံးဝမဖြစ်သင့်ပါ။ ဒါ့ကြောင့် နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်များနှင့်အညီ အလေးထားလိုက်နာကာ စိစစ်ဆောင်ရွက်သွားကြရန် လိုအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအနေနဲ့ နိုင်ငံတော် အစိုးရရဲ့မူဝါဒများကို ပီပီပြင်ပြင်အကောင်အထည်ဖော်ပေးကြရန် အထူးတာဝန်ရှိကြပါတယ်။

### မူလပိုင်ရှင်များထံ အမြန်ဆုံးအပ်နှံ

နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခဲ့တဲ့ မတ်လ ၃၀ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ဦးစားပေးဆောင်ရွက်သွားမယ့် ရည်မှန်းချက်ပန်းတိုင်မှာ **ဥပဒေမဲ့သိမ်းဆည်းထားတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးရရှိရေးတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ဖို့ဆိုပြီး** ကဏ္ဍတစ်ရပ်အနေနဲ့ ပါဝင်တာကြောင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ရဲ့ စိစစ် တွေ့ရှိချက်၊ သဘောထားမှတ်ချက်များအပေါ် အခြေခံကာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက မှန်မှန်ကန်ကန် ဆောင်ရွက်ပေးကြရန် လိုအပ်ပါတယ်။ ဗဟိုကော်မတီ အနေနဲ့လည်း သက်ဆိုင်ရာဝန်ကြီးဌာန၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့ရဲ့ သဘောထားရယူပြီး မြန်မြန်ဆန်ဆန် ဆုံးဖြတ်ပေးသွားရန် လိုအပ်ပါတယ်။ စွန့်လွှတ်မြေများနဲ့ပတ်သက်လို့ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မူလပိုင်ရှင်များထံ အမြန်ဆုံးအပ်နှံသွားရန်နဲ့ မစွန့်လွှတ်ရသေးတဲ့ သိမ်းဆည်းမြေများအပေါ် ကော်မတီ အဆင့်ဆင့်က ထိထိရောက်ရောက် အမြန်ဆုံးစိစစ်ပေးကြရန် လိုအပ်ပါတယ်။

သိမ်းဆည်းခံမြေများအား သက်ဆိုင်ရာကော်မတီအသီးသီးက ပြန်လည်စိစစ်ရာမှာ အဆင်ပြေချောမွေ့မှုမရှိစေရန် အဟန့်အတားဖြစ်စေတဲ့၊ စွန့်လွှတ်ပြီး မြေများအားအပ်နှံပေးရန် အနှောင့်အယှက်ဖြစ်စေတဲ့၊ စွန့်လွှတ်ပြီးမြေများအား အပ်နှံပြီးသော်လည်း ယာယီလွှဲပြောင်း ပေးရန်အခက်အခဲလုပ်နေတဲ့၊ အသုံးချပိုင်ခွင့် အမည်ပေါက်ရရှိစေရန် အကျပ်အတည်းဖြစ်စေတဲ့၊ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း လိုအပ်သလို အရေးယူကြရန် ဖြစ်ပါတယ်။

### ကျူးကျော်များဝင်ရောက်နေမှုအား ရှင်းလင်း

နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများရဲ့သိမ်းဆည်းခံရတဲ့ လယ်ယာခြံမြေများအပေါ် နိုင်ငံတော်ရဲ့မူဝါဒနှင့်အညီ ပြန်လည်စွန့်လွှတ်ပေးကြရန်၊ စွန့်လွှတ်ရန်မဖြစ်နိုင်တဲ့ သိမ်းဆည်းခံလယ်ယာခြံမြေများအတွက် လျော်ကြေး၊ နစ်နာကြေးပေးကြရန်၊ စွန့်လွှတ်မြေများကို အမြန်ဆုံးပြန်လည်အပ်နှံပေးနိုင်ရေး၊ အမည်ပေါက်ရရှိစေရေးတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန်၊ ပြန်လည်စွန့်လွှတ်မြေများအား မသက်ဆိုင်သူ လက်ဝယ်သို့ရောက်ရှိခြင်းမရှိစေဘဲ သက်ဆိုင်သူ တောင်သူများထံသို့သာ အမြန်ဆုံးရောက်ရှိစေရေး စိစစ်ပေးကြရန်၊ စွန့်လွှတ်မြေများပေါ်တွင် ကျူးကျော်များဝင်ရောက်နေမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်းပေးကြရန်၊ နိုင်ငံတော်နှင့် အများပြည်သူအကျိုးအတွက် သိမ်းဆည်းမြေများကို နိုင်ငံတော်က ချမှတ်ထားတဲ့မူဝါဒ၊ လုပ်ငန်းစဉ်များနဲ့အညီ မှန်ကန်စွာ စီမံခန့်ခွဲပေးကြရန်တို့ကို ဗဟိုကော်မတီဝင်များနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ကော်မတီဥက္ကဋ္ဌများဖြစ်ကြတဲ့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်များက လိုအပ်တာထက် အချိန်ဆွဲဖြေရှင်းခြင်း မပြုကြဘဲ အမြန်ဆုံးပြီးစီးအောင် အားသွန်ခွန်စိုက် စီမံခန့်ခွဲဆောင်ရွက်ပေးကြရန် အထူးလိုအပ်ကြောင်း တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

# လူငယ်တွေ အနီးနားမှာ မူးယစ်ဆေးဝါးတွေ လက်လှမ်းမီရရှိနေတာမျိုး မဖြစ်စေဖို့ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၆

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက် မိန့်ခွန်းပြောကြားခဲ့သည်။**

**နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

ဒီကနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနဲ့ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုအဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများနဲ့ အခြားဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

၁၉၈၇ ခုနှစ်မှာ ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၂၆ ရက်နေ့ကို ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ချိန်ကစပြီး ကမ္ဘာ့နိုင်ငံအသီးသီးနည်းတူ မြန်မာနိုင်ငံမှာလည်း နှစ်စဉ်ကျင်းပလာခဲ့တာ ဒီနှစ်ပါဆိုရင် (၃၁)ကြိမ် ရှိပြီဖြစ်ပါတယ်။

**ဧည့်သည်တော်များ ခင်ဗျာ-**

ဒီနေ့ ကမ္ဘာမှာ မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းကြရာမှာ နိုင်ငံအစိုးရများရဲ့ နောက်ခံသမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အရင်းအမြစ်ပိုင်ဆိုင်မှု၊ တည်နေရာနဲ့ ပထဝီမြေအနေအထားတို့အပေါ်မှာ အခြေခံပြီး ချဉ်းကပ်မှုပုံစံအမျိုးမျိုးနဲ့ ကြိုးပမ်းဆောင်ရွက်နေကြတာကို တွေ့ရှိရပါတယ်။

သို့သော်လည်း မူးယစ်ဆေးဝါးပြဿနာဟာ ပိုမိုရှုပ်ထွေးကြီးမားလာပြီး ပြည်သူလူထုရဲ့ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံစီးပွားရေးတို့ကို အမျိုးမျိုးပျက်သုဉ်းစေသလို နိုင်ငံဖြတ်ကျော်မှုခင်းတွေနဲ့ အကြမ်းဖက်မှုခင်းတွေရဲ့ အကျိုးဆက်ရလဒ်အဖြစ် နယ်မြေတည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးကိုပါ ထိခိုက်လိုက်စားလာကြောင်း တွေ့ရှိရပါတယ်။

၂၀၁၇ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာအရ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အရွယ်မတိုင်ခင် သေဆုံးသူပေါင်း ၁၉၀၀၀၀(တစ်သိန်းကိုးသောင်း) ကျော်ရှိပြီး မူးယစ်ဆေးဝါးနဲ့ ဆက်နွယ်တဲ့ HIV ရောဂါ၊ အသည်းရောင်အသားဝါရောဂါနဲ့ TB ရောဂါကူးစက်မှုတွေဟာ မြင့်တက်လာကြောင်း တွေ့ရှိရပါတယ်။

## နည်းပညာအသုံးချ စုံစမ်းထောက်လှမ်း

ဂိုဏ်းဖွဲ့ကျူးလွန်သူတွေကလည်း ၎င်းတို့ ငွေကြေးရရှိရေးအတွက် မူးယစ်ဆေးဝါးကို အဓိကလုပ်ငန်းအဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိတာကြောင့် တရားမဝင်မူးယစ်ဆေးဝါးများ ထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်မှုကျူးလွန်ပုံကျူးလွန်နည်းများနဲ့ပတ်သက်ပြီး နည်းပညာအသုံးချ စုံစမ်းထောက်လှမ်းမှုများနဲ့ သက်ဆိုင်ရာ ဌာနဆိုင်ရာများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလိုအပ်လာကြောင်း တွေ့ရှိရပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့အတွက် မူးယစ်ဆေးဝါးဆိုင်ရာကွန်ဗင်းရှင်း(၃)ခုကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ ဒီကွန်ဗင်းရှင်းတွေနဲ့အညီ ဥပဒေတွေ ပြဋ္ဌာန်းပြီးဖြစ်သလို မူးယစ်ဆေးဝါးထိန်းချုပ်ရေး အာဏာပိုင်အဖွဲ့အစည်းတွေ ဖွဲ့စည်း၊ စီမံကိန်းတွေ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

## ဗဟိုအဖွဲ့ကိုလည်း ခေတ်စနစ်နဲ့ လျော်ညီအောင် ပြင်ဆင်ခဲ့

ဒါ့အပြင် ၁၉၇၆ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုလည်း ခေတ်စနစ်နဲ့ လျော်ညီအောင် စုစုပေါင်း (၆)ကြိမ် ပြင်ဆင်ခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိဖွဲ့စည်းပုံအရ မူးယစ်ဗဟိုအဖွဲ့ကို အဖွဲ့ဝင် ၁၆ ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့တွေကိုလည်း အဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်တွေ သတ်မှတ်ပေးထားပြီး ဖြစ်ပါတယ်။

ဘိန်းစိုက်တောင်သူတွေရဲ့ ဘဝကယ်တင်နိုင်ရေး၊ တောင်တန်းဒေသနေတိုင်းရင်းသားတွေရဲ့ လူမှုဘဝဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးသုံးစွဲသူတွေရဲ့ ဘဝပြန်လည်ထူထောင်ရေးတို့အတွက် မဟာဗျူဟာ ၂ ရပ်၊ နည်းဗျူဟာ ၃ ရပ် ချမှတ်ပြီး မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းတွေကို ၅ နှစ်စီ ၄ ပိုင်းခွဲပြီးတော့ ဆောင်ရွက်နေတာဖြစ်ပြီး ဒီစီမံကိန်းကာလဟာ ၂၀၁၉ ခုနှစ်မှာ ကုန်ဆုံးမှာ ဖြစ်ပါတယ်။

## မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်

၂၀၁၆ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး ပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးညီလာခံ UNGASS အစည်းအဝေးရဲ့ လုပ်ငန်းအကြံပြုချက်တွေကို အခြေခံတဲ့ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ကိုလည်း ရေးဆွဲပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

ဒီမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအသစ်အရ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျှော့ချရေးနဲ့ အစားထိုးဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးအတွက် သုံးစွဲမှုနဲ့ နောက်ဆက်တွဲ အန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းတွေ တိုးမြှင့်ရေးနဲ့ လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များနဲ့အညီ ဖြစ်စေရေးစတဲ့ ကဏ္ဍပေါင်းစုံပါဝင်စေပြီး မူးယစ်ဆေးဝါးပြဿနာလျှော့ချစေခြင်းအားဖြင့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်သွားဖို့ပဲ ဖြစ်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

## နိုင်ငံတကာကွန်ဗင်းရှင်းများနဲ့အညီ

ဒီမူဝါဒကို အထောက်အကူဖြစ်စေဖို့အတွက် ၁၉၉၃ ခုနှစ် မူးယစ်ဥပဒေကိုလည်း ပြန်လည်သုံးသပ်ခဲ့ပြီး ပြင်ဆင်တဲ့ဥပဒေကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတကာ ကွန်ဗင်းရှင်းများနဲ့အညီ ကျွန်တော်တို့ရဲ့ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ ဖွဲ့စည်းမှုတွေကို စနစ်တကျ စီမံဆောင်ရွက်နေတဲ့ အပိုင်းတွေ ဖြစ်ပါတယ်။

**ဧည့်သည်တော်များ ခင်ဗျာ-**

၂၀၁၇ ခုနှစ် UNODC ရဲ့ အစီရင်ခံစာအရ ဘိန်းစိုက်ပျိုးမှုမှာ ၂၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ထုတ်လုပ်မှုမှာလည်း ၁၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါတယ်။

မိမိတို့နိုင်ငံအနေနဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို ၂၀၁၃ ခုနှစ်မှ စတင်တိုးချဲ့ဖွဲ့စည်းပြီး ဒေသအလိုက် အထူးစစ်ဆင်ရေး ၂၃ ခုကို ၂၀၁၃ ခုနှစ်၊ မေလမှ ၂၀၁၈ ခုနှစ်၊ ယနေ့အချိန်အထိ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈

**၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်အတွင်း ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးအမှုပေါင်း ၁၃၆၄၀ မှု ရှိခဲ့ပြီး ကာလတန်ဖိုးမှာ ကျပ်သန်းပေါင်း ၅၂၀၀၀၀ ကျော်ဖြစ်**

**UNODC နဲ့ ပူးပေါင်းပြီး စိုက်ပျိုးမြေဖော်ထုတ်မှု၊ ကော်ဖီစိုက်ပျိုးသူများ သမဝါယမအသင်း တည်ထောင်မှု၊ သစ်တောများ စိုက်ပျိုးနိုင်ရေးစီမံခန့်ခွဲမှု၊ ကျွန်းစိုက်ခင်းများ ဖော်ထုတ်မှုနဲ့ ဈေးကွက်ဖော်ဆောင်မှုတွေကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့**

ခုနှစ်အတွင်း ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးအမှုပေါင်း ၁၃၆၄၀ မှုရှိခဲ့ပြီး ကာလတန်ဖိုးမှာ ကျပ်သန်းပေါင်း ၅၂၀၀၀၀ ကျော် ဖြစ်ပါတယ်။ ဒါ့အပြင် မူးယစ်ဗဟိုအဖွဲ့ရဲ့ အောက်မှာ ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပြီး ပြည်ပမှ တင်သွင်းလာတဲ့ ဓာတုပစ္စည်းများ လမ်းလွဲမရောက်အောင်လည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

## အစားထိုးသီးနှံများ စိုက်ပျိုး

နိုင်ငံတော်အစိုးရအနေနဲ့ ဘိန်းစိုက်ပျိုးရာဒေသများမှာ လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေးနဲ့ စိုက်ပျိုးမြေဖော်ထုတ်ရေး၊ ရေနှင့်စွမ်းအင်ရရှိရေး၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးခြင်းနဲ့ သာသနာရေး အဆောက်အဉီများ တည်ဆောက်ပေးခြင်း၊ တစ်ပိုင်တစ်နိုင်သားငါးမွေးမြူရေးနှင့် အစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေးတို့ကိုလည်း အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

ဒါ့ပြင် UNODC နဲ့ ပူးပေါင်းပြီး စိုက်ပျိုးမြေ ဖော်ထုတ်မှု၊ ကော်ဖီစိုက်ပျိုးသူများ သမဝါယမအသင်းတည်ထောင်မှု၊ သစ်တောများ စိုက်ပျိုးနိုင်ရေးစီမံခန့်ခွဲမှု၊ ကျွန်းစိုက်ခင်းများ ဖော်ထုတ်မှုနဲ့ ဈေးကွက်ဖော်ဆောင်မှုတွေကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**ဧည့်သည်တော်များ ခင်ဗျာ-**

မူးယစ်ဆေးစွဲနေသူတွေကို ကုသပေးနိုင်ဖို့အတွက် မူးယစ်ဆေးစွဲကုသရေးဌာနကြီး ၂၆ ခုနဲ့ ဌာနငယ် ၄၇ ခုတို့ကိုလည်း ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကုသရေးနည်းလမ်းတစ်ခုအဖြစ် မက်သာဒုန်း တိုက်ကျွေးတဲ့ဌာန ၅၁ ခု ကိုလည်း မူးယစ်ဆေးဝါးသုံးစွဲမှုများတဲ့ မြို့နယ်များမှာ ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီးဖြစ်သလို One Stop Service စနစ်ဖြင့် ဆေးကုသပေးနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

## နိုင်ငံတကာနဲ့ ပူးပေါင်းပြီး သင်တန်းများ ပို့ချ

ဒါ့အပြင် မူးယစ်ဆေးဝါးကြောင့် ကူးစက်တတ်သောရောဂါများအန္တရာယ် လျှော့ချရေးလုပ်ငန်းတွေကိုလည်း UNAIDS၊ INGO၊ NGO များနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ကုသရေးဝန်ဆောင်မှုပေးသူများရဲ့ စွမ်းဆောင်ရည်နဲ့ ဝန်ဆောင်မှုအရည်အသွေး မြင့်မားရေးအတွက်ကိုလည်း နိုင်ငံတကာနဲ့ ပူးပေါင်းပြီး သင်တန်းများ ပို့ချပေးလျက်ရှိပါတယ်။

ပြန်လည်ထူထောင်ရေး အပိုင်းမှာတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူပြီး ပြန်လည်ထူထောင်ရေးစခန်း ၁၂ ခုကို ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ ဒီစခန်းတွေမှာ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ သင်ကြားပေးခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြင်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြန်လည်ထူထောင်ပြီးသူတွေ လူ့အသိုင်းအဝိုင်းအတွင်းကို ပြန်လည်ရောက်ရှိတဲ့အခါ ဆေးဝါးပြန်လည် မသုံးစွဲစေဖို့အတွက်ကိုလည်း စေတနာ့ဝန်ထမ်းအသင်းများ ဖွဲ့စည်းပြီး နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

## အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းများ ပို့ချ

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းစေဖို့ ကြိုတင်အသိပညာပေးတဲ့အနေနဲ့ မှုခင်းကျဆင်းရေးယာဉ်တွေကို ရပ်ကွက်ကျေးရွာအဆင့်အထိ အရောက်သွားပြီး အသိပညာပေးခြင်း၊ နံရံကပ်စာစောင်နဲ့ ဆောင်ပုဒ်များ ဖြန့်ဝေခြင်း၊ ကျောင်းသင်ခန်းစာတွေမှာ ထည့်သွင်းသင်ကြားခြင်း၊ အသိပညာပေးပြပွဲ၊ ပြိုင်ပွဲများ ကျင်းပခြင်းနဲ့ ကျောင်းဆရာ၊ ဆရာမများအတွက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းများ ပို့ချခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ပြန်ကြားရေးဝန်ကြီးဌာနကလည်း မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူများထံ အသိပညာများ တိုက်ရိုက်ရောက်ရှိစေဖို့ ရည်ရွယ်ပြီး နယ်လှည့်စာကြည့်တိုက်များဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ကတစ်ဆင့်လည်း မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာသတင်း၊ တေးသီချင်းနဲ့ဇာတ်လမ်းတွေကို တိုင်းရင်းသားဘာသာစကားမျိုးစုံဖြင့် ထုတ်လွှင့်ပေးခြင်းနဲ့ စာစောင်၊ ဂျာနယ်တို့မှာ ပညာပေး ဇာတ်လမ်းများ၊ ဆောင်းပါးများ၊ ကာတွန်းများ ထည့်သွင်းဖော်ပြခြင်း စသည်ဖြင့် အသိပညာပေးမှုများ ဆောင်ရွက်လျက် ရှိပါတယ်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအပိုင်းအနေနဲ့ ဒေသတွင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေး သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် ကုလသမဂ္ဂနဲ့လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်။

**ဧည့်သည်တော်များ ခင်ဗျာ-**

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုလွှတ်တော်မှာ ကတိသစ္စာပြုခဲ့တဲ့အချိန်မှာ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းဖို့ ပြောကြားခဲ့သလို မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ချိန်မှာလည်း မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းနိုင်ဖို့အတွက် အဓိက ထုတ်လုပ်၊ ဖြန့်ဖြူး၊ သိုလှောင်တဲ့ လက်ကြီးသမားတွေကို ဦးစားပေးနှိမ်နင်းဖို့၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးတွေ ဖောဖောသီသီ ရောင်းဝယ်ဖောက်ကားနေတာတွေကို မသိချင်ယောင်ဆောင်ထားတဲ့၊ သိလျက်နဲ့ လွှတ်ထားတဲ့ ဖြစ်စဉ်မျိုးတွေ ဖြစ်လာရင် အဓိကတာဝန်ရှိသူတွေကို ဦးစားပေးပြီး အရေးယူမှုတွေပြုလုပ်ဖို့၊ ကွင်းဆက်ပျောက်သွားတဲ့၊ ပိုင်ရှင်မဲ့ဖြစ်သွားတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမှုတွေကိုလည်း တင်းတင်းကျပ်ကျပ်ကိုင်တွယ်ဖို့၊ မူးယစ်ရဲတွေရဲ့ လုပ်ပိုင်ခွင့်ကို မြှင့်တင်ပေးပြီး တစ်ဖက်မှာလည်း ဆုပေးဒဏ်ပေးစနစ်ကို ထိထိရောက်ရောက်ဖြစ်အောင် ပြင်ဆင်ပေးဖို့၊ အခြေအနေအရ လိုအပ်ရင် ဗဟိုမှာ လျှပ်တစ်ပြက် ဖမ်းဆီးနိုင်တဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့တစ်ဖွဲ့ထားရှိပြီး ဆောင်ရွက်ဖို့ ပြောကြားခဲ့ပါတယ်။ ပြီးခဲ့တဲ့ မေလ ၃၁ ရက်နေ့မှာလည်း ကျွန်တော့်အနေနဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေကို တွေ့ဆုံပြီး အသေးစိတ်မှာကြားခဲ့ပြီး ဖြစ်ပါတယ်။ ဧပြီလ ၁ ရက်နေ့ကနေ ဇွန်လ ၁၉ ရက်နေ့အထိ မူးယစ်ဆေးဝါးဖမ်းဆီးရမိတဲ့ အမှုပေါင်း ၂၂၄၁ မှု ရှိခဲ့ပြီးတော့ မူးယစ်တရားခံ စုစုပေါင်း ၃၁၇၅ ဦးကို အရေးယူထားပြီး ဖြစ်ပါတယ်။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

ဘာဖြစ်လို့ ကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါး ပြဿနာကို အလေးထား ဦးစားပေးပြီး ဆောင်ရွက်နေရပါသလဲ။ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်းမှာ တရားဥပဒေစိုးမိုးရေးကော်မတီ အတွင်းရေးမှူးအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လှည့်လည်သွားရောက်ခဲ့ချိန်မှာ ကျောင်းသား၊ ကျောင်းသူတွေဟာ ကျောင်းချိန်အတွင်းမှာကိုပဲ မူးယစ်ဆေးဝါးတွေ သုံးစွဲနေကြတာကို စိတ်မကောင်းဖွယ်ရာ ကြားသိတွေ့ရှိခဲ့ရပါတယ်။ စာသင်ကျောင်းတွေမှာတောင် မူးယစ်ဆေးဝါးကို ကျောင်းသားလူငယ်တွေ အဖိုးနည်းနည်းနဲ့ လက်လှမ်းမီ လွယ်လင့်တကူ သုံးစွဲနေကြတဲ့ သတင်းတွေ ကြားသိခဲ့ရပါတယ်။

## စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်ပြီး ရာဇဝတ်မှုတွေ ထူပြောလာ

ဒါဟာ အလွန်ရင်နာစရာ ကောင်းပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်၊ ကျွန်တော်တို့နိုင်ငံရဲ့ မျှော်လင့်ချက်တွေဖြစ်တဲ့ ဒီကနေ့ လူငယ်တွေဟာ မူးယစ်ဆေးဝါးတွေကို လွယ်လွယ်ကူကူရရှိပြီး မူးယစ်သားကောင်တွေ ဖြစ်နေကြရတာဟာ တိုင်းပြည်ရဲ့အနာဂတ်ကို ကျရှုံးမှုနွံတွင်းထဲ တွန်းပို့နေသလိုပဲ ကျွန်တော် ခံစားရပါတယ်။ ဘာဖြစ်လို့ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ မူးယစ်ဆေးဝါးတွေကို ဒီလိုမျိုး ဖောဖောသီသီ ရရှိနေကြတာလဲ။ ပြန်ကြည့်လိုက်ရင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဒဏ်ကြောင့် တရားဥပဒေစိုးမိုးရေးကို နယ်စပ်ဒေသတွေအထိ ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာ ဖြန့်ကြက်နိုင်ခြင်းမရှိတဲ့အတွက် ဝေးလံခေါင်းပါးပြီး ဖွံ့ဖြိုးမှုနောက်ကျ ကျန်ရစ်ခဲ့တဲ့ဒေသတွေမှာ ဘိန်းစိုက်ပျိုးမှု၊ ဘိန်းဖြူနဲ့ စိတ်ကြွဆေးဝါးထုတ်လုပ်မှုတွေ ခိုင်မာအားကောင်းနေခဲ့ပြီး ထိရောက်စွာ နှိမ်နင်းနိုင်ခြင်း၊ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း လစ်ဟင်းမှုတွေကြောင့် ဖြစ်ပါတယ်။ လွယ်လွယ်ကူကူ ရရှိနိုင်မှုရဲ့ အကျိုးဆက်အနေနဲ့ သုံးစွဲမှုတွေ မြင့်တက်လာနေတာတွေကို စိတ်မကောင်းဖွယ်ရာ တွေ့ရှိရပါတယ်။ လူငယ်လူရွယ်တွေအကြားမှာ မူးယစ်ဆေးဝါး သုံးစွဲမှုနှုန်း မြင့်တက်လာတာနဲ့အမျှ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်ပြီး ရာဇဝတ်မှုတွေ ထူပြောလာတာတွေလည်း ဆိုးကျိုးသံသရာ ဖြစ်ပေါ်နေပါတယ်။

မကြာသေးခင်ကပဲ မန္တလေးတိုင်းဒေသကြီးမှာ မူးယစ်ဆေးဝါးတွေ ရောင်းဝယ်ဖောက်ကားနေတဲ့ သတင်းတွေ လူမှုကွန်ရက်ပေါ်ရောက်ရှိပြီး ပျံ့နှံ့လာတဲ့အတွက် တိုင်းဒေသကြီးအစိုးရရဲ့ အစီအစဉ်နဲ့ ဝင်ရောက်ဖမ်းဆီးခဲ့ရပါတယ်။ အဲဒီအနီးနားမှာ နေထိုင်ကြတဲ့ ပြည်သူတွေ မသိကြဘူးလား မေးကြည့်တော့ သိကြပါတယ်။ သူတို့ကို ရန်ရှာအန္တရာယ်ပြုမှာကို စိုးရိမ်တဲ့အတွက် ဘယ်သူ့ကိုမှ သတင်းမပေးရဲကြဘူးဆိုတာ သိရပါတယ်။ ဒီအချက်ဟာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရရှိနိုင်ဖို့အတွက် အရေးကြီးတဲ့ အချက်ပေးမှုတစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူတွေ၊ သားသမီးတွေရဲ့ မိဘတွေ၊ ကျောင်းသား လူငယ်တွေရဲ့ ဆရာ၊ ဆရာမတွေအနေနဲ့ မျိုးဆက်သစ်လူငယ်များရဲ့ ရှေ့ရေးမို့ မူးယစ်ဆေးဝါးနှိမ်နင်းရေးကို ကျွန်တော်တို့နဲ့အတူ အလေးအနက်ထားကြဖို့ လိုအပ်ပါတယ်။

ဒီကနေ့ ဒီအချိန်မှာ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့မျိုးဆက်သစ်လူငယ်တွေကို လူညွှန့်တုံးစေမယ့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရန် တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံးရဲ့ အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အဖြစ် အရှိန်အဟုန် မြှင့်တင်ကြိုးပမ်းကြဖို့ အထူးပဲအရေးကြီးပါတယ်။ ဒီကနေ့ ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို မတိုက်ဖျက်နိုင်ဘူးဆိုရင် နောင်လာမယ့် ဆယ်စုနှစ်အတွင်းမှာ ကျွန်တော်တို့နိုင်ငံရဲ့အနေအထားဟာ မတွေးဝံ့စရာအခြေအနေကို ဆိုက်ရောက်လာနိုင်ပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ဖြည်းဖြည်းချင်း ဝါးမျိုပြီး ကျွန်တော်တို့ရဲ့ လူငယ်တွေကို အညွှန့်ချိုးနေတဲ့၊ ကျွန်တော်တို့ နိုင်ငံရဲ့ဂုဏ်သိက္ခာနဲ့ အနာဂတ်ကို တစ်စစီ နင်းချေပစ်နေတဲ့ ဒီမူးယစ်ဆေးဝါးအန္တရာယ်ကို ကျွန်တော်တို့အားလုံး ပြည်သူနဲ့အတူ စုပေါင်းပြီးနှိမ်နင်းကြဖို့ အထူးအလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်။

**ညီ့သည်တော်များ ခင်ဗျာ-**

ရှေ့ဆက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ -

- မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနဲ့ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတွေ တိုက်ဖျက်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံတွေအပါအဝင် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။
- မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူတွေအကြားမှာ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ဖို့ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ အစိုးရအဖွဲ့အစည်းတွေအပြင် ကျွန်တော်တို့ရဲ့ပုဂ္ဂလိကမီဒီယာတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်သွားမှာ ဖြစ်ပါတယ်။
- မူးယစ်ဆေးဝါး သုံးစွဲသူတွေကို ဆေးကုသပေးဖို့၊ ပြန်လည်ထူထောင်ပေးဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ပြန်လည်ပေါင်းစည်းနိုင်ဖို့ ပရဟိတအဖွဲ့အစည်းတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ကျွန်တော်တို့ ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။
- ကျွန်တော်တို့ရဲ့ စာသင်ကျောင်းတွေရဲ့ အနီးအနားမှာ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေ ကင်းစင်စေဖို့၊ ကျွန်တော်တို့ရဲ့ လူငယ်တွေအနီးနားမှာ မူးယစ်ဆေးဝါးတွေ လက်လှမ်းမီရရှိနေတာမျိုး မဖြစ်စေဖို့၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေအနေနဲ့ ကျောင်းသား၊ မိဘ၊ ဆရာ၊ ဆရာမတွေအပြင် လူထုအခြေပြုလူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။
- တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နဲ့ အောက်ခြေအထိ ဖွဲ့စည်းထားပြီးဖြစ်တဲ့ ဒေသဆိုင်ရာ မူးယစ်ဆေးဝါးတားဆီးကာကွယ် နှိမ်နင်းရေးအဖွဲ့တွေထံသို့ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကား သယ်ယူပို့ဆောင်ခြင်းနှင့် စပ်လျဉ်းပြီး ပြည်သူများက တိုင်ကြားကြရန် လိုအပ်ပါတယ်။ ဒီအဖွဲ့များရဲ့ ဆောင်ရွက်မှုတွေ၊ အားသာချက်၊ အားနည်းချက်၊ ထိရောက်မှုနဲ့ လိုအပ်ချက်တွေကို ပြန်လည်သုံးသပ်ပြီး ဒေသခံပြည်သူတွေ၊ ဒေသခံလူမှုအဖွဲ့အစည်းတွေ ပါဝင်နိုင်ရေးကိုလမ်းဖွင့်ပြီး ပိုပြီးထိရောက်၊ ပိုပြီး ခိုင်မာတဲ့ အပြောင်းအလဲတွေ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

## စီးပွားရေးအခွင့်အလမ်းတွေ ရရှိနိုင်အောင် ကြိုးပမ်း

- အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ဆက်စပ်ပြီးတော့လည်း တိုင်းရင်းသားဒေသတွေမှာ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့ ဒေသဖွံ့ဖြိုးရေးနဲ့ တရားဝင်စီးပွားရေးအခွင့်အလမ်းတွေ ရရှိနိုင်အောင်လည်း ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းအဆင့်ဆင့်မှာ ပြည်သူတွေရဲ့ပါဝင်မှုကို မြှင့်တင်နိုင်ဖို့ ဆုငွေချီးမြှင့်ရေးအစီအစဉ်တွေ၊ အကာအကွယ်ပေးရေး အစီအမံတွေ၊ သတင်းအချက်အလက် လုံခြုံရေးစနစ်တွေကို အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။
- ဒီလိုဆောင်ရွက်ရာမှာ သတင်းပေးသူတွေနဲ့ ပေးပို့လာတဲ့ သတင်းအချက်အလက်တွေရဲ့လုံခြုံမှုကို အထူးဂရုပြုတဲ့အနေနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွေ၊ ရောင်းဝယ်ဖောက်ကားမှုတွေနဲ့ စပ်လျဉ်းပြီး သတင်းပေးတိုင်ကြားနိုင်မယ့် မူးယစ်ဆေးဝါးအထူးသတင်း တိုင်ကြားရေးဌာနတစ်ခုကို ကျွန်တော်တို့ရဲ့ နိုင်ငံတော်သမ္မတရုံးမှာ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ တိုင်ကြားသူတွေ၊ သတင်းပေးသူတွေအနေနဲ့ ဒီဌာနကို ဆက်သွယ်တိုင်ကြားနိုင်မယ့် ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ အီးမေးလ်လိပ်စာတွေကို အမြန်ဆုံး ထုတ်ပြန်ကြေညာပေးမှာ ဖြစ်ပါတယ်။ တိုင်ကြားသူတွေရဲ့ လုံခြုံရေး၊ သတင်းအချက်အလက် မပေါက်ကြားရေးအတွက် လုံခြုံမှုအဆင့်အတန်း သတ်မှတ်ဆောင်ရွက်တဲ့ လုပ်ထုံးလုပ်နည်းတစ်ရပ်ကိုလည်း ချမှတ်ပေးထားပြီး ဖြစ်ပါတယ်။

## အထူးအဖွဲ့ကို သီးခြားဖွဲ့စည်းထားရှိပြီးဖြစ်

- မူးယစ်ဆေးဝါးစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းတွေကို ထိထိရောက်ရောက် ဖော်ထုတ်ပြီး ပြစ်ဒဏ်ချမှတ်နိုင်ဖို့၊ ဒီလိုဖော်ထုတ်ရာမှာလည်း ကွင်းဆက်အားလုံး မပျောက်ပျက်အောင် အဆုံးအထိ စုံစမ်းဖော်ထုတ်နိုင်ဖို့၊ မူးယစ်တိုက်ဖျက်ရေးမှာ သတင်းပေါက်ကြားမှုတွေ မဖြစ်ပေါ်စေအောင် ဗဟိုအဖွဲ့ရဲ့ တိုက်ရိုက်ကွပ်ကဲကြီးကြပ်မှုအောက်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးအဖွဲ့ကို သီးခြားဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။
- သတင်းပေးတိုင်ကြားသူတွေ ပေးပို့လာတဲ့ သတင်းအချက်အလက်တွေကို အခြေခံပြီး ဗဟိုမှာဖွဲ့စည်းထားတဲ့ အထူးအဖွဲ့ကို စေလွှတ်သွားမှာ ဖြစ်ပါတယ်။ အထူးအဖွဲ့ရဲ့ လှုပ်ရှားဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက် မှန်သမျှ ပေါက်ကြားခြင်းမရှိအောင်၊ အချိန်တိုတိုအတွင်း လျင်လျင်မြန်မြန် ဖြန့်ကြက်ပြီး လျှပ်တစ်ပြက် သွားရောက်ဖမ်းဆီးနိုင်အောင် အမိန့်ပေးကွပ်ကဲမှုလမ်းကြောင်းကို အတိုဆုံးဖြစ်အောင် စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားရှိပြီးလည်း ဖြစ်ပါတယ်။
- သတင်းပေးတိုင်ကြားသူတွေရဲ့ တိုင်ကြားမှု၊ ဗဟိုမှာ ဖွဲ့စည်းထားတဲ့ အထူးအဖွဲ့ရဲ့ ဖော်ထုတ်ဖမ်းဆီးမှုတွေကြောင့် ဖော်ထုတ်အရေးယူမှုတွေ ထိထိရောက်ရောက် ဆောင်ရွက်နိုင်တဲ့အချိန်မှာ မူးယစ်ကုန်သည်တွေ၊ ရောင်းဝယ်ဖောက်ကားသူတွေရဲ့ တရားမဝင် ပိုင်ဆိုင်မှုတွေကို သတင်းပေး တိုင်ကြားသူ၊ လက်ရဖမ်းဆီးသူနဲ့ နိုင်ငံတော်အစိုးရ သင့်တင့်လျောက်ပတ်တဲ့ အချိုးအစားနဲ့ ပြန်လည်ခွဲဝေပေးမှာ ဖြစ်ပါတယ်။ သတင်းပေးတိုင်ကြားသူတွေကို ထိုက်ထိုက်တန်တန် ဆုကြေးချီးမြှင့်ပေးရာမှာ သူတို့ရဲ့လုံခြုံရေးကို အထူးဂရုပြုတဲ့အနေနဲ့ သတင်းထုတ်ပြန်ခြင်းပြုလုပ်မှာ မဟုတ်သလို နိုင်ငံတော်ရဲ့ ချီးမြှင့်ငွေဖြစ်တဲ့အတွက် အခွန်ကင်းလွတ်ခွင့် အထူးအခွင့်အရေးကိုလည်း ပေးအပ်သွားမှာ ဖြစ်ပါတယ်။

**ညီ့သည်တော်များ ခင်ဗျာ -**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ဒီနေ့အခမ်းအနားကို ကြွရောက်ချီးမြှင့်ကြတဲ့ ညီ့သည်တော်များ၊ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတဲ့ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ ဝတ္ထုတို၊ ဆောင်းပါးစတဲ့ပြိုင်ပွဲများမှာ အကဲဖြတ်ပေးကြတဲ့ အနုပညာနယ်ပယ်အသီးသီးက ပညာရှင်ကြီးများနဲ့ ဒီနေ့အခမ်းအနား တက်ရောက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဆောင်ပုဒ်ဖြစ်တဲ့ "Listen FIRST" ဆိုတဲ့အတိုင်း ကျွန်တော်တို့ မိသားစုတိုင်းအနေနဲ့ မိမိတို့ကလေးသူငယ်များရဲ့ ခံစားချက်တွေကို ဦးစွာနားထောင်ပေးပြီး သူတို့လေးတွေရဲ့ စာရိတ္တမဏ္ဍိုင်ခိုင်မာဖို့၊ အနာဂတ်ဘဝဖွံ့ဖြိုးတိုးတက်ဖို့၊ ကျန်းမာဖို့နဲ့ ဘေးကင်းလုံခြုံဖို့အတွက် ကိုယ်စီတာဝန်ရှိတယ်ဆိုတဲ့အသိနဲ့ စီမံဆောင်ရွက်ပေးကြပါ၊ ဝိုင်းဝန်းပံ့ပိုးကူညီပေးကြပါလို့ အလေးအနက် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်**

၁။ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်မည်။

၂။ မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများအပြင် ပုဂ္ဂလိကမီဒီယာများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည်။

၃။ မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးကုသပေးရန်၊ ပြန်လည်ထူထောင်ပေးရန်၊ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းနိုင်ရန် ပရဟိတအဖွဲ့အစည်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်မည်။

၄။ စာသင်ကျောင်းများအနီး၊ လူငယ်များအနီးတွင် မူးယစ်ဆေးကင်းစင်ရန် **တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ** သည် ကျောင်းသား၊ မိဘ၊ ဆရာများအပြင် လူထုအခြေပြုလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည်။

၅။ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် အောက်ခြေအထိ ဖွဲ့စည်းထားသည့် ဒေသဆိုင်ရာ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့များ၏ ဖွဲ့စည်းဆောင်ရွက်မှု၊ အားသာချက်၊ အားနည်းချက်၊ ထိရောက်မှုနှင့် လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး **ပိုမိုထိရောက်၊ ခိုင်မာသည့် အပြောင်းအလဲများ** ဆောင်ရွက်မည်။

၆။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ဆက်စပ်ပြီး **တိုင်းရင်းသားဒေသများ**တွင် မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး ဒေသဖွံ့ဖြိုးရေးနှင့် တရားဝင်စီးပွားရေးအခွင့်အလမ်းများ ရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်။

၇။ မူးယစ်ဆေးဝါး ထုတ်လုပ်မှု ၊ ရောင်းဝယ်ဖောက်ကားမှုများကို လုံခြုံစွာသတင်းပေးတိုင်ကြားနိုင်မည့် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** ကို နိုင်ငံတော်သမ္မတရုံးတွင်ဖွဲ့စည်းထားရှိပြီးဖြစ်ကာ ဆက်သွယ်တိုင်ကြားနိုင်မည့် ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ အီးမေးလ်လိပ်စာများကို အမြန်ဆုံး ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး တိုင်ကြားသူများ၏ လုံခြုံရေး၊ သတင်းအချက်အလက် မပေါက်ကြားရေးအတွက် လုံခြုံမှုအဆင့်အတန်း သတ်မှတ်ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်း ချမှတ်ပေးထားပြီးဖြစ်သည်။

၈။ ဗဟိုအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲကြပ်မတ်မှုအောက်တွင် **"မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးအဖွဲ့"** ကို သီးခြားဖွဲ့စည်းထားရှိပြီးဖြစ်ကာ သတင်းပေးတိုင်ကြားချက်များကို အခြေခံပြီး အထူးအဖွဲ့ကို စေလွှတ်သွားမည်ဖြစ်ပြီး အမိန့်ပေးကွပ်ကဲမှုလမ်းကြောင်း အတိုဆုံးဖြစ်အောင် စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်သည်။

၉။ မူးယစ်ဆေး ရောင်းဝယ်ဖောက်ကားသူများ၏ တရားမဝင်ပိုင်ဆိုင်မှုများကို သတင်းပေးတိုင်ကြားသူ၊ လက်ရဖမ်းဆီးသူနှင့်နိုင်ငံတော်အစိုးရသင့်တင့်သောအချိုးအစားဖြင့် ခွဲဝေပေးမည်ဖြစ်ကာ **သတင်းပေးတိုင်ကြားသူများ၏ လုံခြုံရေး** အတွက် သတင်းထုတ်ပြန်ခြင်းပြုလုပ်မည်မဟုတ်သလို နိုင်ငံတော်၏ ချီးမြှင့်ငွေဖြစ်သည့်အတွက် အခွန်ကင်းလွတ်ခွင့်ပေးအပ်မည်။

**"လုံခြုံစိတ်ချ - သတင်းပေးကြ"**

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် "**မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန**"ကို နိုင်ငံတော်သမ္မတရုံး၏ ၂၂-၆-၂၀၁၈ ရက်စွဲပါ ရုံးအမိန့်အမှတ် (၁၈၇/၂၀၁၈) ဖြင့် ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ပါ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူများအနေဖြင့် တိုင်ကြားနိုင်ရန် ယင်းဌာနတွင် သီးသန့်တယ်လီဖုန်း၊ သီးသန့်ဖက်စ်ဖုန်း၊ သီးသန့်အီးမေးလ်လိပ်စာများ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသဖြင့် ရုံးချိန်အတွင်း အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇- ၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇- ၅၉၀၂၃၃ |
| အီးမေးလ် လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

# ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ် National Democratic Institute ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် National Democratic Institute (NDI) ဥက္ကဋ္ဌ Mr. Kenneth Wollack အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲမှုတွင် လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းလာစေရေးအတွက် ကူညီဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးအတွက် အကူအညီပေးနေမှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် National Democratic Institute (NDI) ဥက္ကဋ္ဌ Mr. Kenneth Wollack အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောက်ရှိ၊ ပေကျင်းမြို့အတွင်း ကြည့်ရှုလေ့လာ



**နေပြည်တော် ဇွန် ၂၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် အဖွဲ့သည် ဇွန် ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် ရောက်ရှိကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက်အဖွဲ့ဝင် Mr. Dan Zhu Ang Ben နှင့် တာဝန်ရှိသူများ၊တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက ပေကျင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ပေကျင်းမြို့ Zhongguancun ရှိ Creation of a small town ကို သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လုပ်ငန်းသစ်ဖော်ဆောင်မှုကိစ္စရပ်များနှင့် ဓာတ်မြေသြဇာ အသုံးမပြုဘဲ သဘာဝစိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ Huawei ပေကျင်း ပြခန်းကို သွားရောက်လေ့လာရာ Huawei ကုမ္ပဏီမှ တာဝန်ရှိသူများက ICT နည်းပညာများဖြင့် မြို့ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိန်တိုအတွင်း ထောက်ပံ့ပေးနိုင်မှုများ၊ ဆက်သွယ်ရေးပိုင်း၊ လျှပ်စစ်မီးလိုင်းများနှင့် ပတ်သက်၍ ပံ့ပိုးပေးနိုင်မှုများကို ရှင်းလင်းပြသကြသည်။

ထို့နောက် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပေကျင်းမြို့ရှိ မဟာတံတိုင်းကြီး (Great Wall) ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ကျောက်ယုထိုင်နိုင်ငံတော် ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei နှင့် တွေ့ဆုံဆွေးနွေးသည်။ (ဓါတ်ပုံ)

ထို့နောက် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း အီတလီနိုင်ငံ သံအမတ်ကြီးနှင့် NDI ကိုယ်စားလှယ်အဖွဲ့အား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၆**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E. Mr.Pier Giorgio Aliberti အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11)၌ လည်းကောင်း၊ အမေရိကန်နိုင်ငံ အခြေစိုက် National Democratic Institute(NDI) ၏ ဥက္ကဋ္ဌ H.E.Mr. Kenneth Wollack နှင့် အဖွဲ့ **(ယာပုံ)** အား ယနေ့ မွန်းလွဲ ၂ နာရီတွင် လွှတ်တော်ရေးရာ ဆောင်အမှတ် (I-1)၌ လည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံသည်။

အီတလီနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအပေါ် ဆက်လက်အကူအညီပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ဆက်လက်ကူညီဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

NDI ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌက NDI အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် များစွာကူညီပေးခဲ့ပါကြောင်း၊ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးအောင်မြင်ဖို့ဆိုပါက မှန်ကန်သည့် အမြင်များ၊ အကူအညီများနှင့် အကြံဉာဏ်များကို ဆက်လက်ပေးအပ်သွားရန် လိုအပ်ပါကြောင်း၊ ရခိုင်အရေးကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအပေါ် တစ်နည်းမဟုတ်တစ်နည်း ထိခိုက်နစ်နာမှုရှိသည်ကို သတိပြုသင့်ပါကြောင်း၊ ရခိုင်ပြည်နယ်၏သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့်အခြားပါဝင်နေသည့် အင်အားစုများကို သေချာစွာ နားလည်ပြီး ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ပေးသင့်ပါကြောင်း၊ ရခိုင်အရေး အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုသည် လွန်စွာအရေးကြီးပါကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကြည်သာ၊ ဦးညီထွန်း၊ ဒေါက်တာ ဒေါ်သီတာဦးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ပုသိမ်အကျဉ်းထောင်အတွင်း ကြည့်ရှုစစ်ဆေး

**ပုသိမ် ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်သည် တိုင်းဒေသကြီးတရားရေးရာ ဦးစီးမှူး ဦးထိန်မင်း၊ ပုသိမ်ခရိုင်တရားသူကြီး ဒေါ်ခင်မြတ်မြတ်ထွန်းတို့နှင့်အတူ ဇွန် ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ပုသိမ်မြို့ အကျဉ်းထောင်အတွင်းသို့ သွားရောက်၍ အကျဉ်းသား၊ အချုပ်သားများ နေထိုင်စားသောက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးက အကျဉ်းသား၊ အချုပ်သားများ၏ ဥပဒေအရ ခံစားခွင့်ရှိသောအခွင့်အရေးများ၊ စားသောက်နေထိုင်မှုများ ကောင်းမွန်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြည့်စုံမှုရှိရေးတို့ကို စစ်ဆေးပြီး အကျဉ်းသား၊ အချုပ်သားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၂၆** - စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ရေတပ်စခန်းဌာနချုပ်များအား ကြည့်ရှုလေ့လာ



**နေပြည်တော် ဇွန် ၂၆**

ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပတ္တရားမြို့ရှိ ထိုင်းဘုရင့်တပ်မတော်ရေတပ်စခန်း ဌာနချုပ်များနှင့် မရိန်းတပ်ဌာနချုပ်တို့အား သွားရောက်ကြည့်ရှုလေ့လာသည်။

**စစ်ရေယာဉ်များသရုပ်ပြမောင်းနှင်မှုကြည့်ရှု**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် Royal Thai Navy SEALS ဌာနချုပ်သို့ရောက်ရှိပြီး King Taksin ရုပ်တုအား ပန်းခွေချအလေးပြုကာ Navy SEALS တပ်ဖွဲ့ဝင်များအသုံးပြုသည့် လက်နက်များ၊ ချပ်ဝတ်တန်ဆာများနှင့် စစ်ရေယာဉ်များအား ကြည့်ရှုကြသည်။ ယင်းနောက် စစ်ရေယာဉ်ဖြင့် ပင်လယ်အတွင်း လိုက်ပါစီးနင်းကြပြီး Royal Thai Navy SEALS တပ်ဖွဲ့ဝင်များ၏ စစ်ရေယာဉ်များ သရုပ်ပြမောင်းနှင်မှုကို ကြည့်ရှုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် Royal Thai Navy Fleet ဌာနချုပ်သို့ ရောက်ရှိပြီး ကမ်းခြေစောင့်ကင်းထောက်ရေယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှုလေ့လာသည်။ **(ယာပုံ)**

**ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းခံယူ**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်မရိန်းတပ်ဖွဲ့ဌာနချုပ် (Royal Thai Marine Corps ) သို့ရောက်ရှိပြီး ထိုင်းဘုရင့်ရေတပ်ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကာ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Royal Thai Marine Corps Monument တွင် ပန်းခွေချအလေးပြုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့် မရိန်းတပ်ဖွဲ့ဌာနချုပ်မှူးတို့သည် ထိုင်းဘုရင့်မရိန်းတပ်ဖွဲ့ဌာနချုပ် ဧည့်ခန်းမတွင် တွေ့ဆုံ၍ နှစ်နိုင်ငံရေတပ်ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်မရိန်းတပ်ဖွဲ့ဝင်များက ကမ်းတက်စီးနင်းတိုက်ခိုက်မှု စွမ်းရည်သရုပ်ပြသခြင်းနှင့် မိုင်းရှာခွေးများနှင့် မိုင်းရှာခြင်း သရုပ်ပြသမှုများအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်မရိန်းတပ်ဖွဲ့ပြတိုက်အတွင်း ပြသထားသည့် ထိုင်းဘုရင့် မရိန်းတပ်ဖွဲ့ ပေါ်ပေါက်လာမှုသမိုင်း၊ အသုံးပြုခဲ့သည့် ချပ်ဝတ်တန်ဆာများနှင့် လက်နက်ပစ္စည်းများအား ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် UNHCR ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် United Nations High Commissioner for Refugees (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiis အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် UNHCR ၏ အာရှပစိဖိတ်ဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Indrika Ratwatte မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးစဉ်ကိစ္စ၊ မြန်မာအစိုးရ UNHCR နှင့် UNDP တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ လုပ်ငန်းများ ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စ၊ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေးလုပ်ငန်းစဉ်များနှင့် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအကြား သဟဇာတဖြစ်ရေးနှင့် ယုံကြည်မှုတည်ဆောက်ရေးအတွက် အထောက်အကူပြုစေမည့် ရှေ့ပြေးစီမံချက်များ စတင်အကောင်အထည်ဖော်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇွန် ၂၆**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

▲ *ကျောဖုံးမှ*

လူ့အခွင့်အရေးနှင့် ကျား၊ မ ဆိုင်ရာ တန်းတူညီမျှမှုတို့နှင့် ပတ်သက်သည့် အဆိုပြုချက်များကို ဆွေးနွေးကြသည်။

**ကျန်ရှိသည့်အချက်ဆွေးနွေး**

စီးပွားရေးကဏ္ဍ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲတွင် ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဖက်ဒရယ်စနစ်စီးပွားရေးဆိုင်ရာ အခြေခံမူများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာဖော်ဆောင်ရေး ခေါင်းစဉ်အောက်မှ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် အချက်များကို ဆွေးနွေးကြသည်။

လူမှုရေးကဏ္ဍ လုပ်ငန်းကော်မတီဆွေးနွေးပွဲတွင် အမျိုးသမီးကဏ္ဍ၊ တိုင်းရင်းသား စာပေရေးရာသင်ကြားရေး၊ လူတိုင်းအကျုံးဝင်ပညာရေးစနစ် ဖော်ဆောင်ရေး၊ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သည့် ကျန်းမာရေးစနစ် ဖော်ဆောင်ရေး၊ တိုင်းရင်းသား ဘာသာစကား၊ စာပေ၊ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာနှင့် ဝတ်စားဆင်ယင်မှု သမိုင်းအမွေအနှစ်များနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ကာကွယ်ထိန်းသိမ်းရေး၊ လူငယ်ရေးရာကိစ္စရပ်များ လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် လူမှုသဟဇာတ (Social Cohesion) သဘောတရားများ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

လုံခြုံရေးကဏ္ဍ လုပ်ငန်းကော်မတီဆွေးနွေးပွဲတွင် ကမ္ဘာ့နိုင်ငံတိုင်းတွင်ထားရှိသော တစ်ခုတည်းသော တပ်မတော်လေ့လာချက်များနှင့် လုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲတွင် မြေယာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်၊ အကာအကွယ်ပြုရေးဆိုင်ရာအစီအမံများ၊ ရေရှည်တည်တံ့ရေးဆိုင်ရာ အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ကဏ္ဍအလိုက် ဆွေးနွေးပွဲများသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ဦးခင်ဇော်ဦး၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ပဒိုစောတာဒိုမူး၊ ဦးမျိုးဝင်း၊ ဦးစိုင်းငင်း၊ စောမြရာဇာလင်း၊ ခွန်မြင့်ထွန်း၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်း၊ စိုင်းကျော်ညွန့်၊ မင်းကျော်ဇေယျဦးနှင့် တာလုဖေ၊ ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ အစိုးရအစုအဖွဲ့မှ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အကျိုးတော်ဆောင်များ တတ်ရောက်ကြသည်။

**ခေါင်းစဉ်ငါးခုကိုဆွေးနွေး**

လုံခြုံရေးလုပ်ငန်းကော်မတီ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ တာလုဖေ က "ကျွန်တော်တို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနဲ့ သဘာဝပတ်ဝန်းကျင်ဆိုတဲ့ ခေါင်းစဉ်ငါးခုကို ဆွေးနွေးတာဖြစ်ပါတယ်။ လုပ်ငန်းကော်မတီ တစ်ခုချင်းစီမှာ သုံးနားညီ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကတစ်နား၊ EAOS ဆိုတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကတစ်နား၊ နိုင်ငံရေးပါတီကတစ်နား၊ အဖွဲ့တစ်ခုစီမှာ အတွင်းရေးမှူးအပါအဝင် ငါးဦးစီ၊ ၁၅ ဦးနဲ့ ဆွေးနွေးတာဖြစ်တယ်။ တစ်ခုတည်းသော တပ်မတော်ဆိုတဲ့စကားရပ်က တော်တော်နက်ရှိုင်းတယ်။ နားလည်မှုလည်း လွဲမှားနိုင်တယ်။ တစ်ခုတည်းသော တပ်မတော်ဆိုတာက အနာဂတ်ဒီမိုကရေစီပြည်ထောင်စုရဲ့ တစ်ခုတည်းသော တပ်မတော်တစ်ခုဖြစ်မယ်။ တစ်ခုတည်းသော တပ်မတော်မှာ ဘာတွေပြည့်စုံရမယ်။ ဘာတွေလိုအပ်မယ် အဲဒါတွေကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

"ကျွန်တော်တို့က နားလည်မှု တည်ဆောက်တဲ့ ဆွေးနွေးမှုမျိုးပဲ ရှိပါသေးတယ်။ တတိယအကြိမ် ပင်လုံညီလာခံကိုတော့ ဇူလိုင် ၁၁ ရက် မှ ၁၅ ရက်အထိ ငါးရက်တာ ကျင်းပသွားမှာဖြစ်ပါတယ်။ အင်မတန်မှ ခက်ခဲတဲ့အနေအထားကနေ ကျွန်တော်တို့ လုံခြုံရေးအခန်းကဏ္ဍဆိုရင် မဆွေးနွေးတော့ဘူးဆိုတဲ့ အတိုင်းအတာထိကို ရောက်သွားတဲ့အရာကနေပြီး သူတို့နိုင်ငံရေးပါတီကနေပြီး တွန်းအားပေးပြီးတော့ ဆက်လက်ဆွေးနွေးသွားကြမယ်ဆိုပြီး ကြိုးစားရင်းနဲ့ ဒီလိုဆွေးနွေးဖြစ်တာကို တကယ်ပဲ ဂုဏ်ယူမိပါတယ်"ဟု ပြောကြားသည်။

နိုင်ငံရေးကဏ္ဍလုပ်ငန်းကော်မတီ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်က "ကျွန်တော်တို့ ကျင်းပနေတဲ့ အစည်းအဝေးကတော့ UPDJC ကဏ္ဍအလိုက် လုပ်ငန်းကော်မတီငါးခုကို တွေ့ဆုံတဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးမှာ ဘယ်အချက်အလက်တွေကို တင်ပြမလဲဆိုတာကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

"၂၀၁၇ မေလမှာ ကျင်းပတဲ့ ညီလာခံတုန်းက ဆွေးနွေးပြီးတော့ သဘောတူညီချက် မရနိုင်သေးတဲ့ အချက်အလက်တွေကို ကျွန်တော်တို့ စုစည်းပြီးတော့ ပြန်လည်တင်ပြဖို့ရှိတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ပြီးခဲ့တဲ့ ညီလာခံမတိုင်မီမှာ ဆွေးနွေးပြီးတော့ တင်ပြလာတဲ့အချက်တွေကို ကျွန်တော်တို့ညီလာခံကို မတင်နိုင်သေးဘဲ ချန်ထားတဲ့ အချက်တွေရှိသေးတယ်။ ပြီးခဲ့တဲ့ ကာလမှာ NCA စာချုပ်လက်မှတ်ရေးထိုးပြီးတော့ အမျိုးသားအဆင့်နိုင်ငံရေး မကျင်းပနိုင်သေးတဲ့ အဖွဲ့အစည်းတွေရဲ့ စာတမ်းတွေ အစုအဖွဲ့အသီးသီးကနေ ထပ်ပြီးတော့ တင်ပြလာတဲ့စာတမ်းတွေကို စုစည်းပြီးတော့ အကောင်းဆုံးဖြစ်အောင် တင်သွင်းနိုင်ဖို့ ကြိုးစားနေပါတယ်။ ကျွန်တော်က နိုင်ငံရေးကဏ္ဍကို တာဝန်ယူတဲ့သူဆိုတော့ အဓိကအနေနဲ့က ပြီးခဲ့တဲ့ညီလာခံမှာ ပြုစုနေတဲ့အချက်တွေထဲက ကျန်တဲ့ အချက်တွေကို ဆွေးနွေးသွားဖို့ သဘောတူထားပါတယ်။ ကျန်တဲ့အချက်တွေက တိုင်းရင်းသားလူနည်းစုတွေရဲ့ အခွင့်အရေးကိုကာကွယ်ခြင်း၊ နိုင်ငံသားအားလုံးက ခံစားသင့်ခံစားထိုက်တဲ့ အခြေခံအခွင့်အရေးတွေကို ဆွေးနွေးသွားပါမယ်၊ တချို့အမြင်မှာတော့ ငြိမ်းချမ်းရေးဖြစ်စဉ် ဆက်သွားနိုင်အောင် အဖြစ်သဘောညီလာခံကျင်းပတယ်လို့ ဝေဖန်တဲ့သူတွေရှိပါတယ်။ NCA စာချုပ်အရ ကျွန်တော်တို့ သဘောတူထားတာ ပြည်ထောင်စုကြီးကို ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံပြီး ပြည်ထောင်စုကြီး တည်ထောင်မယ်ဆိုပြီး သဘောတူထားပါတယ်။ အခြေခံမူ၊ အခြေခံအခွင့်အရေးတို့ကတော့ ဒီနိုင်ငံကို ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ထူထောင်ဖို့အတွက် မရှိမဖြစ် လိုအပ်တဲ့ ကျင့်စဉ်တွေ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

**ဆက်လက်ကျင်းပသွားမည်**

နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့်သဘာဝ ပတ်ဝန်းကျင်ကဏ္ဍ လုပ်ငန်းကော်မတီဆွေးနွေးပွဲများကို ဇွန် ၂၈ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**MM၊ မွေးကြူဇင် (သတင်းစဉ်)**

# သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## အခန်း (၅)
## သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကောင်စီသည် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီများကို သက်ဆိုင်ရာပညာရပ်နယ်ပယ်အလိုက် သုတေသနဌာနများ၊ တက္ကသိုလ်များ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းရမည်။

၉။ ကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီအလိုက် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များကိုအသုံးချဆောင်ရွက်နေမှုများ၊ အခက်အခဲများ၊ လိုအပ်ချက်များ၊ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို စိစစ်လေ့လာခြင်း၊မှတ်တမ်းများ ပြုစုခြင်းနှင့်နှစ်စဉ်တိုးတက်ဖွံ့ဖြိုးမှုအစီရင်ခံစာကို ကောင်စီသို့တင်ပြခြင်း၊

(ခ) ပုဂ္ဂလိကစက်မှုလုပ်ငန်းများအတွက် လိုအပ်သောသုတေသနလုပ်ငန်းများကို ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်း၊ နည်းပညာအခက်အခဲများကိုဖြေရှင်းပေးခြင်းနှင့် နည်းပညာအကူအညီများပေးခြင်း၊

(ဂ) နိုင်ငံတကာနည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင်လိုက်ပါဆောင်ရွက်နိုင်စေရေးအတွက် လိုအပ်သော နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ စီမံချက်များ ရေးဆွဲခြင်းနှင့် ယင်းအစီအစဉ်နှင့်စီမံချက်များကို ကောင်စီသို့တင်ပြခြင်း၊

(ဃ) ကောင်စီမှပေးအပ်သော နည်းပညာနယ်ပယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်များနှင့်တီထွင်ဖန်တီးမှုများ တိုးတက်မြင့်မားရေးတို့အတွက် ရန်ပုံငွေထောက်ပံ့ရာတွင် စိစစ်ရွေးချယ်ခြင်း၊ သုတေသနလုပ်ငန်းများ လက်တွေ့ထိရောက်မှုရှိ မရှိ စိစစ်ခြင်း၊ ထိန်းသိမ်းကွပ်ကဲခြင်းနှင့် အားပေးခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုပညာရပ်နယ်ပယ်အလိုက် ထူးချွန်သောပညာရှင်များ၊ တီထွင်သူများအား ရွေးချယ်သတ်မှတ်ရာတွင် ကောင်စီကိုကူညီဆောင်ရွက်ခြင်း။

## အခန်း (၆)
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနဖွဲ့စည်းခြင်း

၁၀။ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၅/ ၉၄) အရဖွဲ့စည်းခဲ့သော မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနကို သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းရမည်။

၁၁။ ဦးစီးဌာနသည် မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

## အခန်း (၇)
## သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၁၂။ ဦးစီးဌာန၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စီးပွားရေးနှင့်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားအဆင့်အရည်အသွေး အခြေခံအဆောက်အအုံများ ကြံ့ခိုင်အားကောင်းစေရန် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများဖြင့် အဆင့်မီဓာတ်ခွဲစမ်းသပ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဂ) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အီလက်ထရွန်နစ်နည်းပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ဓာတုနည်းပညာ၊ နာနိုနည်းပညာနှင့် အခြားသောနည်းပညာများကို အသုံးချ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အကူပြုသတင်းအချက်အလက်များ၊ အကြံဉာဏ်များဖော်ထုတ်မျှဝေပေးနိုင်သည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အခြေခံသုတေသနလုပ်ငန်းများ၊ လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) ပြည်တွင်းစက်မှုလုပ်ငန်းများတွင် တွေ့ကြုံရသော ကုန်ထုတ်လုပ်မှုနည်းပညာအခက်အခဲနှင့် ပြဿနာများကို ကူညီဖြေရှင်းပေးနိုင်ရန် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) ဓာတ်ခွဲခန်းအဆင့်တွင် အောင်မြင်ပြီးစီးသော သုတေသနလုပ်ငန်းများကို ကုန်ထုတ်လုပ်မှုအဆင့်ရောက်ရှိစေရန် လိုအပ်သည့်ဖွံ့ဖြိုးမှုအဆင့် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဈ) စီးပွားဖြစ်ထွန်းမှုအလားအလာရှိသော သယံဇာတပစ္စည်းများ အသုံးချနိုင်မှုကို လေ့လာဖော်ထုတ်ခြင်း၊

(ည) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ပြည်တွင်း ပြည်ပဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ နှစ်စဉ်ကျင်းပခြင်း၊ တက်ရောက်ခြင်း၊ ပညာရှင်ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ကောင်စီက ချမှတ်ထားသည့်မူဝါဒနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဌ) သဘာဝပတ်ဝန်းကျင်နှင့် လူကိုမထိခိုက်စေသောနည်းပညာဖြစ်သည့် အစိမ်းရောင်နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဍ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး၊ အစားအသောက်နှင့် ဆေးဝါးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာဥယျာဉ်နှင့်ပြတိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဏ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာအကြံပေးမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ သတင်းအချက်အလက်များ ပြုစုထိန်းသိမ်းခြင်းနှင့် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(တ) ကောင်စီ သို့မဟုတ် ဝန်ကြီးဌာနကပေးအပ်သော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ထ) ကောင်စီ၏ ရုံးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဒ) ကောင်စီနှင့်ကော်မတီ၏ ရုံးလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များ၏ချီးမြှင့်ငွေနှင့်စရိတ်များကို ဦးစီးဌာနမှကျခံပေးခြင်း၊

(ဓ) ဦးစီးဌာန၏ အထွေထွေစီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

## အခန်း (၈)
## ဘဏ္ဍာငွေသုံးစွဲခြင်း၊ ရန်ပုံငွေထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၃။ ကောင်စီသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက ခွင့်ပြုထားသော သုတေသနလုပ်ငန်းဆိုင်ရာ အသုံးစရိတ်များကို ဝန်ကြီးဌာနမှတစ်ဆင့် ရယူရမည်။

၁၄။ ကောင်စီသည်-

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သိပ္ပံနှင့် နည်းပညာလူ့စွမ်းအားအရင်းအမြစ်များ၊ ဆန်းသစ်တီထွင်ဖန်တီးမှုများ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်စီးပွားရေးကို အထောက်အကူပြုသော သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာဖွံ့ဖြိုးရေး ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည်-

(၁) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(၂) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများမှ ရရှိသည့်ငွေကြေးများ၊

(၃) ရန်ပုံငွေမှ တရားဝင်တိုးပွားမှုများ။

(ခ) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေစာရင်းပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ညှိနှိုင်းရေးဆွဲ၍သတ်မှတ်ပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

(ဂ) ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရမည်။

(ဃ) ရန်ပုံငွေလက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လှူဒါန်းထောက်ပံ့သည့် ပြည်တွင်းပြည်ပရှိအဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် အများပြည်သူထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

၁၅။ ကောင်စီသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများ၏ဦးစီးဌာနများ၊ တက္ကသိုလ်၊ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများ၊ ပုဂ္ဂလိက စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားသုတေသနအဖွဲ့အစည်းများ၏ အောက်ဖော်ပြပါလုပ်ငန်းကိစ္စအမျိုးအစားအလိုက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ရန်ပုံငွေမှ သင့်လျော်သလို ထောက်ပံ့နိုင်သည်-

(က) အမျိုးသားအဆင့် သုတေသနလုပ်ငန်းများ၊

(ခ) ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊

(ဂ) မျိုးဆက်သစ်လူငယ်များ ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများ၊

(ဃ) ယှဉ်ပြိုင်မှုအခြေခံသော သုတေသနလုပ်ငန်းများ၊

(င) ပြည်တွင်း ပြည်ပသုတေသန ပညာတော်သင်ဆု ချီးမြှင့်ခြင်းများ၊

(စ) နိုင်ငံတကာအဆင့်နှင့် အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ သင်တန်းများတက်ရောက်ခြင်းနှင့် ကျင်းပခြင်းဆိုင်ရာကိစ္စများ။

၁၆။ ကောင်စီသည် သိပ္ပံနှင့်နည်းပညာနယ်ပယ်မှ ထူးချွန်သောပညာရှင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဆန်းသစ်တီထွင်ဖန်တီးသူများအားထိုက်သင့်သည့်ဆုကြေးငွေသတ်မှတ်ပြီး ဆုချီးမြှင့်နိုင်သည်။

## အခန်း(၉)
## နည်းပညာလွှဲပြောင်းခြင်း

၁၇။ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဌာနများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများ၏ အောင်မြင်သော သုတေသနရလဒ်များ၊ အသိပညာများနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ နည်းပညာများကို လွှဲပြောင်းနိုင်သည်။

၁၈။ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ်အဖွဲ့အစည်းတစ်ခုမှအခြားပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုသို့ ပုဒ်မ ၁၇ အရ နည်းပညာလွှဲပြောင်းခြင်းပြုရာတွင်နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုရမည်။

၁၉။ နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုရာတွင် တည်ဆဲဥပဒေနှင့်ကောင်စီက ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၂၀။ ပုဒ်မ ၁၈ အရနည်းပညာလွှဲပြောင်းခြင်းပြုရာတွင် အောက်ပါနည်းလမ်းတစ်ရပ်ရပ်နှင့်အညီ လွှဲပြောင်းနိုင်သည်-

(က) မည်သူ့ကိုမဆို အခမဲ့ အသုံးပြုခွင့်ပေးခြင်း၊

(ခ) အခကြေးငွေရယူပြီး နှစ်အကန့်အသတ်ဖြင့် အသုံးပြုခွင့်ပေးခြင်း၊

(ဂ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ ရောင်းချခြင်း၊

(ဃ) ပြည်တွင်းမှ ပြည်ပသို့ဖြစ်စေ၊ ပြည်ပမှ ပြည်တွင်းသို့ဖြစ်စေ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(င) အသုံးပြု၍ရရှိလာသော အကျိုးအမြတ်ပေါ်မူတည်၍ရာခိုင်နှုန်းဖြင့် အသုံးပြုခွင့်ပေးခြင်း။

၂၁။ ပြည်တွင်း၌လည်းကောင်း၊ ပြည်ပမှလည်းကောင်း၊ ပြည်ပသို့လည်းကောင်း နည်းပညာလွှဲပြောင်းခြင်းနှင့်သက်ဆိုင်သော စည်းကမ်းချက်များသည် တည်ဆဲဥပဒေနှင့်ကောင်စီက ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဖြစ်စေရမည်။

၂၂။ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက နည်းပညာလွှဲပြောင်းခြင်းပြုရာတွင် သက်ဆိုင်ရာတီထွင်သူ သို့မဟုတ် လွှဲပြောင်းပေးသည့် နည်းပညာကို ဆန်းသစ်တီထွင်ဖော်ထုတ်ခဲ့သည့် အဓိကပါဝင်သူများ၏သဘောတူခွင့်ပြုချက်ကို ရယူရမည်။

၂၃။ နည်းပညာလွှဲပြောင်းသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ကိုသတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်အရာရှိထံသို့ မှတ်ပုံတင်ရန် လျှောက်ထားရမည်။

၂၄။ မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ ၂၃ အရ မှတ်ပုံတင်ရန်လျှောက်ထားချက်ကို စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ရန်ခွင့်ပြုပါက နည်းပညာလွှဲပြောင်းခြင်း သဘောတူစာချုပ်ကို မှတ်ပုံတင်ပြီး သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်ပြီးပါက စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၂၅။ မှတ်ပုံတင်ရန် လျှောက်ထားချက်အပေါ် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ ငြင်းပယ်ကြောင်း မှတ်ပုံတင်အရာရှိ၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ထိုသို့ဆုံးဖြတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၂၆။ ဝန်ကြီးဌာနသည်ပုဒ်မ ၂၅ အရ အယူခံမှုကို စိစစ်ပြီးမှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၂၇။ နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ကို မှတ်ပုံတင်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရကောင်စီ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်ခွင့်နှင့် အထောက်အပံ့အကူအညီ ရယူခွင့်ရှိသည်။

၂၈။ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားသော နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်သည် တရားဝင်အတည်ဖြစ်သည်။

## အခန်း (၁၀)
## အထွေထွေ

၂၉။ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၅/ ၉၄) အရ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည်ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၁။ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၅/ ၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအား ဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာရန် ပြည်ထောင်စုဝန်ကြီးမှာကြား

**နေပြည်တော် ဇွန် ၂၆**
ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ရာတွင် ပြည်ပအလုပ်အကိုင်ဥပဒေ၊ နည်းဥပဒေ၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အမှုဆောင်ကော်မတီဝင်များနှင့် ယနေ့နံနက် ၁၀ နာရီက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အစည်းအဝေးခန်းမတွင် တွေ့ဆုံသည့် ဆွေးနွေးပွဲအတွင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားလိုက်သည်။

ထို့ပြင် အဖွဲ့ချုပ်သည် အေဂျင်စီများ၏ ယုံကြည်ကိုးစားမှုရရှိနိုင်ရေးအတွက် စံနမူနာပြလုပ်ဆောင်ရန်လိုအပ်ပြီး သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်မှသာ မလိုလားအပ်သည့် ဖြစ်စဉ်များ လျော့ပါးသွားနိုင်မည်ဖြစ်ကာ လုပ်သားပို့ဆောင်မှု လုပ်ငန်းစဉ်များ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အေဂျင်စီများ၏ အကောင်အထည်ဖော်ဆောင်ရွက်ချက်များသည် မှန်ကန်သေချာပါက ဝန်ကြီးဌာနဘက်မှလည်း မလိုအပ်သည့် ကြပ်မတ်မှုများကို ဖြေလျှော့ပေးသွားရန် ရည်ရွယ်ထားပြီး လုပ်ဆောင်ချက်များအားလုံးအပေါ် ပြန်လည်သုံးသပ်ကြခြင်းဖြင့် စိတ်ကောင်းစေတနာအပြည့်ဖြင့် ဆောင်ရွက်ကာ အလုပ်သမားများကို စောင့်ရှောက်ကာကွယ်ပေးကြရန်အတွက် ပြည်ထောင်စုဝန်ကြီးက မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူများကို ပြောကြားသည်။

အခမ်းအနားတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က "ပြည်ပနိုင်ငံတွေကို အလုပ်သမားစေလွှတ်တာနဲ့စပ်လျဉ်းတဲ့ အေဂျင်စီတွေဟာ သတ်မှတ်ချက်တွေနဲ့အညီ လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အလုပ်သမားတွေအတွက် ဥပဒေပါရပိုင်ခွင့်တွေနဲ့ အကျိုးခံစားခွင့်တွေ ပြည့်ပြည့်ဝဝရရှိဖို့ ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ မိသားစုလွှဲပို့ငွေတွေ စနစ်တကျ ပြန်လည်ပေးပို့နိုင်ဖို့အတွက်လည်း အေဂျင်စီတွေက အလေးထားပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လိုအပ်တဲ့ ကာကွယ်စောင့်ရှောက်မှုတွေကိုလည်း အလုပ်သမားတွေအတွက် ပေးအပ်ကြဖို့ လိုအပ်ပါတယ်။ ပွဲစားတွေက တရားမဝင် လူစုဆောင်းတာတွေရှိရင်လည်း ဖော်ထုတ်အရေးယူသွားဖို့ရှိပြီး တရားမဝင်လမ်းကြောင်းကနေ ရွှေ့ပြောင်းသွားလာမှု လျော့နည်းစေဖို့အတွက် နိုင်ငံတော်ရဲ့ကြိုးစားမှုနဲ့အတူ ပူးပေါင်းဆောင်ရွက်ပေးရန်လည်း လိုအပ်တယ်" ဟု အဖွဲ့ချုပ် တာဝန်ရှိသူများထံ ပြောကြားသည်။



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက် အဖွဲ့ချုပ်ကိုယ်စားလှယ်များမှ ဆပ်လုပ်ငန်းကော်မတီအလိုက် ပြန်လည်တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ခင်ရတနာ၊ ဓာတ်ပုံ- သော်တာဝင်း**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဇွန် ၂၆**
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက် အမှတ် (၇/၂၀၁၈) ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကြည့်ရှုလေ့လာရေးအဖွဲ့သည် ကချင်ပြည်နယ်ရှိ မိုးကောင်းမြို့နယ် လမ်းခွရွာရှိ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း (ကေဘီစီ)၊ ရိုမန်ကက်သလစ် ခရစ်ယာန်ဘုရားကျောင်း (အာစီ)၊ ဧဝံဂေလိ ခရစ်ယာန်ဘုရားကျောင်း (အေဂျီ) နှင့် မိုးကောင်းမြို့ဦးရှိ တိုက်ပွဲရှောင်စခန်းများ၊ ကာမိုင်းမြို့နယ်ရှိ လဝါးနှင့် လိုင်နောင်း ရိုမန်ကက်သလစ် ခရစ်ယာန်ဘုရားကျောင်း (အာစီ) တိုက်ပွဲရှောင်စခန်းများကို ဇွန် ၂၁ ရက်တွင်လည်းကောင်း၊ မြစ်ကြီးနားမြို့နယ်ရှိ ဂျော်မဆပ်၊ တန်ဖရဲနှင့် တြီနီတီ တိုက်ပွဲရှောင်စခန်းများ၊ ဝိုင်းမော်မြို့နယ်ရှိ ဝိုင်းမော်ဗုန် နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းရှိ တိုက်ပွဲရှောင်စခန်းကို ဇွန် ၂၂ ရက်တွင်လည်းကောင်း သွားရောက်ကြည့်ရှု လေ့လာခဲ့ပါကြောင်း။

တိုက်ပွဲရှောင် ကျေးရွာသူ ကျေးရွာသားများသည် ၎င်းတို့ကျေးရွာအနီးသို့ လက်နက်ကြီးပုံးများ ကျရောက်ပေါက်ကွဲသဖြင့် ၎င်းတို့အား ထိမှန်မည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းနှင့် အချို့မှာ ၎င်းတို့၏ ကျေးရွာအနီးဝန်းကျင်တွင် နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းများ ထိတွေ့ပစ်ခတ်မှုများဖြစ်ပွားမည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းတို့ကြောင့် တောတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်ဟု သိရှိရပါကြောင်း။

တိုက်ပွဲရှောင် ကျေးရွာသူ ကျေးရွာသားများသည် ထွက်ပြေးလာသည့် လမ်းတစ်လျှောက်တွင် ရိက္ခာနှင့် သောက်သုံးရေခက်ခဲခြင်း၊ ဖျားနာခြင်းနှင့် ဝမ်းလျှောခြင်းများအတွက် ဆေးဝါးမရှိခြင်း၊ အမိုးအကာပစ္စည်း လုံလောက်စွာမပါရှိခြင်း၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ အာဟာရပြတ်၍ လမ်းမလျှောက်နိုင်တော့သဖြင့် ထမ်းပိုးသယ်ဆောင်ကြရခြင်း၊ ကိုယ်ဝန်ဆောင်မိခင်အချို့ တောတွင်း၌ မီးဖွားရခြင်း၊ အချို့မွေးကင်းစ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများမှာ ရာသီဥတုဆိုးရွားမှုကြောင့် သေဆုံးခဲ့ရခြင်းများ ကြုံတွေ့ခဲ့ကြရသည်ဟု သိရှိရပါကြောင်း။

ထို့ပြင် ၎င်းတို့သည် တောတွင်း၌ ပုန်းအောင်းနေစဉ် ရိက္ခာပြတ်လပ်သဖြင့် မူလကျေးရွာများသို့ပြန်၍ ရိက္ခာသွားယူကြသည့် ရွာသားများသည် ၎င်းတို့၏နေအိမ်များ ပျက်စီးခြင်း၊ အိမ်ထောင်ပရိဘောဂများနှင့် မိသားစုအသုံးအဆောင်ပစ္စည်းများ ပျောက်ဆုံးပျက်စီးခြင်း၊ အိမ်မွေးတိရစ္ဆာန်များ ပျောက်ဆုံးခြင်းများကို တွေ့မြင်ခဲ့ကြရသည်ဟု ရွာသားများက ပြောကြားကြပါကြောင်း။

ကော်မရှင်ကြည့်ရှုလေ့လာရေးအဖွဲ့က သွားရောက်လေ့လာခဲ့သော တိုက်ပွဲရှောင်စခန်းအများစုတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရပြီး ဆောက်လုပ်လှူဒါန်းထားသည့် ယာယီတဲများမှာ လူဦးရေနှင့် မမျှတသည့်အပြင် မိသားစု တစ်စုနှင့်တစ်စုအကြား အကာအရံ လုံးဝမရှိသဖြင့် ရေရှည်တွင် မလိုလားအပ်သော လူမှုရေးပြဿနာများ၊ ကူးစက်ရောဂါများ ဖြစ်ပေါ်နိုင်ခြင်း၊ သန့်ရှင်းသော သောက်ရေသန့်မရရှိခြင်းနှင့် ချိုးရေမသန့်ရှင်းခြင်း၊ မိသားစုလိုက် ချက်ပြုတ်စားသောက်ခွင့်ရရှိသော စခန်းများတွင် မီးဖိုနှင့် အိပ်ဆောင်များ အလွန်နီးကပ်နေသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း၊ ဆောက်လုပ်ထားသည့် အိမ်သာနှင့် လူဦးရေ လုံလောက်မျှတမှု မရှိခြင်း၊ တိုက်ပွဲရှောင်စခန်းအချို့၌ မိုးရာသီကာလ မိုးသည်းထန်ချိန်၌ အိပ်ဆောင် ကြမ်းပြင်များ ရေမြုပ်ခြင်း၊ တာဝန်ရှိသူများနှင့် စေတနာရှင်များက ဆန်နှင့် ပဲကိုသာ အဓိကထား၍ လှူဒါန်းကြသဖြင့် ကျန်ဟင်းလျာများအတွက် ရန်ပုံငွေလိုအပ်ခြင်း၊ သားသမီးများ ကျောင်းထားရန် တာဝန်ရှိသူများက စီစဉ်ပေးထားသော်လည်း တိုက်ပွဲရှောင်ကျေးရွာသားများတွင် ငွေကြေးမရှိသဖြင့် အခြားလိုအပ်ချက်များ မဖြည့်ဆည်းနိုင်ခြင်း၊ အချို့ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း စသည့် အတန်းကြီးကျောင်းသားများအား မြို့ပေါ်ရှိ ဘော်ဒါဆောင်သို့ ပို့၍ ဘော်ဒါခနှင့် ကျူရှင်ဖိုးများကို ယခင်က တောင်ယာစပါးနှင့် သီးနှံများ ရောင်းချခြင်း၊ ကျွဲ၊ နွားများရောင်းချခြင်းတို့မှ ရရှိသောငွေဖြင့် ဖြေရှင်းခဲ့ကြသော်လည်း ယခုကဲ့သို့ တိုက်ပွဲရှောင်စခန်း ရောက်ရှိနေချိန်တွင် ဝင်ငွေလုံးဝမရှိတော့သဖြင့် သားသမီးများ၏ ပညာရေး အခက်အခဲများကြုံတွေ့နေကြရခြင်း၊ ကျေးရွာတွင် လက်ရှိမိုးရာသီ စားသုံးရန် စုဆောင်းထားသည့် အရန်ဆန်နှင့် စပါးများ ပျက်စီးဆုံးရှုံးသွားသည့်အပြင် လာမည့်နှစ်အတွက် စပါးစိုက်ပျိုးမည့်ရာသီမှာလည်း ကျော်လွန်သွားပြီဖြစ်သဖြင့် ၂ နှစ်စာ စားဝတ်နေရေး အခက်အခဲကြုံတွေ့နေခြင်း၊ ကော်မရှင်ကြည့်ရှုလေ့လာရေးအဖွဲ့သည် တနိုင်းမြို့သို့ အချိန်ကန့်သတ်ချက်အရ သွားရောက်နိုင်ခြင်းမရှိသဖြင့် တနိုင်းမြို့မှ တိုက်ပွဲရှောင်စခန်းတာဝန်ရှိသူအချို့က မြစ်ကြီးနားမြို့သို့ လာရောက်၍ ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး တနိုင်းမြို့တွင် ကေဘီစီ၊ အာစီ၊ အေဂျီနှင့် ခရစ်ယာန်ဘုရားကျောင်း (စီအိုစီ) ဟူ၍ စခန်း ၄ ခုရှိပြီး လူဦးရေ ၁၃၁၇ ဦး ပါဝင်သည့် အိမ်ထောင်စုပေါင်း ၃၃၃ စု ရှိကြောင်း၊ ၎င်းစခန်းများအား တိုက်ပွဲရှောင်စခန်းအဖြစ် အသိအမှတ်ပြုခြင်းမခံရသဖြင့် နိုင်ငံတော်မှပေးသည့် အထောက်အပံ့များ မရရှိသည့်အပြင် စေတနာရှင် အလှူရှင်များထံမှ လှူဒါန်းမှုနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ မရရှိကြောင်း၊ ထို့ပြင် မြစ်ကြီးနားဒေသရှိ တိုက်ပွဲရှောင်စခန်းများကဲ့သို့ပင် ၎င်းတို့၏ စခန်းများ၌ နေရာကျပ်တည်းမှုနှင့် စားရေ ရိက္ခာ အခက်အခဲ၊ သားသမီးပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ကြုံတွေ့နေရကြောင်း စသည်ဖြင့် ၎င်းတို့၏ အခက်အခဲများကို တင်ပြကြပါကြောင်း။

အထက်ပါ တွေ့ရှိချက်များအရ တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူများ၏ လတ်တလောကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ထိုက်သင့်သည့် ထောက်ပံ့ကူညီမှုများ ထိရောက်စွာဖြည့်ဆည်းပေးသင့်သည့်အပြင် ပြည်တွင်း ပြည်ပစေတနာရှင်များထံမှ လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ ၎င်းတို့ထံ ရောက်ရှိရေးအတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးသင့်သည်ဟု ယူဆပါကြောင်း။

ယခုအခါ တိုက်ပွဲများ ရပ်တန့်သွားပြီဖြစ်သော်လည်း တိုက်ပွဲရှောင်ပြည်သူများ အနေဖြင့် ၎င်းတို့ကျေးရွာများသို့ မပြန်ရဲကြကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရမှ တာဝန်ရှိသူများနှင့် ယင်းဒေသ လုံခြုံရေးအတွက် တာဝန်ယူထားသည့် တပ်မတော်မှ တာဝန်ရှိသူများသည် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်အတူ အဆိုပါ ကျေးရွာများသို့ သွားရောက်၍ ကျေးရွာသူ ကျေးရွာသားများ၏ လုံခြုံမှု၊ စိတ်ချယုံကြည်မှုရရှိစေရေး၊ တောင်ယာစိုက်ပျိုးရေးနှင့် ဒေသတွင်း လွတ်လပ်စွာ သွားလာနေထိုင်နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း။

ယခုကဲ့သို့ တိုက်ပွဲဖြစ်ရာဒေသမှ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ မသန်စွမ်းသူများအပါအဝင် ကျေးလက်ပြည်သူများသည် အထက်ဖော်ပြပါ အခက်အခဲပေါင်းများစွာကို ရင်ဆိုင်နေကြရခြင်းကြောင့် နိုင်ငံတော်က လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာဖော်ဆောင်သင့်ပါကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အကြံပြုအပ်ပါကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီး

**ရန်ကုန် ဇွန် ၂၆**
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း ကုန်တင်ယာဉ်ရပ်နားကွင်း၌ မီးရှို့ဖျက်ဆီးပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးချုပ် ဝင်းနိုင်က မူးယစ်ဆေးဝါးသည် ယနေ့တွင် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေသော စိန်ခေါ်မှုတစ်ရပ်အဖြစ်ရှိနေသည့်အပြင် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ ဘဝကိုပါ ခြိမ်းခြောက်နေသော အန္တရာယ်ဆိုးကြီးဖြစ်သောကြောင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် ဘုံပြဿနာအဖြစ် ခံယူကာ ကိုယ်စီကိုယ်စီတာဝန်ရှိစွာဖြင့် မူးယစ်ဆေးဝါးတားဆီးရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းလျက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းတိုက်ဖျက်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။ ယနေ့မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများမှာ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့တို့မှ ဖမ်းဆီးရမိပြီး တရားရုံးပြီးပြတ်ချက် ရရှိပြီးသည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခြင်း ဖြစ်ကြောင်း၊ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး ၂၅ မျိုး၏ တန်ဖိုးမှာ ကာလပေါက်စျေးအရ မြန်မာငွေကျပ် ၈၉၅၄ ဒသမ ၅၁၂၂ သန်း၊ အမေရိကန်ဒေါ်လာသန်း ၆၆ ဒသမ ၃၅၈၉၇၉၂ ရှိကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု အမှုပေါင်း ၈၅၆ မှုရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူ ၁၃၁၈ ဦးကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။





ဆက်လက်၍ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ဧည့်သည်တော်များက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို လေ့လာမှုများပြုလုပ်ခဲ့ပြီးနောက် ဖျက်ဆီးမည့် မူးယစ်ဆေးဝါး ဗျူပရီနော်ဖင်းပုလင်းများကို အုတ်ကန်အတွင်းသို့ ပစ်ပေါက်ဖျက်ဆီး၍လည်းကောင်း၊ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်ကာ မီးရှို့၍လည်းကောင်း ဖျက်ဆီးခဲ့ကြသည်။ **(ဓါတ်ပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်း- သန်းထိုက်၊ ဓာတ်ပုံ- သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၆**

မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရာ ပြည်နယ်လေးခုရှိ မြို့နယ် ၁၅ မြို့နယ်တွင် စုစုပေါင်းကယ်ဆယ်ရေးစခန်း ၁၄၀ ရှိနေပြီး နေရပ်စွန့်ခွာသူလူဦးရေ ၁၆၀၀၀၀ ကျော်ရှိနေသည်။ ယင်းစခန်းများအနက် နှစ်ကာလကြာရှည်နေသော၊ စခန်းပိတ်သိမ်းရန် လိုအပ်သောစခန်းများကို ပိတ်သိမ်းရေး၊ လတ်တလောလုံခြုံရေးအရ စခန်းပိတ်သိမ်းရန် မဖြစ်နိုင်သေးသော ကယ်ဆယ်ရေးစခန်းများကို ဆက်လက်ထားရှိရေးနှင့် စခန်းပိတ်သိမ်းပြီးပါက ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်။

အဆိုပါ ကိစ္စရပ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiis ဦးဆောင်သော UNOCHA နှင့် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ရေး ဦးတည်ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက် ၈၈ ချက်အနက်မှ အကြံပြုချက် ၈၀ ခန့် အကောင်အထည်ဖော်ဆောင်လျက်ရှိမှု၊ နေရပ်စွန့်ခွာနေထိုင်ရသူများ၏ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ နေရပ်စွန့်ခွာသူများ ကိုယ်တိုင်နှင့် ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ဆွေးနွေးမှုများ ဆောင်ရွက်ရေး၊ ပြန်လည်နေရာချထားရေးတွင် သက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ပညာရေး၊ ကျန်းမာရေးစသည့် အခြေခံဝန်ဆောင်မှုများ လက်လှမ်းမီရရှိစေရေး၊ လက်ရှိနိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်သို့ ပါဝင်ဆောင်ရွက်မှု အခြေအနေများ၊ အိုးအိမ်ဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်ဆဲအစီအစဉ်များ၊ လုံခြုံရေးဆိုင်ရာနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ မောင်တောမြို့နယ်တွင် ဦးစွာပထမလွတ်လပ်စွာ သွားလာခွင့်ရရှိစေရေး ဆောင်ရွက်ပေးမှုများ၊ လူမှုအသိုက်အဝန်းနှစ်ရပ်အကြား သဟဇာတဖြစ်စွာ နေနိုင်ရေးအတွက် ကျောက်တော်မြို့နယ်၊ နိဒင်ရွာကယ်ဆယ်ရေးစခန်း ပိတ်သိမ်း၍ ပြန်လည်နေရာချထားရေးတွင် စံပြမြို့နယ်အဖြစ် ဆောင်ရွက်နေမှုများ၊ လူမှုအသိုက်အဝန်းများအကြား ပြန်လည်သင့်မြတ်ရေးအတွက် Centre for Humanitarian Dialogue အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ရေးနှင့် အကူအညီပေးရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ Country Director တို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ အလန် မာစီရယ်နှင့် အဖွဲ့အား လည်းကောင်း **(ယာပုံ)**၊ မွန်းလွဲ ၂ နာရီတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ Country Director, Mr. Newin Sinsiri နှင့်အဖွဲ့အား လည်းကောင်း နေပြည်တော်ရှိ ရုံးအမှတ်-၂၆ ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အမေရိကန် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံသို့ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့တွင် ကျောက်စိမ်း အတွဲပေါင်း ၈၁၈ တွဲကို ယူရို ၈၆ ဒသမ ၈၆၆ သန်းဖြင့် ရောင်းချခဲ့

**နေပြည်တော် ဇွန် ၂၆**

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို ယနေ့နံနက် ၈ နာရီမှ စတင်ကျင်းပခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၈၁၈ တွဲကို ယူရို ၈၆ ဒသမ ၈၆၆ သန်းဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။

ယနေ့တွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည် ၄၀၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာဝယ်ယူခဲ့ကြပြီး အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲအမှတ် ၂၃၀၁ မှ ၃၄၅၀ အထိ အတွဲပေါင်း ၁၁၅၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ရတနာပြပွဲများသို့ အကြိမ် ၂၀ နှင့်အထက် ဆက်တိုက် တက်ရောက်ခဲ့ကြသော ပြည်ပရတနာကုန်သည်များကို ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာက ကျောက်မျက်ရတနာပြပွဲများသို့ အကြိမ် ၂၀ ဆက်တိုက် တက်ရောက်ခဲ့ကြသည့် ပြည်ပရတနာကုန်သည် ခြောက်ဦးအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်းက အကြိမ် ၃၀ ဆက်တိုက် တက်ရောက်ခဲ့သည့် ရတနာကုန်သည် တစ်ဦးနှင့် ၃၅ ကြိမ်ဆက်တိုက် တက်ရောက်ခဲ့သည့် ရတနာကုန်သည်နှစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ အဋ္ဌမနေ့အဖြစ် ဇွန် ၂၇ ရက်တွင် ကျောက်စိမ်း အတွဲ ၃၄၅၁ မှ ၄၆၀၀ အထိ၊ ဇွန် ၂၈ ရက်တွင် ကျောက်စိမ်းအတွဲ ၄၆၀၁မှ ၅၇၅၀ အထိနှင့် ဇွန် ၂၉ ရက်တွင် ကျောက်စိမ်းအတွဲ ၅၇၅၁ မှ ၆၇၉၅ အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးသူဟိန်း**
**ဓာတ်ပုံ-ကျော်ရဲဆွေ**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား မောင်တောတွင် ကျင်းပ

**မောင်တော ဇွန် ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။ **(အောက်ပုံ)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားတွင် မောင်တောခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှ ပေးပို့သော သဝဏ်လွှာအား မောင်တောခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်းက ဖတ်ကြားသည်။

ယင်းနောက် မောင်တောခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုခရိုင်ဥပဒေအရာရှိ ဦးဆန်းဝင်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေပိုင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြကာ ခရိုင်လက်ထောက်ဆရာဝန် ဒေါက်တာဖြိုးကိုကိုဇော်က မူးယစ်ဆေးဝါး သုံးစွဲရောဂါအကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနား၌ (၂၁)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက တစ်ဦးချင်းစီဆုများ ချီးမြှင့်ခဲ့ကြသည်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ NGO အဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေဝင်းထွန်း(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



# နောက်တစ်ဆင့်အတွက် နိုင်ပွဲရယူမယ့် ဂျာမနီ

ဝင်းမြတ်

**၂၇ ဇွန်လ ၂၀၁၈ ည ၉း၃၀ (Kazan' Arena )**




ဇွန် ၂၇ ရက် ညမှာတော့ အုပ်စု (စ) ရဲ့ အုပ်စု နောက်ဆုံးပွဲစဉ်တွေကို ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲတွေအနက်က တောင်ကိုရီးယားနဲ့ ဂျာမနီတို့ရဲ့ပွဲကို သုံးသပ်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

**တောင်ကိုရီးယားရဲ့အခြေအနေ**

တောင်ကိုရီးယားအနေနဲ့ နှစ်ပွဲစလုံး အရေးနိမ့်ခဲ့တာကြောင့် နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ မျှော်လင့်လို့ မရနိုင်တော့ပါဘူး။ တောင်ကိုရီးယားအနေနဲ့ နောက်ဆုံးပွဲမှာ နိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ဂျာမနီကို တံ့ပြန်ဖို့ ခက်ပါတယ်။

**ဂျာမနီရဲ့အခြေအနေ**

ဂျာမနီကတော့ အုပ်စုဒုတိယပွဲမှာ ဆွီဒင်ကိုအနိုင်ကစားနိုင်ခဲ့တာကြောင့် ဒီပွဲမှာသာအနိုင်ရရှိခဲ့မယ်ဆိုရင် နောက်တစ်ဆင့်တက်နိုင်ဖို့ မျှော်လင့်နိုင်မှာဖြစ်ပါတယ်။ ဂျာမနီရဲ့ တိုက်စစ်ကစားပုံက အားနည်းပေမယ့် အသင်းလိုက် စွမ်းဆောင်ရည်ကတော့ ထက်မြက်မှုရှိနေပါတယ်။

**သုံးသပ်ချက်**

ဂျာမနီတို့ နိုင်ပွဲရဖို့ အားစိုက်မှာဖြစ်သလို တိုက်စစ်အားပြုကစားလာမှာဖြစ်ပါတယ်။ ဂျာမနီရဲ့ ကွင်းလယ်ပိုင်းစွမ်းဆောင်ရည်ကလည်း ကောင်းမွန်ကာ တောင်ကိုရီးယားရဲ့ တိုက်စစ်ကလည်း အားနည်းနေတာကြောင့် ဂျာမနီသာ အနိုင်ရသွားဖို့ရှိပါတယ်။

# အုပ်စုတက်ရေးအကြိတ်အနယ်ယှဉ်ပြိုင်မယ့် မက္ကဆီကိုနဲ့ ဆွီဒင်

**၂၇ ဇွန်လ ၂၀၁၈ ည ၉း၃၀ (Ekaterinburg Arena )**




အုပ်စု (စ) ရဲ့ အခြားအုပ်စု နောက်ဆုံးပွဲစဉ် တစ်ပွဲဖြစ်တဲ့ မက္ကဆီကိုနဲ့ ဆွီဒင်တို့ရဲ့ ပွဲကို တောင်ကိုရီးယား-ဂျာမနီတို့ရဲ့ပွဲနဲ့ တစ်ပြိုင်တည်း ကျင်းပသွားမှာဖြစ်ပြီး ဘယ်အသင်းရလဒ်ကောင်းမလဲ စောင့်ကြည့်ရမယ်။

**မက္ကဆီကိုရဲ့အခြေအနေ**

မက္ကဆီကိုက လက်ရှိအချိန်မှာ ခြောက်မှတ်ရရှိထားပြီဖြစ်ပေမယ့် ဒီပွဲမှာသာ အရေးနိမ့်ခဲ့ရင် ဆွီဒင်နဲ့ အမှတ်တူသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဖက်ပွဲမှာလည်း ဂျာမနီသာ အနိုင်ရခဲ့ရင် ခြောက်မှတ် သုံးသင်း တူညီသွားနိုင်လို့ မက္ကဆီကိုတို့ နောက်တစ်ဆင့်တက်ဖို့ သေချာမှုရှိမှာမဟုတ်တော့ပါဘူး။

**ဆွီဒင်ရဲ့အခြေအနေ**

ဆွီဒင်ကတော့ ဒီပွဲမှာသရေကျလို့ တောင်မရဘဲ နိုင်ပွဲရရှိမှသာနောက်တစ်ဆင့်ကိုတက်ရောက်နိုင်ဖို့ မျှော်လင့်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဆွီဒင်တို့ တိုက်စစ် အားပြုကစားလာမှာဖြစ်ပါတယ်။

**သုံးသပ်ချက်**

ခြေစွမ်းပိုင်းချင်း နှိုင်းယှဉ်မယ်ဆိုရင်တော့ မက္ကဆီကိုက အသင်းလိုက်စွမ်းဆောင်ရည်ရော တိုက်စစ်ပိုင်းပါ ပိုမိုကောင်းမွန်မှုရှိပါတယ်။ ကစားပုံလည်း လျင်မြန်မှုရှိတာကြောင့် ဒီပွဲမှာ အနိမ့်ဆုံး သရေလောက်တော့ ကစားနိုင်ဖို့ ရှိပါတယ်။

# ဆားဘီးယားကို လွယ်လွယ်နဲ့အနိုင်မရနိုင်တဲ့ ဘရာဇီး

**၂၈ ဇွန်လ ၂၀၁၈ နံနက် ၀၀း၃၀ (Otkrytiye Arena )**




ဇွန် ၂၈ ရက် နံနက်ပိုင်းမှာတော့ အုပ်စု(င)ရဲ့ နောက်ဆုံးပွဲစဉ်တွေကို ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲတွေအနက် နောက်တစ်ဆင့်တက်ဖို့ အဆုံးအဖြတ် ဖြစ်နေတဲ့ ဆားဘီးယားနဲ့ ဘရာဇီးတို့ပွဲကို သုံးသပ်တင်ပြလိုက်ရပါတယ်။

**ဆားဘီးယားရဲ့အခြေအနေ**

ဆားဘီးယားအနေနဲ့ သုံးမှတ်ရယူထားနိုင်တာကြောင့် ဒီပွဲမှာသာ အနိုင်ရခဲ့မယ်ဆိုရင် နောက်တစ်ဆင့်ကို တက်ရောက်နိုင်မှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဆားဘီးယားတို့ အားစိုက်ကစားလာမှာဖြစ်ပါတယ်။

**ဘရာဇီးရဲ့အခြေအနေ**

ဘရာဇီးကတော့ လက်ရှိအချိန်မှာ လေးမှတ်ရယူထားနိုင်တာကြောင့် ဒီပွဲမှာ အနိမ့်ဆုံး သရေစားနိုင်ရုံနဲ့ နောက်တစ်ဆင့်ကို တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဘရာဇီးအနေနဲ့ အုပ်စုပထမနေရာအတွက် သရေထိန်း ကစားမှာမဟုတ်ဘဲ နိုင်ပွဲအတွက် တိုက်စစ်ဖွင့်ကစားမှာဖြစ်ပါတယ်။

**သုံးသပ်ချက်**

ဘရာဇီးဟာ ထိုးဖောက်ကစားပုံကောင်းပေမယ့် ခပ်ကြမ်းကြမ်းကစားတတ်တဲ့အသင်းတွေနဲ့ ရင်ဆိုင်ရချိန်မှာ ဂိုးရဖို့ ရုန်းကန်ရတတ်ပါတယ်။ ဆားဘီးယားကလည်း ခပ်ကြမ်းကြမ်းဟန်တားမှာဖြစ်လို့ ဘရာဇီးအခက်တွေ့နိုင်ကာ ကပ်ပြီးသာအနိုင်ရမယ်။

# နောက်ဆုံးပွဲစဉ်မှာလည်း နိုင်ပွဲရယူသွားမယ့် ဆွစ်ဇာလန်

**၂၈ ဇွန်လ ၂၀၁၈ နံနက် ၀၀း၃၀ (Stadion Nizhny)**




ဇွန် ၂၈ ရက် နံနက်ပိုင်းမှာတော့ အုပ်စု (င) ရဲ့ နောက်ဆုံးပွဲစဉ်တွေကို ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲတွေအနက် ဆွစ်ဇာလန်နဲ့ ကော်စတာရီကာတို့ ဆုံတွေ့နေတဲ့ပွဲကို သုံးသပ်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

**ဆွစ်ဇာလန်ရဲ့အခြေအနေ**

ဆွစ်ဇာလန်အနေနဲ့ လေးမှတ် ရယူထားနိုင်တာကြောင့် ဒီပွဲမှာ အနိမ့်ဆုံး သရေကစားနိုင်ရုံနဲ့ နောက်တစ်ဆင့်ကို တက်ရောက်နိုင်မှာဖြစ်ပါတယ်။ ဆွစ်ဇာလန်ရဲ့ ကစားပုံ ကောင်းမွန်နေကာ တန်ပြန်တိုက်စစ် ကစားပုံလည်း ထက်မြက်မှုရှိတာကို တွေ့ရပါတယ်။

**ကော်စတာရီကာရဲ့အခြေအနေ**

ကော်စတာရီကာက နှစ်ပွဲလုံး အရေးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်ပါတယ်။ ကော်စတာရီကာ တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေအားနည်းလို့ နိုင်ပွဲတွေ ပျောက်ဆုံးခဲ့ရတာလည်း ဖြစ်ပါတယ်။

**သုံးသပ်ချက်**

အနိုင်အရှုံး အရေးမပါတော့တဲ့ ကော်စတာရီကာတို့ ဖိအားကင်းကင်းနဲ့ ရင်ဆိုင်လာမှာဖြစ်ပေမယ့် တိုက်စစ်ပိုင်း အားနည်းနေတာကြောင့် ဆွစ်ဇာလန် ခံစစ်ကို ဖိအားပေးဖို့ ခက်တယ်။ ဆွစ်ဇာလန်ရဲ့ တန်ပြန်တိုက်စစ်ကလည်း ထက်မြက်လို့ ဆွစ်ဇာလန်ပဲ အနိုင်ရမယ်။

## ကမ္ဘာ့ဖလားအုပ်စု နောက်ဆုံးပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် ဒိန်းမတ်နှင့် ပြင်သစ် သရေကျပြီး ပီရူးက သြစတြေးလျကိုနိုင်

၂၀၁၈ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ကမ္ဘာ့ဖလား ၃၂ သင်းအဆင့် အုပ်စု နောက်ဆုံးပွဲစဉ်များမှ အုပ်စုတစ်အုပ်စုရှိ ပွဲစဉ်နှစ်ပွဲကို တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အုပ်စု(ဂ)ပွဲစဉ်များကို ဇွန် ၂၆ ရက် ညပိုင်းတွင် ယှဉ်ပြိုင်ခဲ့ရာ ဒိန်းမတ်နှင့် ပြင်သစ်ပွဲစဉ်မှာ ဂိုးမရှိသရေကျခဲ့ပြီး ပီရူးက သြစတြေးလျကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုတွင် ပြင်သစ်အသင်းသည် ရမှတ် ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ ဒိန်းမတ်အသင်းသည် ရမှတ် ငါးမှတ်ဖြင့် အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်သွားပြီး ပီရူးအသင်းသည် နောက်ဆုံးပွဲကို သိက္ခာအရ အနိုင်ကန်ကာ ရမှတ်သုံးမှတ်အပြည့် ယူနိုင်ခဲ့သည်။ သြစတြေးလျအသင်းမှာ ရမှတ်တစ်မှတ်သာ ရရှိခဲ့သည်။

ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် အုပ်စု(ခ)မှ နောက်ဆုံးပွဲစဉ်များ ယှဉ်ပြိုင်ခဲ့ရာတွင် အီရန်နှင့်ပေါ်တူဂီတို့ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့ပြီး စပိန်နှင့် မော်ရိုကိုတို့မှာ တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့သည်။ အီရန်နှင့် ပေါ်တူဂီပွဲတွင် ပထမပိုင်းပြီးခါနီးတွင် ကွင်းလယ်ကစားသမား ကွာရက်စ်မာက ပေါ်တူဂီအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ဒုတိယပိုင်း ပွဲချိန် ၅၃မိနစ်တွင် ပေါ်တူဂီအသင်း ပယ်နယ်တီကန်ခွင့်ရကာ အသင်းခေါင်းဆောင် စီရော်နယ်ဒို ကန်သွင်းခဲ့ပေမယ့် ဂိုးမဝင်ခဲ့ပေ။ ဒုတိယပိုင်း ပွဲပြီးခါနီးတွင် အီရန်အသင်း ပယ်နယ်တီကန်ခွင့် ပြန်လည်ရရှိခဲ့ပြီး အန်ဆာရီဖက်ဒ်က သွင်းယူခဲ့၍ အီရန်တို့ ချေပဂိုးရရှိခဲ့သည်။

စပိန်နှင့် မော်ရိုကို ပွဲတွင် ပွဲစပြီး ၁၄ မိနစ်တွင် မော်ရိုကိုတိုက်စစ်မှူး ခါလစ်ဘော့တိုက်ဘ်က ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၁၉ မိနစ်တွင် အစ္စကိုက စပိန်အတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့ပြီး ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၈၁ မိနစ်တွင် လူစားဝင်ကစားသမား အန်နက်စရီက မော်ရိုကိုအတွက် ပြန်လည်ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲပြီးခါနီး မိနစ် ၉၀ တွင် အက်စ်ပက်က စပိန်အတွက် ဒုတိယမြောက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ယင်းအုပ်စုတွင် စပိန်နှင့် ပေါ်တူဂီအသင်းတို့မှာ ရမှတ်ငါးမှတ်စီ တူညီနေပြီး ၁၆ သင်း ရှုံးထွက်အဆင့်သို့ စပိန်က ဂိုးကွာခြားချက်ဖြင့် အုပ်စုပထမနှင့် ပေါ်တူဂီက ဒုတိယဖြင့် တက်ရောက်သွားသည်။ အီရန်မှာ ရမှတ် လေးမှတ်နှင့် မော်ရိုကိုမှာ ရမှတ်တစ်မှတ်သာ ရရှိခဲ့ပြီး အုပ်စုအဆင့်၌သာ ကျနပ်ခဲ့ရသည်။

**သီဟ**

# အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်းရှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၂၆**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်းရှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို သြဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီသည် ယင်းပြိုင်ပွဲတွင် ဆုတံဆိပ်ရနိုင်သည့် အားကစားနည်းများနှင့် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အားကစားနည်း ရှစ်မျိုးအား ရွေးချယ်ယှဉ်ပြိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မူလက အားကစားနည်း ခုနစ်မျိုးတွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း ယခုအခါ တိုက်ကွမ်ဒိုအားကစားနည်း၌ ထပ်တိုးယှဉ်ပြိုင်မည်ဖြစ်ရာ စုစုပေါင်း ရှစ်မျိုးဖြစ်သွားခြင်းဖြစ်သည်။ အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ သေနတ်ပစ်၊ ဘောလုံး၊ လှေလှော်၊ မြားပစ်၊ ဘော်လီဘောနှင့် တိုက်ကွမ်ဒိုအားကစားနည်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၂၀၁၄ အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်းအရေအတွက်ထက် နှစ်မျိုး လျော့နည်းသွားခြင်းဖြစ်သည်။ ၂၀၁၄ အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်းများအနက် နပန်း၊ အလေးမ၊ ဂျူဒိုနှင့် ပြေးခုန်ပစ်အားကစားနည်းတို့ ပါဝင်လာခြင်းမရှိဘဲ ဘောလုံးနှင့် လှေလှော် အားကစားနည်းများတွင် တစ်ကျော့ပြန် ယှဉ်ပြိုင်မည်ဖြစ်သည်။ လှေလှော်အားကစားနည်းတွင် ယခုပြိုင်ပွဲ၌ ရိုးရာလှေ၊ ကနူး/ကယက်၊ အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲအားလုံး ပါဝင်မည်ဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့သည် ရိုးရာလှေပြိုင်ပွဲ၌ ပြိုင်ပွဲ ငါးမျိုးစလုံး ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့သည် ၂၀၁၄ အာရှအားကစားပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ပြီး ယင်းဆုတံဆိပ်အားလုံးကို မြန်မာပိုက်ကျော်ခြင်းအသင်းက ရယူပေးခဲ့ခြင်းဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲ သတ်မှတ်ချက်အရ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသားနှင့် အမျိုးသမီးအသင်းများမှာ ကြိုက်နှစ်သက်ရာပြိုင်ပွဲ နှစ်မျိုးစီသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ရာ မြန်မာ ပိုက်ကျော်ခြင်း အသင်းအနေဖြင့် အောင်မြင်မှု ဆက်လက်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။




၂၀၁၄ ပြိုင်ပွဲတွင် အောင်မြင်မှုရခဲ့သည့် မြန်မာ ပိုက်ကျော်ခြင်းအသင်း ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် ယှဉ်ပြိုင်နေစဉ်။

ယခုနှစ် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန် ရွေးချယ်ထားသည့် အားကစားနည်းများအနက် ရွှေဆု အပါအဝင် ဆုတံဆိပ်မျှော်မှန်းနိုင်သည့် အားကစားနည်းများ ပါဝင်သလို ဆုတံဆိပ်ရရန် ကြိုးစားရမည့် အားကစားနည်းများလည်း ပါဝင်နေသည်။ ဘောလုံးအားကစားနည်းမှလွဲ၍ ကျန်အားကစားနည်းများမှာ လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်ပြီး အောင်မြင်မှုရရေး ရည်မှန်းချက်ထား ပြင်ဆင်လျက်ရှိသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွှန့်**

❍ ကျောဖုံးမှ

ကစားပုံပိုကောင်းခဲ့ပြီး ၂၇ မိနစ်တွင် မြတ်ကောင်းခန့်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းကာ အဖွင့်ဂိုးရယူခဲ့သည်။ ရောဝတီအတွက် ချေပဂိုးကို ၃၇မိနစ်တွင် အောင်ကိုကိုဝင်းက ခေါင်းတိုက်သွင်းခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာယူ-၁၉အသင်းက ကစားသမားအများအပြား လဲကစားခဲ့ပြီး ရောဝတီအသင်းကလည်း မိနစ် ၆၀ တွင် အောင်ကျော်နိုင်၊ သီဟဇော်၊ ရန်ပိုင်စိုးစသည့် အမာခံများကို ထည့်သွင်းအသုံးပြုခဲ့သည်။ မိနစ် ၆၀ တွင် လွှမ်းမိုးဦးက ယူ-၁၉အသင်းအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ အမာခံများပါလာသည့် ရောဝတီအသင်းသည် တိုက်စစ်ကစားပုံ ပိုကောင်းလာပြီး ၇၄ မိနစ်တွင် အောင်ကျော်နိုင်က ချေပဂိုး၊ ၈၀မိနစ်တွင် သီဟဇော်က တတိယဂိုးသွင်းယူခဲ့သည်။ မြန်မာယူ-၁၉ အသင်းအတွက် ချေပဂိုးကို ၈၄ မိနစ်တွင် နောက်ခံလူ ရဲလင်းထက်က သွင်းယူခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် ပြိုင်ပွဲမတိုင်မီ ပြည်တွင်းခြေစမ်းပွဲ ငါးပွဲကစားခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲ ရှုံးနိမ့်ခဲ့သည်။ စင်ကာပူခြေစမ်းခရီးစဉ်တွင်မူ မြန်မာယူ-၁၉ အသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ **သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွှန့်**

# ခြိမ်းခြောက်ငွေကြေးတောင်းခံပြီး ဥပဒေမဲ့လုပ်ရပ်များ ပြုလုပ်ခဲ့သည့် ရှုထောင့်မှုခင်း သတင်းထောက်များအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူ

**နေပြည်တော် ဇွန် ၂၆**

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် "နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများ၏ အသွင်သဏ္ဌာန်ဖြင့် ယူနီဖောင်းများ ဖန်တီးဝတ်စားဆင်ယင်ခြင်း မပြုကြရန်နှင့် ဝတ်ဆင်ကြောင်း တွေ့ရှိပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ထို့ပြင် ဇွန် ၁၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်လည်း မှုခင်းသတင်းထောက်များ အပါအဝင် သတင်းထောက်အသင်းဝင်များအနေဖြင့် နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများနှင့် အသွင်သဏ္ဌာန်တူသော ဝတ်စုံများ ဝတ်ခြင်းနှင့် ဥပဒေမဲ့ ငွေကြေးတောင်းခံခြင်း၊ အမှုများတွင် အမှုလိုက်အကျိုးဆောင်အဖြစ် လုပ်ကိုင်ခြင်းစသည့် ဥပဒေမဲ့လုပ်ရပ်များ လုပ်ကိုင်ခြင်းတို့အပေါ် စိစစ်တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်များ ထုတ်ပြန်ထားခဲ့ပြီး ဖြစ်သည်။

ထိုသို့ ကြေညာထားပြီးဖြစ်သော်လည်း ဇွန် ၂၂ ရက် ည ၁၀ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် အောင်သာကုန်းကျေးရွာနေ ဦးအောင်ထွန်းသည် နားတောကျေးရွာနေ ဦးသိန်းရွှေ၊ ဦးစံတဲ၊ ဦးမောင်အုန်းတို့နှင့်အတူ နားတောကျေးရွာ မူလတန်းလွန်ကျောင်း စာရေးခုံများပြုပြင်ရန်အတွက် ပျဉ်တိုပျဉ်စပျဉ်ပေါင်းများအား ပရိဘောဂဆိုင်သို့ ပို့ရန် တုန်းဖုန်းယာဉ်ဖြင့် သယ်ဆောင်လာစဉ် ရှုထောင့်မှုခင်းသတင်းထောက်အမည်ပါဝတ်စုံ ဝတ်ဆင်ထားသူ တစ်ဦးအပါအဝင် စုစုပေါင်း လေးဦးတို့က ကား၊ ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး "အမှုလိုတယ်၊ ငွေမလိုဘူး၊ တာဝန်ရှိသူတွေကို ပိုက်ဆံပေးထားသလား" ဟု ပြောဆိုကာ ထောင် ၁၀ နှစ်ထိ ကျနိုင်သောဥပဒေဖြင့် ဖမ်းဆီးမည်ဟု ခြိမ်းခြောက်၍ ဗန်းမောက်မြို့ မြနန္ဒာရပ်ကွက်ရှိ လိပ်စာမသိ ဆိုင်းဘုတ်ထောင်ထားသည့် အဆောက်အဦအတွင်းသို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ပျဉ်တိုပျဉ်စများ သယ်ဆောင်လာသူ ဦးအောင်ထွန်းတို့အဖွဲ့အား အဆောက်အဦအတွင်း၌ ထိုင်ခိုင်းကာ ဇော်လင်းထွန်းဆိုသူက ၎င်းသည် ခရိုင်သတင်းထောက်ဥက္ကဋ္ဌဖြစ်ကြောင်း ပြောဆို၍ ဦးအောင်ထွန်း၏ လွယ်အိတ်ကိုရှာဖွေကာ "မင်းတို့ အဖမ်းမခံရအောင် ဘယ်လိုညှိမလဲ" ဟု ပြောဆိုခဲ့ကြောင်း၊ ဦးအောင်ထွန်းနှင့် အဖွဲ့က ငွေကျပ် တစ်သိန်းပေးသော်လည်း လက်မခံဘဲ ငွေကျပ် ငါးသိန်းပေးရန် ပြောသဖြင့် ငွေကျပ်ငါးသိန်း ထုတ်ပေးခဲ့ရကြောင်း၊ ဇော်လင်းထွန်းပါ လေးဦးအား အရေးယူပေးရန် ဦးအောင်ထွန်းက တိုင်တန်းခဲ့၍ ဇွန် ၂၃ ရက်တွင် ဗန်းမောက်မြို့မရဲစခန်းမှ အမှုဖွင့်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးဖော်ထုတ်ချက်အရ ဇော်လင်းထွန်း ၃၃နှစ်၊ (ဖ) ဦးသောင်းဟန် မြနန္ဒာရပ်ကွက် ဗန်းမောက်မြို့နေသူနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများဖြစ်သော မိုးကျော်ကျော်ဦး(ခ) ဥက္ကာမိုး ၄၁ နှစ် (ဖ)ဦးတင်စိုး၊ ရှိုင်းကိုကို(ခ) ကိုရှိုင်း ၃၁ နှစ် (ဖ)ဦးသက်ဦး၊ မြင့်သူ(ခ)မြမိုး ၃၆ နှစ် (ဖ)ဦးစံမြင့်တို့ လေးဦးအား စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ဇွန် ၂၅ ရက်တွင် အမှုဖြင့် ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ သက်သေခံငွေကျပ်ငါးသိန်း၊ အခင်းဖြစ်စဉ် ဝတ်ဆင်ခဲ့သည့်ဝတ်စုံအပါအဝင် ရှုထောင့်မှုခင်း SH တံဆိပ်ပါ ပိကက်နှစ်လုံး၊ SH သတင်းထောက်လက်မောင်း တံဆိပ်ပါ အနက်ရောင်အင်္ကျီနှစ်ထည်၊ ရှုထောင့်မှုခင်း SH တံဆိပ်ပါ အနက် ရောင် လက်တိုအင်္ကျီနှစ်ထည်၊ အနက်ရောင်ဘောင်းဘီရှည် နှစ်ထည်၊ ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုခဲ့သော YGN-6F/8908 နံပါတ်ပါ NISSAN PRIMERA အနက်ရောင် မော်တော်ယာဉ် တစ်စီးနှင့် နံပါတ်မပါ PANG-BO-125 နီနက်ကျား ဆိုင်ကယ် တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ဥပဒေမဲ့ငွေကြေးတောင်းခံပြီး ဥပဒေမဲ့လုပ်ရပ်များ လုပ်ကိုင်ကာ ရာဇဝတ်မှုကျူးလွန်ခဲ့သော ရှုထောင့် မှုခင်းသတင်းထောက်နှင့် အဖွဲ့ဝင်များဖြစ်သည့် ဇော်လင်းထွန်းပါ လေးဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**



ရှိုင်းကိုကို၊ ဇော်လင်းထွန်း၊ မြင့်သူ (ခ) မြမိုး၊ မိုးကျော်ကျော်ဦး (ခ) ဥက္ကာမိုး



ကသာခရိုင် ရှုထောင့်မှုခင်း သတင်းထောက် ဥက္ကဋ္ဌ ဇော်လင်းထွန်း




ဗန်းမောက်မြို့ မြနန္ဒာရပ်ကွက်ရှိ မှုခင်းနှင့် သတင်းအထူး စုံစမ်းထုတ်ပြန်ရေးအဖွဲ့ အဆောက်အဦနှင့် ဆိုင်းဘုတ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၇ - ၆ - ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၉:၁၀ - ဘဒ္ဒန္တ အဂ္ဂဓမ္မ (အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ) တွဲဖက်အကျိုးတော်ဆောင် ဆရာတော်) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဓမ္မရောင်ခြည်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဉပေါသထသီလခံယူဆောက်တည်ခြင်း
၁၃:၁၀ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III) (ပွဲစဉ်-၃) (ရန်ကုန်မြို့) (ပထမပိုင်း)

**ညပိုင်း**

၁၇:၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ဝိညာဉ်စိမ်း" (ကျော်သူ၊ ရန်အောင်၊ မင်းမော်ကွန်း၊ နေမျိုးအောင်၊ ကျော်ကျော်ဗိုလ်၊မြင့်မြတ်၊ဟိန်းဝေယံ၊ စိုးမြတ်သူဇာ၊ ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၇:၃၅ - MRTV Travelogue
၁၉:၁၅ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၇)
၂၀:၀၀ - ပြည်တွင်းသတင်း
၂၀:၃၅ - ဂီတသမား၊ ဂီတစကား **ဖွားဖက်တော်တေးသီချင်း နှစ်ပုဒ်** (ဂီတစာဆို- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
၁၂:၀၀ - ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Switzerland Vs Costa Rica)

## ပင်လောင်းမြို့နယ်တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၆**

မူးယစ်တပ်ဖွဲ့စု ၂၆ ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၅ ရက် ညနေ ၆ နာရီက ပင်လောင်းမြို့နယ် ပင်လောင်း-အောင်ပန်းသွားလမ်း နဂါးဘိလပ်မြေစက်ရုံရှေ့ မိုင်တိုင်အမှတ် ၁၅/၁ အနီးတွင် စိုးသိန်း (ခ) မောင်ဘိ မောင်းနှင်လာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းစိမ်း ၁၉ ဒသမ ၈၉ ကီလိုသိမ်းဆည်းရမိခဲ့သဖြင့် စိုးသိန်း (ခ) မောင်ဘိ (၂၆ နှစ်) ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



## ကျောင်းသားလေးဦး အုတ်ကျင်းရေအိုင်အတွင်း ရေဆင်းချိုးရာမှ သုံးဦး ရေနစ်သေဆုံး

**ရေစကြို ဇွန် ၂၆**

ရေစကြိုမြို့အမှတ် ၆ ရပ်ကွက် ကွင်းအမှတ် (၁၁၄-က) ရှိ (၁၀၀×၅၀) ပေရှိ မိုးရေများဝင်ရောက်နေသည့် အုတ်ကျင်းရေအိုင်အတွင်း ကျောင်းသားလေးဦး ရေဆင်းချိုးရာမှ သုံးဦး ရေနစ်သေဆုံးကြောင်း မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၆ရက် ညနေ ၄ နာရီခွဲခန့်က မောင်ခန့်မင်း (သတ္တမတန်း)၊ မောင်ရဲကိုဦး (ဆဋ္ဌမတန်း)၊ မောင်လှိုင်ခန့်အောင် (စတုတ္ထတန်း)၊ မောင်မြင့်ဖြိုးကျော် (တတိယတန်း) တို့သည် ကျောင်းမှအပြန် အိမ်၌ ကျောင်းလွယ်အိတ်များထားခဲ့ပြီး အဆိုပါ အုတ်ကျင်းရေအိုင်အတွင်း ရေဆင်းချိုးရာမှ မောင်ရဲကိုဦး၊ မောင်လှိုင်ခန့်အောင်၊ မောင်မြင့်ဖြိုးကျော်တို့ သုံးဦး ရေနစ်နေကြောင်း မောင်ခန့်မင်းက မိဘများထံ အကြောင်းကြားခဲ့သဖြင့် မိဘများနှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက် ပြည်သူများရောက်ရှိလာပြီး ဝိုင်းဝန်းရှာဖွေရာ သုံးဦးကို သေဆုံးလျက်ဆယ်ယူရရှိကြောင်း သိရသည်။

အဆိုပါ ရေနစ်သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် စစ်ဆေးနိုင်ရန် ရဲစခန်းဆေးစာနှင့်အတူ ရေစကြိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်းနှင့် သေမှုသေခင်းအမှုဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်ချိုဦးထံမှ သိရသည်။

**ဇေထွဏ်းဇော် (ရေစကြို)**

## ရည်းစားကို လည်ပင်းညှစ်သတ်သူက ရဲထံသတင်းပို့ အဖမ်းခံ

**အမရပူရ ဇွန် ၂၆**

မန္တလေးခရိုင် အမရပူရမြို့နယ် တောင်သမန်ကျေးရွာအုပ်စု ထန်းတောကျေးရွာ အနီးတွင် ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ် ဝိုင်းလုံရွာနေ ဦးချစ်တင်၏သား ထွန်းထွန်းကျော် တတိယနှစ်ပထဝီ ရတနာပုံတက္ကသိုလ်ကျောင်းသားဆိုသူက ၎င်း၏ ရည်းစားဖြစ်သူ တပ်ကုန်းမြို့သပြေချောင်းကျေးရွာနေ ဦးလှဝင်း၏သမီး ဒုတိယနှစ် ဥပဒေ ရတနာပုံတက္ကသိုလ်ကျောင်းသူ မစောမြတ်မွန်နှင့် စကားများရန်ဖြစ်ပြီး လည်ပင်းညှစ်သတ်မိကြောင်း သတင်းပေးချက်အရ မန္တလေးတိုင်းဒေသကြီး Police Comment Center မှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် မင်းပိုင်ဦး၊ ဒုရဲအုပ် ပွင့်ဖူးခိုင် တို့ပါဝင်သော အဖွဲ့ဝင်များသည် အခင်းဖြစ်ပွားနေရာသို့ ရောက်ရှိခဲ့ရာ ထွန်းထွန်းကျော်က မစောမြတ်မွန်အား ပွေ့ချီထားပြီး ၎င်းကိုယ်တိုင် လည်ပင်းညှစ်သတ်ခဲ့ကြောင်း ပြောကြား၍ ကိုယ်တိုင်ဖမ်းဆီးခံသည်။ မစောမြတ်မွန်၏ လည်ပင်းတွင် အညှစ်ခံထားရသည့် ဒဏ်ရာများတွေ့ရှိကာ အသက်အန္တရာယ်စိုးရိမ်ရသဖြင့် ဝေဠုကျော်ဖောင်ဒေးရှင်း လူမှုကူညီရေးမော်တော်ယာဉ်ဖြင့် မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ လမ်းတွင် သေဆုံးသွားသည်။

ထွန်းထွန်းကျော်အား ရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်၍ ဥပဒေအရ အရေးယူဆောင်ရွက်ရန် စိစစ်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်စိုး၊ တင်မောင် (မန်းကိုယ်ပွား)**

## မုံရွာကြက်မွေးမြူရေးဇုန်အတွင်း အမှိုက်ရှင်းရာမှ မီးလောင်

**မုံရွာ ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကျောက်စစ်ပုံတောင်ရွာရှိ ကြက်မွေးမြူရေးအထူးဇုန်အတွင်း ဇွန် ၂၆ ရက် မွန်းလွဲပိုင်းက ကြက်ခြံဝင်းအတွင်း အမှိုက်များရှင်းလင်းစဉ် ပျားအုံကို မီးရှို့ရာမှ အနီးရှိ ကြက်ခြံအဟောင်း ရှစ်လုံး၊ လူနေအိမ်တစ်လုံး၊ အဆောက်အအုံ စုစုပေါင်း ကိုးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်တွင် မုံရွာကြက်မွေးမြူရေးဇုန်အတွင်း အကွက်အမှတ် ၅၂ ရှိ ပိုင်ရှင် ဦးမျိုးမင်းထွန်း၏ ကြက်ခြံဝင်းအတွင်း ခြံရှင်းလုပ်သားများဖြစ်သော မုံရွာမြို့ အလုံတပ်မြို့ စလွန်သာရပ်ကွက်မှ ဒေါ်တင်မြင့် (၅၃ နှစ်)၊ ဒေါ်စန်းတင် (၅၀ နှစ်) နှင့် ဦးကျော်ဝင်း (၆၁ နှစ်) တို့ သုံးဦး ခြံရှင်းရေးလုပ်ငန်းများ လုပ်ကိုင်နေစဉ် သနပ်ခါးပင်ရှိ ပျားအုံကို မီးရှို့ရာမှ အနီးဝန်းကျင်သို့ ကူးစက်လောက်ကျွမ်းခြင်း ဖြစ်သည်။

မီးလောင်မှုကြောင့် အလျား ပေ ၆၀၊ အနံ ပေ ၄၀ ရှိ ကြက်ခြံဟောင်း သုံးလုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ ကြက်ခြံဟောင်း ငါးခြံနှင့် အလျား ပေ ၄၀၊ အနံ ၂၅ ပေရှိ နေအိမ်တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မုံရွာမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးညီညီဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ ပူးပေါင်းပြီး မီးငြိမ်းသတ်ယာဉ် ၁၄ စီး၊ ရေသယ်ယာဉ် ၁၀ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

မီးပေါ့ဆစွာအသုံးပြုခဲ့သည့် ခြံရှင်းလုပ်သားများဖြစ်သော မုံရွာမြို့ အလုံတပ်မြို့စလွန်သာရပ်ကွက်မှ ဒေါ်တင်မြင့်၊ ဒေါ်စန်းတင်နှင့် ဦးကျော်ဝင်းတို့ကို မုံရွာမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**






# ဖရန်ကိုခေတ်အတွင်း ကလေးငယ်များခိုးယူခံရမှုအတွက် တရားခွင်စစ်ဆေးမှုစတင်

**မက်ဒရစ် ဇွန် ၂၆**

ဖရန်ကိုခေတ်အတွင်း ကလေးငယ်များကို မိခင်များထံမှ ခိုးယူခဲ့သည့် ပြစ်မှုအတွက် ပထမဦးဆုံး ပုဂ္ဂိုလ်အဖြစ် အသက် ၈၅ နှစ်အရွယ် စပိန်ဒေါက်တာတစ်ဦးကို မက်ဒရစ်မြို့ရှိ တရားရုံး၌ အင်္ဂါနေ့တွင် တရားစွဲဆိုခဲ့ကြောင်းသိရသည်။

၁၉၃၉ -၁၉၇၅ ခုနှစ်အတွင်း ဗိုလ်ချုပ်ဖရန်စစ္စကို ဖရန်ကိုခေတ်တွင် လက်ယာယိမ်းအတိုက်အခံအချို့၏ မွေးကင်းစကလေးငယ်များ၊ လက်ထပ်ထားခြင်းမရှိသော စုံတွဲများ သို့မဟုတ် ဆင်းရဲသောစုံတွဲများမှ ကလေးငယ်များကို မိခင်များထံမှ ခိုးယူပြီး မွေးစားသူများထံ ပေးပို့ခဲ့သည်။ မိခင်များကိုလည်း ကလေးအသေမွေးကြောင်း သို့မဟုတ် မွေးဖွားပြီး နာရီအနည်းငယ်အကြာတွင် ကလေးသေဆုံးသွားကြောင်း၊ ဆေးရုံမှ ဂရုတစိုက် သင်္ဂြိုဟ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့ကြသည်။ အမှန်တကယ်မှာမူ ကလေးငယ်များမှာ ရောင်းစားခံရခြင်း သို့မဟုတ် တခြားမိသားစုများထံသို့ ပေးခြင်းခံရခြင်းဖြစ်သည်။ ယင်းအလေ့အထမှာ ဖရန်ကို အာဏာရလာပြီး ၁၉၃၆-၁၉၃၉ စပိန်ပြည်တွင်းစစ်အတွင်း ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဆင်းရဲသောမိသားစုများမှ မွေးဖွားလာသောကလေးငယ်များကို ပိုမိုချမ်းသာသော မိသားစုဝင်များ၊ ကွန်ဆာဗေးတစ်များ၊ ရိုမန်ကတ်သလစ်ကို ချစ်မြတ်နိုးသော မိသားစုများတွင် ကြီးပြင်းလာစေရန်ရည်ရွယ်ကာ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ယင်းလုပ်ရပ်တွင် ဆရာဝန်များ၊ သူနာပြုများ၊ သီလရှင်နှင့် ဘုန်းတော်ကြီးများပါဝင်ခဲ့ကြသည်။ အက်ဒ်ဒူဝါဒိုဗီလာသည် မက်ဒရစ်မြို့ရှိ ဆေးရုံတွင် သားဖွားပါရဂူအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၆၉ ခုနှစ်က အီးနက်မက်ဒစ်ကယ်ကို မိခင်အရင်းထံမှ ခိုးယူခဲ့သူဟု စွပ်စွဲခံထားရပြီး တရားစွဲဆိုခံရခြင်းဖြစ်သည်။ အီးနက်မက်ဒစ်ကယ်မှာ ယခုအခါအသက် ၄၉ နှစ်ရှိပြီဖြစ်သည်။

**အေအက်ဖ်ပီ**

# ဆီးရီးယားနိုင်ငံ ဒမတ်စကတ်သို့ အစ္စရေးက ဒုံးကျည်ဖြင့်ပစ်

**ဒမတ်စကတ် ဇွန် ၂၆**

အစ္စရေးနိုင်ငံမှ ပစ်လွှတ်လိုက်သော ဒုံးကျည်နှစ်စင်းသည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်လေဆိပ်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် ရုပ်သံက ဇွန် ၂၆ ရက်တွင် ဖော်ပြခဲ့သည်။

အစ္စရေးတို့၏ တိုက်ခိုက်မှုသည် မည်သည့်နေရာအား ပစ်မှတ်ထားသည်ကို မသိရသေးပေ။ အစ္စရေးနိုင်ငံသည် ဆီးရီးယားနိုင်ငံအတွင်းရှိ ဒမတ်စကတ်လေဆိပ်အပါအဝင် စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို ဦးတည်တိုက်ခိုက်ခဲ့ပြီး ယင်းတိုက်ခိုက်မှုများမှာ ဆီးရီးယားစစ်စခန်းများတွင် တပ်စွဲထားသည့် အီရန်စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို ဦးတည်ကြောင်း သိရသည်။

ဇွန် ၂၄ ရက်ကလည်း အစ္စရေးတပ်ဖွဲ့သည် ဆီးရီးယား - အီရတ်နှစ်နိုင်ငံ နယ်စပ်အနီးတွင် လှုပ်ရှားနေသည့် ဆီးရီးယားအစိုးရထောက်ခံသည့် ရှီးယိုက်တိုက်ခိုက်ရေးသမားများကို တိုက်ခိုက်ခဲ့ရာ တိုက်ခိုက်ရေးသမား ၄၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။ ဆီးရီးယားနိုင်ငံအစိုးရက အစ္စရေးနိုင်ငံအနေဖြင့် အကြမ်းဖက်အုပ်စုများကို ထောက်ခံအားပေးနေကြောင်း စွပ်စွဲထားသည်။ ဆီးရီးယားနိုင်ငံတွင် မည်သည့် အီရန်စစ်ဘက်ဆိုင်ရာ တည်ရှိမှုမျိုးမှ လက်ခံသွားမည်မဟုတ်ကြောင်း အစ္စရေးက ရှင်းရှင်းလင်းလင်း သတိပေးခဲ့သည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားလေဆိပ်တွင် လေယာဉ်နှစ်စင်းတိုက်မိ

**ဆိုးလ် ဇွန် ၂၆**

တောင်ကိုရီးယားနိုင်ငံရှိ လေဆိပ်တစ်ခုတွင် ခရီးသည်တင် ဂျက်လေယာဉ်နှစ်စင်း တိုက်မိမှုဖြစ်ပွားခဲ့သော်လည်း သေဆုံးသူ မရှိကြောင်း ပြည်တွင်းသတင်းတစ်ခုတွင် ဇွန် ၂၆ ရက်က ဖော်ပြခဲ့သည်။

လေယာဉ်တိုက်မိမှုသည် ဆိုးလ်မြို့အပြင်ဘက် ဂျင်ပိုလေဆိပ်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဂျင်ပိုလေဆိပ်၌ လေယာဉ်နှစ်စင်းသည် သက်ဆိုင်ရာဂိတ်များသို့ သွားနေစဉ်အတွင်း လေယာဉ်တိုက်မိမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း သေဆုံးသူမရှိကြောင်း သိရသည်။




လေယာဉ်တိုက်မိမှုသည် ဇွန် ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားလေကြောင်းလိုင်း တစ်ခုဖြစ်သည့် ကိုရီးယန်းအဲယားမှ ခရီးသည်တင်ဂျက်လေယာဉ်တစ်စီး၏ အမြီးပိုင်းနှင့် ပြည်တွင်းလေကြောင်း လိုင်းတစ်ခုဖြစ်သည့် အာရှနာလေကြောင်းလိုင်းမှ လေယာဉ်တစ်စီး၏ တောင်ပံတို့တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်နှစ်စင်းတိုက်မိမှုကြောင့် ပျက်စီးမှုအနည်းငယ်သာရှိခဲ့ပြီး သေဆုံးမှုမရှိခဲ့သော်လည်း လေယာဉ်ထွက်ခွာချိန် နှောင့်နှေးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်တော်ဝင်မင်းသမီး အာယာကို စေ့စပ်တော့မည်

**တိုကျို ဇွန် ၂၆**

ဂျပန်နိုင်ငံ ဘုရင်တော်ဝင်အေဂျင်စီမှ မင်းသမီး အာယာကို စေ့စပ်တော့မည့်သတင်းကို ကြေညာတော့မည်ဖြစ်သည်။ မင်းသမီးအာယာကိုသည် ဂျပန်ဘုရင် အာကီဟီတို၏ ဝမ်းကွဲညီအစ်ကို တော်စပ်သူ မင်းသား တာကာမာဒို၏ တတိယမြောက်သမီးလည်း ဖြစ်သည်။ ၎င်းနှင့်စေ့စပ်မည့်သူမှာ အသက်၃၂ နှစ်အရွယ် ကီမိုရီယာဆိုသူ ဖြစ်ပြီး ၎င်းသည် တိုကျိုရှိ သင်္ဘောကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ကိုင်နေသူဖြစ်သည်။ မင်းသမီး၏မိခင်ဖြစ်သူမှာ သမီးဖြစ်သူတို့စုံတွဲကို သဘောတူခဲ့ပြီး ၎င်းတို့စုံတွဲကို စေ့စပ်ထားလိုကြောင်း ဘုရင်နှင့်မိဖုရားတို့ထံ သတင်းပေးပို့ထားကြောင်း သတင်းရင်းမြစ်များက ပြောသည်။

ကီမိုရီယာနှင့် ၎င်း၏မိဘများကိုလည်း ဧပြီလအတွင်းက မင်းသမီးနေထိုင်ရာနေရာတွင်ကျင်းပသည့် ပါတီပွဲသို့တက်ရောက်ရန် ဖိတ်ခေါ်ခဲ့သည်။ တော်ဝင်အေဂျင်စီ၏ ပြောကြားချက်အရ မင်္ဂလာပွဲကို အောက်တိုဘာ ၂၉ ရက်တွင် တိုကျို၌ ကျင်းပသွားမည်ဟု သိရသည်။

တော်ဝင်မိသားစုမှ အမျိုးသားများသည် လက်ထပ်တော့မည်ဆိုလျှင် ဝန်ကြီးချုပ် ဦးစီးသော တော်ဝင်အိမ်တော်ကောင်စီ၏ခွင့်ပြုချက်ရယူရမည်ဖြစ်ပြီး တော်ဝင်မိသားစုမှ အမျိုးသမီးများလက်ထပ်လျှင်မူ ထိုသို့ပြုလုပ်ရန် မလိုအပ်ပေ။ လက်ထပ်ရန် သဘောတူညီမှုအခမ်းအနားပြီးလျှင် စေ့စပ်မှုသည်အတည်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်က မင်းသမီး အာယာကို၏ အသက် ၂၀ ပြည့်မွေးနေ့ပွဲတွင်မူ သူသည် ကလေးငယ်များကို ချစ်ခင်၍ တစ်နေ့တွင် လက်ထပ်ရန်စိတ်ကူးရှိကြောင်း စာရေးသားခဲ့သည်။ မင်းသမီး အာယာကိုသည် လက်ထပ်ပြီးသည့်နောက်တွင် တော်ဝင်အိမ်တော်မှ ထွက်ခွာရမည်ဖြစ်သည်။ သို့သော် တော်ဝင်မိသားစုအရေအတွက် ကျဆင်းလာသည့်အတွက် အဆိုပါစနစ်နှင့် ပတ်သက်၍ အငြင်းပွားမှုများပေါ်ပေါက်နေသည်။ လွန်ခဲ့သောနှစ်ကလည်း မင်းသား အာကီရှီနို၏ အကြီးဆုံးသမီးဖြစ်သူ မင်းသမီးမာကိုသည် ၎င်း၏ ကောလိပ်မှ သူငယ်ချင်းနှင့်စေ့စပ်တော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# ဂျပန်ကာကွယ်ရေးဝန်ကြီးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့ တွေ့ဆုံရန်ရှိ

**တိုကျို ဇွန် ၂၆**

ဂျပန်ကာကွယ်ရေးဝန်ကြီး အစ်ဆုနိုရီအိုနိုဒီရာက ၎င်းသည် အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်နှင့် သောကြာနေ့တွင် တိုကျို၌ တွေ့ဆုံရန်ရှိကြောင်း မြောက်ကိုရီးယားအရေးနှင့် အခြားသောဒေသတွင်း ပြဿနာများကို ဆွေးနွေးသွားရန်ရှိကြောင်း ပြောသည်။ အင်္ဂါနေ့ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဂျပန်နှင့်အမေရိကန်တို့သည် မြောက်ကိုရီးယားနှင့် နျူကလီးယားလက်နက်နှင့် တာဝေးပစ်ဒုံးကျည်တို့ကို ဖျက်သိမ်းရေးတို့အတွက် နည်းလမ်းများ ရှာဖွေသွားမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရန် တရုတ်၊တောင်ကိုရီးယားနှင့် အခြားသောနိုင်ငံများနှင့်အတူ မည်သို့ပူးပေါင်းသွားမည်ကို အမေရိကန် ကာကွယ်ရေးဝန်ကြီးနှင့်အတူ ဆွေးနွေးသွားရန်ရှိကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောသည်။

မြောက်ကိုရီးယားနိုင်ငံအပေါ် နှစ်နိုင်ငံအမြင်များကို ဖယ်လှယ်ခွင့်ရရှိမည်ဖြစ်သည့်အတွက်လည်း အမေရိကန်ကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခွင့်ရမည်မှာ ၎င်းအတွက် အဓိပ္ပာယ်ရှိလှကြောင်း မစ္စတာ အိုနိုဒီရာက ပြောသည်။ ထို့အပြင် ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါတွင် အမေရိကန်တပ်ဖွဲ့ဝင်များကြောင့်ဖြစ်ပေါ်လာသော ထိခိုက်မှုများနှင့်ပတ်သက်၍လည်း ဆွေးနွေးသွားရန် မျှော်လင့်ထားကြောင်း ၎င်းက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံအလယ်ပိုင်းတွင် ဓားကိုင်တိုက်ခိုက်မှုကြောင့် နှစ်ဦးသေဆုံး

**တိုကျို ဇွန် ၂၆**

ဂျပန်နိုင်ငံအလယ်ပိုင်းတွင် ဇွန် ၂၆ ရက် မွန်းလွဲပိုင်းက ဓားကိုင် တိုက်ခိုက်မှုကြောင့် ရဲအရာရှိတစ်ဦးအပါအဝင် နှစ်ဦးသေဆုံး ခဲ့ကြောင်း သိရသည်။

အဆိုပါ ဓားကိုင်တိုက်ခိုက်မှုသည် တုယာမာ စီရင်စုတွင် မွန်းလွဲ ၂ နာရီဝန်းကျင်က ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက အတည်ပြု ပြောကြားခဲ့သည်။

သံသယရှိအမျိုးသားတစ်ဦးသည် ရဲစခန်းသို့ဝင်ရောက်လာပြီး ရဲအရာရှိတစ်ဦးကို ဓားဖြင့်ထိုးခဲ့ကာ အဆိုပါ ရဲအရာရှိထံမှ သေနတ်ကို လုယူခဲ့ပြီးနောက် ရဲစခန်းအနီးအနားရှိ စာသင်ကျောင်းမှ လုံခြုံရေးအစောင့်ကို သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

အသက် ၄၆ နှစ်ရှိ ရဲအရာရှိ ကီနီချီ အီနာဇူမိသည် ဆေးရုံတွင် သေဆုံးခဲ့ကြောင်း ရဲဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။ ဒုတိယမြောက် သေဆုံးခဲ့သူအား ယခုအချိန်အထိ မည်သူမည်ဝါ အသေးစိတ် မသိရသေးကြောင်းနှင့် အဆိုပါ ရှားရှားပါးပါးဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုတွင် နှစ်ဦးသေဆုံးခဲ့ကြောင်း အစိုးရ အကြီးအကဲ ယိုရှိဟိုက်ဆူဂါက ပြောခဲ့သည်။

ယခုအခါ အဆိုပါသံသယရှိသူကို ဖမ်းဆီးထိန်းသိမ်းထားပြီး မည်သည့်အတွက်ကြောင့် ယခုလိုကဲ့သို့ ပြုမူဆောင်ရွက်ရသနည်းဆိုသည်ကို စစ်ဆေးမေးမြန်းနေကြောင်း သိရသည်။

**အေအက်ဖ်ပီ**



## နိုင်ငံတကာ သတင်းတိုထွာ

### အာဖဂန်သမ္မတနှင့် ဗြိတိန် နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံ

**ကဘူးလ် ဇွန် ၂၆**

အာဖဂန်နစ္စတန် နိုင်ငံသမ္မတ မိုဟာမတ် အက်ရှ်ရက်ဖ် ဂါနီသည် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်နှင့် တနင်္လာနေ့က တွေ့ဆုံခဲ့ပြီး အာဖဂန်နစ္စတန်၏ လက်ရှိအခြေအနေ၊ အကြမ်းဖက်နှိမ်နင်းရေး စစ်ပွဲများအကြောင်း နှစ်နိုင်ငံ၏ သဘောထားအမြင်များ ဖလှယ်ခဲ့ကြကြောင်း သမ္မတနန်းတော်က အင်္ဂါနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

အာဖဂန်အစိုးရနှင့်တာလီဘန်တို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူထားကြသည်မှာ ဇွန် ၁၇ ရက်တွင် ကုန်ဆုံးသွားပြီဖြစ်သည်။ ယင်း အပစ်အခတ်ရပ်စဲရေးကာလကို ဆက်လက်တိုးချဲ့နိုင်ရေးကိုလည်း အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။ အာဖဂန်အစိုးရနှင့် တာလီဘန်စစ်သွေးကြွတို့ကြား လတ်တလော ပြုလုပ်ထားသည့် အပစ်အခတ်ရပ်စဲရေးကို ဗြိတိန်က ကြိုဆိုကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ဗြိတိန်အစိုးရသည် စစ်ရေးအရ သာမက လူမှုရေးအကူအညီများကိုပါ အာဖဂန်အစိုးရကို ဆက်လက်ပေးသွားဦးမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးသည် အာဖဂန်နိုင်ငံမှ အကြီးအကဲဖြစ်သူ အဗ္ဗဒူလာနှင့်လည်း ကဘူးလ်မြို့၌ တွေ့ဆုံခဲ့ပြီး အာဖဂန်နိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များ၊ အကြမ်းဖက် တန်ပြန်တိုက်စစ်ဆင်ရေး လုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### ရွှေ့ပြောင်းအခြေချနေထိုင်သူ ကလေးငယ်များအရေးဘရာဇီးနှင့် ယူအက်စ်ဆွေးနွေးရန်ရှိ

**ရီယိုဒီဂျနေယိုး ဇွန် ၂၆**

ဘရာဇီးသမ္မတ မိုက်ကယ်တင်မာနှင့် အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်တို့သည် အမေရိကန်ပြည်ထောင်စု၌ ရောက်ရှိနေသော ဘရာဇီးမှ ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့် ကလေးငယ်များခွဲခြားထားသည့် အခြေအနေကို ဆွေးနွေးနိုင်ရေး မျှော်မှန်းထားကြသည်ဟု ဘရာဇီးနိုင်ငံပိုင်သတင်းအေဂျင်စီ အေဂျန်စီရာဘရာဇီးက တနင်္လာနေ့က ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်သည် ဘရာဇီးသို့ နှစ်ရက်ကြာ လာရောက်မည်ဖြစ်ပြီး ယင်းသို့လာရောက်ခြင်းသည် မစ္စတာတင်မာသမ္မတအဖြစ် တာဝန်ယူပြီးသည့်အချိန်မှစ၍ အမေရိကန်၊ဘရာဇီး အဆင့်မြင့်အရာရှိကြီးများ ပထမဦးဆုံးအကြိမ် တွေ့ဆုံခြင်းလည်း ဖြစ်သည်။ ဘရာဇီးကလေးငယ် ၄၀ ခန့်မှာ ထိန်းသိမ်းရေးစခန်းများ၌ မိဘများနှင့် ခွဲပြီး ထိန်းသိမ်းခံထားရကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် ကလေးများကိုမိဘများနှင့် ခွဲထားသည့် မူဝါဒကြောင့် အပြင်းအထန်ဝေဖန်ခံနေရသည်။ သို့သော် မိသားစုပြန်လည်ပေါင်းစည်းရေး အစီအစဉ်လုပ်ဆောင်ရန် အချိန်ကြာမြင့်ဦးမည် ဖြစ်သည်။ ဘရာဇီးနိုင်ငံသားများအပါအဝင် ကလေးထောင်ပေါင်းများစွာမှာ မိဘများနှင့် ခွဲခြားထားခံရသည်။ **ဆင်ဟွာ**

# ဝေဖန်မှုတွေကြားထဲက နောက်တစ်ကြိမ်သက်တမ်းအတွက် ရွေးချယ်ခံလိုက်ရပြီဖြစ်တဲ့ တူရကီသမ္မတ အာဒိုဂန်

❖ ချူးစန္ဒီနွေး ❖

**တူရကီမဲဆန္ဒရှင်တွေဟာ သမ္မတအာဒိုဂန်ကို ခြွင်းချက်မရှိ အနိုင်ပေးလိုက်ကြပြီပဲဖြစ်တယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲမှာ သမ္မတအာဒိုဂန်ဟာအနိုင်ရရှိပြီး ပြန်လည်ရွေးကောက်ခံရပါတယ်။ သူ့ဟာတူရကီနိုင်ငံကို ၁၅ နှစ်ကြာ အုပ်ချုပ်နိုင်ခဲ့မှုကနေ အခုတစ်ခါမှာလည်း အာဏာကိုပြန်လည်ဆုပ်ကိုင်ဖို့ အခွင့်အရေးရရှိခဲ့ပါပြီ။**



### အလွယ်တကူလွှမ်းမိုးနိုင်

သမ္မတရွေးကောက်ပွဲမှာ အနိုင်ရခြင်းနဲ့အတူ သမ္မတအာဒိုဂန်ဟာ တရားစီရင်ရေးနဲ့ ဥပဒေပြုရေးတို့မှာပါ ဝင်ရောက်စွက်ဖက်နိုင်တဲ့ အာဏာရရှိသွားခဲ့ပါပြီ။ ဒါ့အပြင် ပါလီမန်ကိုလည်း အလွယ်တကူပဲ လွှမ်းမိုးနိုင်တော့မှာပါ။ ဘာလို့လဲဆိုရင် ပါလီမန်ရွေးကောက်ပွဲမှာ သူ့ရဲ့ ကွန်ဆာဗေးတစ်ပါတီနဲ့ မဟာမိတ်ပါတီဟာ ၅၃ ရာခိုင်နှုန်း ရရှိခဲ့လို့ပါပဲ။

### နောက်ဆုံးအခွင့်အရေးတစ်ခု

လွန်ခဲ့တဲ့နှစ်နှစ်ခန့်က အာဏာသိမ်းမှုဖြစ်ပွားခဲ့ပြီး အဲဒီအာဏာသိမ်းမှုဟာ မအောင်မြင်ခဲ့ပေမယ့် သမ္မတအာဒိုဂန်ဟာ အရေးပေါ်အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီအရေးပေါ် အမိန့်အောက်မှာ ရှေ့နေ၊ တရားသူကြီး၊ ပြည်သူ့ဝန်ထမ်း၊ ဂျာနယ်လစ်တွေဟာ ခေါင်းမဖော်နိုင်အောင်ပါပဲ။ သမ္မတအာဒိုဂန်ကို ဝေဖန်သူတွေကတော့ တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲဟာဆိုရင် တူရကီနိုင်ငံကို အာဏာရှင်နိုင်ငံ မဖြစ်သွားစေဖို့အတွက် နောက်ဆုံးအခွင့်အရေးလို့ ဝေဖန်ကြပါတယ်။ သမ္မတအာဒိုဂန်ရဲ့ ရွေးကောက်ပွဲမှာ အနိုင်ရရှိခြင်းနဲ့အတူ နောက်ဆက်တွဲအကျိုးဆက်တွေကတော့ နေတိုးအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှု၊ အီးရတ်နဲ့ ဆီးရီးယားတို့ရဲ့လုံခြုံရေးနဲ့ ဥရောပကို ဝင်ရောက်မယ့် ဒုက္ခသည်တွေကို ထိန်းချုပ်ဖို့ အစရှိတဲ့ နောက်ဆက်တွဲရလဒ်တွေရလာမှာပဲ ဖြစ်တယ်။

တူရကီဟာ အကြမ်းဖက် တန်ပြန် နှိမ်နင်းရေးမှာတော့ အနောက်မိတ်ဖက်နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေမယ့် ရုရှားနဲ့ နီးကပ်တဲ့ဆက်ဆံရေးပြုလုပ်ပြီး သူ့ရဲ့ နေတိုးမဟာမိတ်တွေကို သွေးတိုးစမ်းမှုတွေလည်း ပြုလုပ်ပါတယ်။ ရုရှားနိုင်ငံလုပ် အဆင့်မြင့် ဒုံးကာကွယ်ရေးစနစ်တွေကိုဝယ်ယူထားပြီး တူရကီမှာ နျူကလီးယား ဓာတ်ပေါင်းဖိုတစ်ခု တည်ဆောက်ဖို့လည်း စီစဉ်ထားပါတယ်။

### ရှုံးနိမ့်ကြောင်းဝန်ခံ

တူရကီမဲဆန္ဒရှင် အများစုကတော့ မစ္စတာ အာဒိုဂန်ရဲ့ ပြောဆိုမှုဖြစ်တဲ့ အင်အားကြီးမားတဲ့ အာဏာဟာ ခိုင်မာတဲ့ တိုင်းပြည်တစ်ခုအဖြစ် ရှေ့ဆက်ဖို့နဲ့ အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု အန္တရာယ်ကနေ လွတ်မြောက်စေတဲ့ အယူအဆကို လက်ခံကြတဲ့ပုံပါပဲ။ မဲရလဒ်တွေကို နိုင်ငံပိုင်သတင်းအေဂျင်စီ ဖြစ်တဲ့ အနာဒိုလူကနေ ကြေညာလိုက်တဲ့ အခါမှာတော့ သမ္မတအာဒိုဂန်ဟာ ၅၃ ရာခိုင်နှုန်းမဲရခဲ့ပြီး သူ့ရဲ့ အဓိက ပြိုင်ဘက်ဖြစ်တဲ့ မစ္စတာ မူဟာရမ်အင့်စ် ကတော့ ၃၁ ရာခိုင်နှုန်းသာမဲရရှိခဲ့ပါတယ်။ အသက် ၆၄ နှစ်ရှိပြီဖြစ်တဲ့ မစ္စတာ အာဒိုဂန်ဟာ တူရကီနိုင်ငံ မြို့တော် အန်ကာရာကို သွားရောက်ပြီး သူ့ပါတီရုံးချုပ်ကနေ အောင်ပွဲခံမိန့်ခွန်းကို ပြောကြားဦးမှာလည်းဖြစ်တယ်။ အတိုက်အခံ ပါတီဘက်က အစောပိုင်းကာလတုန်းက သမ္မတအာဒိုဂန်ဟာ အောင်ပွဲခံဖို့စောလွန်းသေးတယ်လို့ ဝေဖန်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ မစ္စတာမူဟာရမ် အင့်စ်ရဲ့ ရီပတ်ဘလစ်ကန် ပြည်သူ့ပါတီမှ ဒုတိယဥက္ကဋ္ဌက သူတို့ရှုံးနိမ့်သွားပြီ ဖြစ်ကြောင်း တီဗွီကနေ မိန့်ခွန်းတိုလေးပဲ ပြောသွားခဲ့ပါတယ်။ ရွေးကောက်ပွဲရလဒ် ဟာ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံသားတွေအနေနဲ့ ဒေါသမထွက်ကြဖို့ သူတို့ပါတီကို လက်ခံတဲ့သူတွေလည်း ဒီမိုကရေစီအတွက် ငြိမ်းချမ်းတဲ့ နည်းလမ်းတွေနဲ့ပဲ စည်းရုံးမှုတွေ ဆက်လုပ်သွားဖို့ သူက တိုက်တွန်းခဲ့ပါတယ်။

### တတိယအကြိမ်ဆိုတာရှိလာနိုင်

ရွေးကောက်ပွဲမှာ အနိုင်ရရှိခြင်းနဲ့အတူ အာဒိုဂန်ဟာ တူရကီမှာ သက်တမ်းအရှည်ကြာဆုံး ခေါင်းဆောင်တစ်ဦးဖြစ်ဖို့ဆိုတဲ့ စိတ်ကူးပြည့်မီတော့မှာပါ။ ပြီးခဲ့တဲ့နှစ်က ပြုလုပ်ခဲ့တဲ့ လူထုဆန္ဒခံယူပွဲရဲ့ ထောက်ခံမှုအရ မစ္စတာအာဒိုဂန်ဟာ သမ္မတအဖြစ်ဒုတိယအကြိမ် ရွေးကောက်ခံနိုင်တဲ့အပြင် တကယ်လို့များ ရွေးကောက်ပွဲကို စောခေါ်ခဲ့ရင် တတိယအကြိမ်ဆိုတာလည်း ရှိလာနိုင်ပါတယ်။ ဒါဆိုရင် သူဟာ သမ္မတအဖြစ် ၂၀၃၂ အထိ သမ္မတရုံးမှာ ရှိနေနိုင်တယ်။

ပါလီမန် ရွေးကောက်ပွဲမှာလည်း သမ္မတအာဒိုဂန်ရဲ့ ပါတီက ပထမနေရာမှာပါပဲ။ ၄၂ ရာခိုင်နှုန်းမဲရခဲ့တယ်။ အနာဂတ်မှာ ကြိုတင်မှန်းဆလို့ရတဲ့ တူရကီနိုင်ငံရဲ့ပြဿနာကတော့ တူရကီလူမှုအဖွဲ့အစည်းအတွင်းမှာ နှစ်ခြမ်းကွဲနေတာပါပဲလို့ အမေရိကန်သမ္မတ အိုဘားမားလက်ထက်တုန်းက တာဝန်ထမ်းဆောင်ခဲ့တဲ့ အရာရှိတစ်ဦးဖြစ်တဲ့ အမန်ဒါစလုပ်က ပြောပါတယ်။ သမ္မတအာဒိုဂန်ရဲ့ အမျိုးသားလှုပ်ရှားမှုပါတီကို မှီခိုအားထားလွန်းတာဟာဆိုရင် တူရကီရဲ့နိုင်ငံခြားရေးမူဝါဒမှာ အမျိုးသားရေးဝါဒီတွေရဲ့ အတွေးအခေါ်တွေလွှမ်းမိုးမှုရှိနေတယ်ဆိုတာကို ပြသတာပါပဲ။

### ခန့်မှန်းမှုတွေပြောင်းပြန်ဖြစ်

ဒါပေမယ့် ရွေးကောက်ပွဲက ကြည့်ရင် တူရကီမှာ ဒီမိုကရေစီဟာ ကြံ့ကြံ့ခံနေတုန်းပဲဆိုတာကို ပြသနေပါတယ်လို့သူကဆက်ပြောပါတယ်။ အတိုက်အခံပါတီဟာ စွမ်းဆောင်ရည်ပြည့်ဝပြီး အပြိုင်အဆိုင်များတဲ့ မဲဆွယ်လှုပ်ရှားမှုတွေကို ပြုလုပ်ခဲ့တယ်။ သူတို့ဟာ အာဒိုဂန်ကို ယှဉ်နိုင်ဖို့အရေး တခြားသောပါတီတွေနဲ့ပါ မဟာမိတ်ဖွဲ့ခဲ့ကြတယ်။ အဲဒီအထဲမှာ ကာ့ဒ်ပါတီတောင်ပါခဲ့ပါတယ်။ ရွေးကောက်ပွဲမတိုင်မီ ပြုလုပ်တဲ့ လူထုစစ်တမ်းတွေအရတော့ သမ္မတအာဒိုဂန်ဟာ မဲအရနည်းနိုင်တယ်။ သူ့ရဲ့ပါတီဟာလည်း ပါလီမန်မှာ နေရာအများကြီးမရနိုင်ဘူးလို့ ခန့်မှန်းမှုတွေရှိခဲ့ပါတယ်။ ဒါပေမယ့် တကယ်ရလဒ်ထွက်ပေါ်လာတဲ့အခါမှာတော့ ဒါတွေအားလုံးဟာ ပြောင်းပြန်တွေဖြစ်ကုန်ပါတယ်။

မဲဆန္ဒရှင်အများစုဟာ စီးပွားရေးကျဆင်းလာမှာနဲ့ အာဏာရှင်စနစ်ကြီးထွားလာမှာကိုလည်း စိုးထိတ်ကြပါတယ်။ လွန်ခဲ့တဲ့နှစ်ကစပြီး တူရကီနိုင်ငံရဲ့စီးပွားရေးဟာ ကျဆင်းလာပါတယ်။ တူရကီငွေကြေး တန်ဖိုးဟာ ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး သမ္မတရဲ့အနောက်နိုင်ငံတွေကိုဆန့်ကျင်တဲ့လေသံတွေကြောင့် ရင်းနှီးမြှုပ်နှံမယ့်သူတွေဟာလည်း တွန့်ဆုတ်ခဲ့ကြရပါတယ်။

### ရုန်းကန်ရမယ့်အနေအထားမှာရှိ

အနောက်နိုင်ငံတို့ကို တိုက်ခိုက်မယ်ဆိုရင် သမ္မတအာဒိုဂန်ဟာ စီးပွားရေးမှာ ထိခိုက်နိုင်တာကိုလည်း သတိပြုမိကောင်း ပြုမိမှာပါ။ သမ္မတအာဒိုဂန်ဟာ တိုင်းပြည်ကိုဆက်လက် အုပ်ချုပ်ဖို့ဆိုရင် ရုန်းကန်ရမယ့် အနေအထားမှာရှိတယ်။ ၂၀၁၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲပြီး သမ္မတရဲ့အထူးအာဏာကို ချဲ့ထွင်ဖို့ ဆန္ဒမဲကောက်ခံရာမှာ ၅၁ ရာခိုင်နှုန်းနဲ့သာ အနိုင်ရခဲ့တာမို့ ၄၉ ရာခိုင်နှုန်းက မထောက်ခံဘူးဆိုတာကိုလည်း သတိရဖို့လိုတယ်လို့ ခွန်ဒါ လူထုဆန္ဒမဲကောက်ခံရေးအဖွဲ့အစည်း တည်ထောင်သူ ဘီကီယာက ပြောပါတယ်။

### ဒီမိုကရေစီအတွက် နောက်ဆုံးအခွင့်အရေး

အတိုက်အခံ အများစုကတော့ အခုရွေးကောက်ပွဲဟာ ဒီမိုကရေစီကို အဖတ်ဆယ်ဖို့ နောက်ဆုံးသော အခွင့်အရေးတစ်ခုလို့ မြင်ကြပါတယ်။ သမ္မတအာဒိုဂန်ဟာ ဘယ်သူမှ မထင်မှတ်ထားတဲ့အချိန် ရွေးကောက်ပွဲကိုစောပြီး ကျင်းပခဲ့ပါတယ်။ ဒါကြောင့် တခြားသောပါတီတွေဟာ ပြင်ဆင်ချိန်သိပ်မရလိုက်ပါဘူး။ လွန်ခဲ့တဲ့ ၁၅ နှစ်ခန့်က သူ အာဏာရစဉ်အချိန်ကဆို မစ္စတာအာဒိုဂန်ဟာ ဥရောပကို လိုလားတဲ့ အစ္စလာမ့်စ် ပြုပြင်ပြောင်းလဲရေးသမားတွေရဲ့ ထောက်ခံမှုကိုရရှိခဲ့ပါတယ်။ အဲဒီလူတွေဟာ ဒီမိုကရေစီကိုထောက်ခံပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို ထောက်ခံတဲ့သူတွေလည်းဖြစ်ပါတယ်။ ဒါပေမယ့် နှစ်တွေကြာလာပြီးတဲ့ နောက်မှာတော့ အဲဒီအယူအဆတွေနေရာမှာ သူ့ကိုအာဏာရှင်လို့ ယူဆတဲ့အမြင်တွေက အစားထိုးလာပါတော့တယ်။ အထူးသဖြင့် မအောင်မြင်တဲ့ အာဏာသိမ်းမှုဖြစ်ပေါ်ခဲ့တဲ့ အချိန်နောက်ပိုင်းမှာ ပိုပြီးဆိုးရွားသွားခဲ့ပါတယ်။

ကာ့ဒ်နိုင်ငံရေးသမားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ လူမှုအဖွဲ့အစည်းတွေက သူ့ကိုဝေဖန်တဲ့သူတွေကို မစ္စတာ ဂူလန်ရဲ့ နောက်လိုက်တွေဆိုပြီး ဖမ်းဆီးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ မစ္စတာ ဂူလန်ဟာ အာဏာသိမ်းမှုကြိုးပမ်းမှုရဲ့ ကြိုးကိုင်သူလို့ စွပ်စွဲခံရသူလည်း ဖြစ်တယ်။

မစ္စတာအာဒိုဂန်ကို ဘယ်သူတွေက ဘယ်လိုပဲ ဝေဖန်ဝေဖန် အခုအချိန်မှာတော့သူဟာ သမ္မတသက်တမ်းကို ဒုတိယအကြိမ် ထမ်းဆောင်ခွင့်ရသွားပြီပဲ ဖြစ်တယ်။ အတိုက်အခံတွေ ဝေဖန်နေကြသလို ဒီမိုကရေစီဟာ အဖတ်ဆယ်လို့ မရတော့ဘူး ဆိုတဲ့စကားမှန်သလား မမှန်ဘူးလားဆိုတာကတော့ အာဒိုဂန်ရဲ့ လုပ်ရပ်တွေအပေါ်မှာ မူတည်သွားပါပြီ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**



## မန်းရေနံမြေဒေသခံများအတွက် SME လုပ်ငန်းဆိုင်ရာ စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်ပို့ချ

**ရန်ကုန် ဇွန် ၂၆**

ILO အသိအမှတ်ပြု စီးပွားရေးလုပ်ငန်းစတင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ နည်းစနစ်များကို အခြေခံ၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို ဇွန် ၂၂ ရက်မှ ၂၄ ရက်အထိ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မန်းရေနံမြေ၌ ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါသင်တန်းကို မန်းရေနံမြေတွင် ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) နှင့် MPRL E&P Pte Ltd. တို့၏ CSR အစီအစဉ် တစ်ရပ်အနေဖြင့် ဖွင့်လှစ်ပို့ချခြင်းဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပူးပေါင်းပို့ချခဲ့ပြီးဖြစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများသို့ တက်ရောက်အောင်မြင်ပြီးသူများအနေဖြင့် စီးပွားဖြစ်လုပ်ငန်းများ စနစ်တကျ ဆက်လက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း သိရသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းဆိုင်ရာ စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းတွင် အလားအလာရှိသော လုပ်ငန်းရှင်များအတွက် စီးပွားရေးစိတ်ကူးစိတ်သန်းများ ဖြစ်ပေါ်စေခြင်း၊ စီးပွားရေးပတ်ဝန်းကျင် အခြေအနေများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဈေးကွက်ဆိုင်ရာ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ခြင်း၊ လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ ဈေးကွက်ထိုးဖောက်ခြင်း၊ အရင်းအနှီးနှင့် ကုန်ကျစရိတ်တွက်ချက် ပြင်ဆင်ခြင်းနှင့် လုပ်ငန်းစတင်ဆောင်ရွက်ခြင်းဟူသည့် ခေါင်းစဉ်များဖြင့် သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းကို ILO အသိအမှတ်ပြု SIYB သင်တန်းမှူး ဒေါ်သီတာအောင်က သုံးရက်တာ သင်ကြားပို့ချခဲ့ပြီး မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများရှိ ဒေသများမှ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့သည်။

မန်းရေနံမြေ ဒေသခံများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများအဖြစ် ယမန်နှစ်အတွင်း သင်တန်းအမျိုးအစား လေးမျိုးကို ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၉၉ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မန်းရေနံမြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသခံများအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး သင်တန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ရေကြောင်းတက္ကသိုလ်နှင့် ထောက်ကြန့် YBS 32 ယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

**ရန်ကုန် ဇွန် ၂၆**

ရေကြောင်းတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ခရီးသွားပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ၏ ကြီးကြပ်မှုဖြင့် ရေကြောင်းတက္ကသိုလ်နှင့် ထောက်ကြန့်အကြား ပြေးဆွဲမည့် YBS 32 ယာဉ်လိုင်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ် ပင်မဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ညီညီမော်၊ မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်၊ အများနှင့် ဆိုင်သော လူထုမိတ်ဆွေကုမ္ပဏီမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များက ယာဉ်လိုင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

"ကျွန်တော်တို့ YRTA အနေနဲ့ ပြည်သူများသွားလာမှု လွယ်ကူချောမွေ့စေရေး အစဉ်တစိုက်ကြိုးပမ်းလျက်ရှိရာ ဒီနေ့တော့ ရေကြောင်းတက္ကသိုလ်ကို အခြေပြုပြီး ခေတ်မီအဲကွန်းကားကြီးတွေနဲ့ စတင်ပြေးဆွဲနိုင်ပြီ ဖြစ်ပါတယ်၊ ဒါကလည်း ကျွန်တော်တို့ YRTA နဲ့ လူထုမိတ်ဆွေ အများနှင့်ဆိုင်သော ကုမ္ပဏီတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုရလဒ် ဖြစ်ပါတယ်၊ နောင်မှာလည်း ဒီလိုယာဉ်လိုင်းသစ်တွေ တိုးချဲ့ပြေးဆွဲနိုင်ရေး ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်" ဟု YRTA အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ညီညီမော်က ပြောသည်။

"ဒီကနေ့ခရီးစဉ်မှာ ရေကြောင်းတက္ကသိုလ်နဲ့ ထောက်ကြန့်ခရီးစဉ်ကို စတင်ပြေးဆွဲတာပါ၊ အရင်တုန်းကတော့ မီနီဘတ်စ်တွေ ပြေးဆွဲတာပါ၊ မီနီဘတ်စ်တွေက ယာဉ်စီးရေနည်းတာရယ်၊ ဝန်ဆောင်မှု အားနည်းတာရယ်ကြောင့် YBS ရဲ့စီစဉ်မှုနဲ့ ဒီကနေ့ ယာဉ်လိုင်းသစ်ကို အစားထိုးပြေးဆွဲပေးခြင်း ဖြစ်ပါတယ်၊ FOTON ကားအစီး ၅၀ နဲ့ စတင်ပြေးဆွဲမှာဖြစ်ပါတယ်၊ နောက်ပိုင်းမှာ ခရီးသွားအနည်းအများပေါ်မူတည်ပြီး အစီးရေ ၈၀ ကနေ ၁၀၀ လောက်အထိ တိုးချဲ့ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်" ဟု လူထုမိတ်ဆွေမှ Operation ဒါရိုက်တာ ဦးတရုတ်လေးက ပြောသည်။

အဆိုပါ ယာဉ်လိုင်းသစ်ခရီးစဉ်မှာ ရေကြောင်းတက္ကသိုလ်၊ သန်လျင်ဈေး၊ သာကေတအဝိုင်း ၊ကျောက်တိုင်၊ ၈ဝနလမ်းဆုံ၊ ပဒေသာလမ်းဆုံ၊ နန္ဒဝန်ဈေး၊ ဘေလီ၊ မြောက်ဥက္ကလာအဝိုင်း၊ အောင်မင်္ဂလာအဝေးပြေး ထောက်ကြန့်တို့ဖြစ်ကြောင်း ယာဉ်စီးခမှာ ရေကြောင်းတက္ကသိုလ်မှ ဘေလီ(ပင်းယ)အထိ ငွေကျပ် ၂၀၀၊ ဘေလီမှ ထောက်ကြန့်ဂိတ်ဆုံးအထိ ငွေကျပ် ၂၀၀ သတ်မှတ်ထားပြီး ဂိတ်စ-ဂိတ်ဆုံး ငွေကျပ် ၃၀၀ ဖြစ်ကြောင်း၊ ယာဉ်လိုင်းကို နံနက် ၅ နာရီ စဖွင့်ပြီး ည ၈ နာရီ နောက်ဆုံးကား ပြေးဆွဲမည်ဖြစ်ကြောင်း၊ ဂိတ်စလွှတ်ချိန် ရေကြောင်းတက္ကသိုလ်မှ ၂၅ စီး၊ ထောက်ကြန့်မှ ၂၅စီး တစ်စီးလျှင် ၅ မိနစ်ခြား လွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်း YBS 32 ယာဉ်လိုင်းသစ်သည် အများနှင့်ဆိုင်သော လူထုမိတ်ဆွေ ကုမ္ပဏီ၏ စတုတ္ထမြောက် ယာဉ်လိုင်းဖြစ်ကြောင်း၊ ယခု ယာဉ်လိုင်းမတိုင်မီ လူထုမိတ်ဆွေက YBS 78၊ YBS 93၊ YBS 94 တို့ကို ပြေးဆွဲခဲ့ကြောင်း၊ ယာဉ်လိုင်းတစ်ခုကို အစီး ၅၀ နှုန်းဖြင့် အစီး ၂၀၀ ပြေးဆွဲလျက်ရှိကြောင်း၊ အစီး ၅၀၀ ဝယ်ယူထားပြီး ယာဉ်လိုင်း ၁၀ လိုင်းအထိ တိုးချဲ့ပြေးဆွဲသွားရန် စီစဉ်ထားသည်။

ရန်ကုန်မြို့တွင် မထသခေတ်က မော်တော်ယာဉ်စီးရေ ၄၀၀၀ အနက် ဘတ်စ်ကားစီးရေ ၃၅၀၀ ခန့် နေ့စဉ်ပြေးဆွဲနေရာမှ ယခုအခါ အစီးရေ ၅၀၀၀ အထိ တိုးလာပြီဖြစ်ကြောင်း၊ ယာဉ်းလိုင်းအနေဖြင့်လည်း ၉၆ လိုင်းအထိ ရှိလာကြောင်း၊ ၎င်းမှာနံပါတ်အရ ၉၆ လိုင်းဟု ဆိုသော်လည်း ၃၇ လိုင်းနှင့် ၇ လိုင်းတို့ကြောင့် လိုင်းပွားများရှိ၍ အမှန်တကယ်လိုင်းမှာ ၁၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



ဇွန် ၂၆ ရက်က စတင်ပြေးဆွဲသော YBS 32 ယာဉ်တစ်စီးကို မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်၌ တွေ့မြင်ရစဉ်။



## ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်နိုင်ရေး ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအတွင်း မြန်မာကြိုးပမ်း

နေပြည်တော် ဇွန် ၂၆

**ဇွန် ၂၄ ရက်မှ ဇူလိုင် ၄ ရက်အထိ ဘာရိန်းနိုင်ငံ မနားမားမြို့၌ (၄၂)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံကို ကျင်းပလျက်ရှိပြီး ယင်းညီလာခံသို့ တက်ရောက်သည့် မြန်မာနိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်အဖွဲ့များက ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းထားခြင်းနှင့် ပတ်သက်၍ မိတ်ဆက်စကားပြောကြားခြင်း၊ ပုဂံဒေသအမွေအနှစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဝေငှခြင်း၊ ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ပူးပေါင်း၍ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်အဖြစ် ထောက်ခံပေးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးရှင်းလင်းခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရှိရသည်။**

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ညီလာခံအတွင်း ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ကမ္ဘာ့အမွေအနှစ်ကော်မတီဝင် ၂၁ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံကြမည်ဖြစ်သည်။ အခမ်းအနားအတွင်း ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသအကြောင်းကို ဖော်ပြထားသည့် Booklet၊ Pamphlet၊ Video Clip DVD နှင့် နလုံးသားထဲကပုဂံ ဓာတ်ပုံပြပွဲစာအုပ်များ ဝေငှခြင်းများကိုလည်း ပြုလုပ်ကာ ပုဂံဒေသအကြောင်း ပိုမိုသတိထားသိရှိလာနိုင်စေရန် ကြိုးပမ်းသွားကြမည်ဖြစ်သည်။

ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် အဆိုပြုစာတွဲ Nomination Dossier(Complete) ကို ကမ္ဘာ့အမွေအနှစ်ဗဟိုကော်မတီသို့ ယခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် အပြီးသတ်တင်သွင်းထားကြောင်း သိရှိရပြီး International Council on Monuments and Sites (ICOMOS) က ယခုနှစ် စက်တင်ဘာလတွင်လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ကမ္ဘာ့အမွေအနှစ်တင်သွင်းထားသော ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ ထူးခြားထင်ရှားမှုများကို ကမ္ဘာ့နိုင်ငံများမှ သတိပြုလာစေရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ညီလာခံသို့ ကြွရောက်လာသော ဧည့်သည်များအား ဖိတ်ကြား၍ မြန်မာ့အမွေအနှစ်ကို ကမ္ဘာက သိရှိရန် အခွင့်အခါကောင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် မြန်မာ့ယဉ်ကျေးမှု အမျိုးသားအမွေအနှစ်ဒေသမှသည် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရပါက မြန်မာတစ်မျိုးသားလုံးက ဂုဏ်ယူဝင့်ကြွားနိုင်စေမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-အဲလက်စ်**

**မြန်မာနိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်အဖွဲ့များက ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းထားခြင်းနှင့် ပတ်သက်၍ မိတ်ဆက်စကားပြောကြားခြင်း၊ ပုဂံဒေသအမွေအနှစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဝေငှခြင်း၊ ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ပူးပေါင်း၍ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်အဖြစ် ထောက်ခံပေးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးရှင်းလင်းခြင်းများ ပြုလုပ်သွားမည်**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၆-၆-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၅/၉၀၅ ကျပ် | ၉၃၀/၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၁၅ ကျပ် | ၉၄၀/၉၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၅/၈၇၅ ကျပ် | ၉၁၅/၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၂၅ ကျပ် | ၉၇၀/၉၈၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၈၀ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၅ ·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၃ ·၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၃၂ ·၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၅၈ ·၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၃ ·၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ ·၀၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ ·၂၆၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၃ ·၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၃ ·၂၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ ·၉၁၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

## ဆိပ်မူကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပေါ်နေ၍ အရေးပေါ်အခြေအနေ သတိပေးထား

**ဖားကန့် ဇွန် ၂၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်း ဇွန်၂၅ရက် မွန်းလွဲပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေသားများပြိုကျခဲ့ပြီး လူနေအိမ်များအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကာ အရေးပေါ်အခြေအနေအဖြစ် သတိပေးထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန်၂၅ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းတောင်ကျေးရွာ ရပ်ကွက် ၃ ၏ အနောက်ဘက်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေသားများပြိုဆင်းကာ ကမ်းပါးယံများပြိုကျမှုဖြစ်ပေါ်ခဲ့၍ တောင်ကမ်းပါးယံနှင့် တောင်ယာတွင် တည်ဆောက်ထားသည့် လူနေတဲနှစ်လုံးကို ဆိပ်မူအရန်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကာ မြေသားများလျှောကျမှုကြောင့် နေအိမ်လေးလုံးမှာ ယိုင်နဲ့မှုများ ဖြစ်ပေါ်ခဲ့သည်။

မြေသားများဆက်လက်ပြိုကျနိုင်သည့် အခြေအနေရှိခြင်းကြောင့် အရေးပေါ်အခြေအနေ သတိပေးထားပြီး ဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အချိန်မီကူညီဆောင်ရွက်နိုင်ရန် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီခြောက်ခုမှ ဘက်ဟိုးယာဉ် ခြောက်စီး၊မြေသယ်ယာဉ် ခြောက်စီးတို့ဖြင့် ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ မှတ်တမ်းနှင့် မော်ကွန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (အောက်မြန်မာပြည်)က မှတ်တမ်းနှင့် မော်ကွန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုး တက်ရောက်၍ အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်၊ သမိုင်းတို့နှင့် စပ်လျဉ်းသည့် မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိမှသာ အနာဂတ်ကာလတွင် မှီငြမ်းကိုးကားနိုင်ရန် အတွက် ဌာနအသီးသီးရှိ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိနိုင်ရန် အရေးကြီးကြောင်း၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းဥပဒေအရ အစိုးရဌာနများသည် လက်ဝယ်ထားရှိသော မှတ်တမ်းများမှ သက်တမ်း ၁၂ နှစ်ပြည့်မြောက်ပြီး ဆက်လက်သုံးစွဲခြင်း မပြုတော့သည့် မှတ်တမ်းများကို မော်ကွန်းတိုက်သို့ လွှဲပြောင်းပေးနိုင်ရန် မှတ်တမ်းစီမံခန့်ခွဲမှုစနစ်နှင့်အညီ ဌာနတိုင်းတွင် ထိန်းသိမ်းထားရှိနိုင်စေရန် ဌာနဆိုင်ရာ မှတ်တမ်းခန်းတစ်ခုထားရှိရန် လိုအပ်ပါကြောင်း၊ ပေးပို့လာသော မှတ်တမ်းများကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနမှ စနစ်တကျ လုံခြုံစွာထိန်းသိမ်းထားရှိပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင် အထောက်အကူပြုနိုင်စေရန်အတွက် ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်နိုင်ရန် ပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(အောက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာမြင့်က မှတ်တမ်း၊ မော်ကွန်းဆိုင်ရာများနှင့် ပတ်သက်၍ ဌာနများတွင် ဌာနဆိုင်ရာမှတ်တမ်းခန်းများ ထားရှိရန်၊ မှတ်တမ်းခန်းဝန်ထမ်းများကို သတ်မှတ်တာဝန်ပေးရန်၊ ၁၂ နှစ်ပြည့်သည့် မှတ်တမ်းများကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရန် အကြောင်းများကို ရှင်းလင်းပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ထို့ပြင် ရန်ကုန်မြို့ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (အောက်မြန်မာပြည်)ရုံးတွင်လည်း ဇွန် ၂၆ ရက်မှ ၂၉ ရက်အထိ ဌာနဆိုင်ရာမှတ်တမ်းခန်းများ၌ တာဝန်ယူမည့် အရာထမ်းများကို လေးရက်ကြာ မှတ်တမ်းနှင့် မော်ကွန်းဆိုင်ရာ အချက်အလက်များ ထိန်းသိမ်းမှုနှင့် ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ- ထိန်လင်း**



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ မှတ်တမ်းနှင့် မော်ကွန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပစဉ်။

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စမ်းချောင်းမြို့နယ်အတွင်း ဆိုင်းဘုတ်နှင့် သစ်ပင်များပြိုလဲ

**ရန်ကုန် ဇွန် ၂၆**

စမ်းချောင်းမြို့နယ်အတွင်း ဇွန် ၂၅ ရက် မွန်းလွဲပိုင်းက မိုးလေထန်မှုကြောင့် ဆိုင်းဘုတ်နှင့် သစ်ပင်များ ပြိုလဲပျက်စီးမှု ဖြစ်ပွားခဲ့သည်။

မွန်းလွဲ ၁ နာရီခွဲခန့်တွင် စမ်းချောင်းမြို့နယ် ဟံသာဝတီလမ်းနှင့် ပြည်လမ်းထောင့်ရှိ အလျား ပေ ၄၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ Green Aix Conditioner ဆိုင်းဘုတ်မှာ အောက်ခြေ အုတ်ဖိနပ်မှကျွတ်ကာ ပြည်လမ်းမပေါ်သို့ ပြိုလဲမှုဖြစ်ခဲ့ပြီး **(အောက်ယာပုံ)**ကျွန်းတောလမ်းနှင့် ဘာဝနာလမ်းထောင့်ရှိ ဒေါ်ဘဏ စာရီ သီလရှင်ကျောင်း ခေါင်မိုးပေါ်သို့ လုံးပတ်လေးပေ၊ အမြင့် ပေ ၄၀ ရှိ မှို့ပင်ကြီး လဲကျမှုဖြစ်ပွားခဲ့သည်။

ဟံသာဝတီလမ်းမပေါ်ရှိ အ-ထ-က (၁)စမ်းချောင်း ကျောင်းဝင်းအတွင်း ဝန်ထမ်းနေအိမ်လိုင်းခန်းပေါ်သို့ လုံးပတ်တစ်ပေ၊ အမြင့် ပေ ၄၀ ရှိ မှို့ပင်နှင့် လှျောက်လမ်းပေါ်သို့ လုံးပတ်တစ်ပေ၊ အမြင့် ပေ ၂၀ ရှိ ကျွန်းပင်တို့ပြိုလဲမှုများ ဖြစ်ပွားခဲ့သည်။

ဆိုင်းဘုတ်နှင့် သစ်ပင်များပြိုလဲမှု၊ အဆောက်အအုံများပေါ်သို့ လဲကျမှုများကို အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ဝင်များနှင့် ရပ်ကွက်များမှ ပြည်သူများက ဝိုင်းဝန်းရှင်းလင်းပေးခဲ့သည်။ ဆိုင်းဘုတ်နှင့် သစ်ပင်များ ပြိုလဲမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

စမ်းချောင်းမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက "ရှင်းလင်းရေးတွေကို စဖြစ်ကတည်းက နောက်တစ်နေ့ နံနက် ၂ နာရီအထိ တစ်လျှောက်လုံး ဆောင်ရွက်ခဲ့ရပါတယ်၊ အခုလည်း နေ့လယ်ပိုင်းက ကမာရွတ်မြို့နယ် ၁၀ ရပ်ကွက် သံလွင်လမ်းထဲက အမျိုးသမီး ပြန်လည်ထူထောင်ရေး ဦးစီးဌာနဝင်းထဲမှာ သပြေပင်ကြီးနဲ့ ပိန္နဲပင်ကြီးလဲလို့ တပ်ဖွဲ့ဝင်တွေ သွားရှင်းတာ၊ အခု ညနေ ၆ နာရီအထိ ပြန်မရောက်သေးဘူး"ဟု ဆောင်ရွက်နေမှုများကို ပြောပြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ပြဇာတ်ထက်ပိုသည့် သင်ခန်းစာများ ပရိသတ်အတွက်ပေးမည့် ဇာတ်မင်းသားကြီး ချမ်းသာ



**ဒါရိုက်တာ ဝင်းထွန်းထွန်း၏ ရိုက်ကူးဖန်တီးမှုဖြင့် "ဝိညာဉ်စိမ်း" ရုပ်ရှင်ဇာတ်ကားသည် ဇာတ်မင်းသားကြီး ဦးချမ်းသာ ကိုယ်တိုင်ရေးသားထားသော "လိပ်ပြာမှား" ဟု အမည်ရသည့် ပြဇာတ်တစ်ပုဒ်ဖြစ်ကြောင်း သိရသည်။ အဆိုပါဇာတ်ကား၏ ရည်ရွယ်ချက်မှာ ကွယ်လွန်သွားသူတို့ကို ကျန်ရှိသူ မိသားစုများမှ ပြုလုပ်ပေးရမည့် ကောင်းမှုကုသိုလ်များ၊ ရိုးရာဓလေ့ထုံးစံများကို နည်းမှန်လမ်းမှန်ဖြင့် ပြုလုပ်သင့်ပုံကို ကုသိုလ်ပြုပေးရန် ရည်ရွယ်ရိုက်ကူးထားကြောင်းသိရပြီး ယင်းဇာတ်လမ်းကို စတင်ဖန်တီးသူ ဦးချမ်းသာအနေဖြင့် ဇာတ်လမ်းဖန်တီးရခြင်းနှင့်အတူ ဇာတ်လမ်းအပေါ် ပရိသတ်၏ တုံ့ပြန်မှုများအတွက် ယခုလိုပြန်လည်ပြောကြားခဲ့သည်။**

**မေး ။ ။ ဒီဇာတ်လမ်း စတင်ဖြစ်ပေါ်လာရတဲ့အကြောင်းလေး သိပါရစေ။**

ဖြေ ။ ။ ဒီပြဇာတ်ကို မကခင် ပထမဆုံး အတွေ့အကြုံလေးတွေကို ပြောပြချင်တယ်။ ဆရာတော်ကြီးတစ်ပါးရေးထားတဲ့ ဆောင်းပါးတစ်ပုဒ် ကျွန်တော် ပထမဆုံးဖတ်မိခဲ့တယ်။ ကိုယ်က အနုပညာသမားတစ်ယောက်ဖြစ်တာမို့ ဒီဆောင်းပါးလေးကနေ ကိုယ်တတ်ကျွမ်းတဲ့ပညာနဲ့ အများပြည်သူကို သင်ခန်းစာလေးတစ်ခု ပေးမယ်ဆိုပြီး စိတ်ကူးတစ်ခုရလိုက်တယ်။ အဲဒီကနေစပြီး ဒီဇာတ်လေးကို စတင်ခဲ့တာပါ။ အပြင်မှာလည်း လက်တွေ့ကြုံခဲ့ရတဲ့အဖြစ်လေးတွေ၊ ကြားခဲ့ရတာလေးတွေလည်းရှိခဲ့တော့ အဲ့ဒါလေးတွေကိုပေါင်းစပ်လိုက်တာလည်း ပါပါတယ်။ ဦးချမ်းရဲ့ အသိတစ်ယောက် နာရေးမှာ ဆွမ်းသွတ်တဲ့အချိန် ဘေးကသူစိမ်းတစ်ယောက်ကို ဝင်ပူးပြီး သူ့မိသားစုတွေပြောတဲ့ စကားတွေကြားနေရပေမယ့် သူပြောတာကို ဘယ်သူကမှ မကြားကြဘူးဆိုပြီး ငိုယိုပြီး ပြောတာတွေ ကြားခဲ့ရတယ်။ ထူးဆန်းတာက သူ့ဇနီးကို ကွယ်လွန်သူက အိပ်မက်လည်းပေးတယ်။ သူကားထဲမှာရှိနေတယ်။ သူ့ကို ခေါ်ပြီး အမျှဝေပါဆိုပြီး ပြောတယ်။ ကားထဲကိုသွားကြည့်တဲ့အခါ လိပ်ပြာလေး တစ်ကောင်ကိုတွေ့ခဲ့တယ်။ အဲ့လိပ်ပြာလေးက ဘယ်မှလည်း ပျံမသွားဘဲ သူ့နောက် လိုက်လာတယ်။ ပြီးတော့ အိမ်ထဲမှာ သူ့ကိုတရားနာဖို့ လုပ်နေတုန်း အိမ်မြှောင် တစ်ကောင်က သူ့ဘေးနားမှာ ရှိနေတယ်။ ရန်လည်းမပြုဘူး သူ့ကို။ နောက်ဆုံး အမျှဝေလိုက်တော့မှ အိမ်မြှောင်လေးက စုတ်သုံးချက်ထိုးပြီး လိပ်ပြာလည်း ပျောက်သွားတယ်။ ယုံတာ မယုံတာ အပထားပေါ့နော်။ ဒါက အစွဲအလမ်းနဲ့ ယုံကြည်မှုနဲ့လည်း ဆိုင်တယ်။ ဘယ်လိုပဲတိုက်ဆိုင်တာဖြစ်ဖြစ် ကြုံရတဲ့သူတွေလည်း ရှိဖူးမှာပဲ။

**မေး ။ ။ ဒီကားနဲ့ပတ်သက်ပြီး ပရိသတ်ဆီက ပြန်လာမယ့် တုံ့ပြန်မှုကို အစ်ကို ဘယ်လိုတုံ့ပြန်မှုမျိုး ရှိမလဲ။**

ဖြေ ။ ။ ကျွန်တော်က ပြဇာတ်ကခဲ့တဲ့သူဖြစ်တာမို့ ပြဇာတ်ရဲ့ အဖြေကတော့ နှစ်သက်ခြင်းနဲ့အတူ သင်ခန်းစာတစ်ခုတော့ ရခဲ့ပါတယ်။ ဒီပြဇာတ်ကို ကြည့်ပြီးတော့ပေါ့။ ဇာတ်လမ်းအဖြစ် ဆရာ ဦးငြိမ်းမင်းက ပြဇာတ်ကို ဇာတ်လမ်းအဖြစ် ပြန်လည်ဖော်ကျူးလိုက်တဲ့အခါ ဆရာ့ရဲ့ အတတ်ပညာက အင်မတန်ကြီးမားတာမို့ ကျွန်တော်တို့ ပြဇာတ်ထက်ပိုပြီး ပရိသတ်တွေ ဒီဇာတ်ကားကြီးကြည့်ပြီး သင်ခန်းစာ ပိုရလိမ့်မယ်လို့ ထင်ပါတယ်။ ပြီးတော့ ထိုင်းနိုင်ငံရဲ့ ပညာရှင်တွေကလည်း ပြုလုပ်ဖန်တီးပေးထားကြတာမို့ သာမန်ကားတစ်ကားမဟုတ်ဘူးဆိုတာကိုတော့ အားလုံး ကြည့်တဲ့အခါ သိနိုင်မှာပါ။ အနုပညာပြကွက်တွေကတော့ ထူးခြားလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

ပြဇာတ်အတိုင်းအတာအရဆို နာမည်က ရပြီးသားဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ပြဇာတ်ကလည်း ပြဇာတ်အတိုင်းအတာအရ ပရိသတ်ကို ဆွဲခေါ်ရတာမျိုး ရှိပြီးသားလေ။ ရုပ်ရှင်လိုတော့ ပြဇာတ်ဆိုတာက လုပ်ပြချင်တိုင်း လုပ်ပြလို့တော့ မရခဲ့ပါဘူး။ ပြဇာတ်မှာ လျှို့ဝှက်မှုလေးတွေကအစ ပရိသတ်မသိအောင် သတိကြီး ရပါတယ်။ ရုပ်ရှင်မှာကတော့ ပြဇာတ်မှာပြသခွင့်မရခဲ့တဲ့ လုပ်ကွက်တွေ အကုန်လုံး ပြသထားတယ်။ အဲ့တော့ ဇာတ်အိမ်ကြီးက သရဲကြောက်လိုက်တာဆိုတာထက် ရိုးရာဓလေ့ထုံးတမ်းနဲ့ဆိုင်တဲ့ သင်ခန်းစာတွေလည်း အများကြီးပေးနိုင်မယ်လို့ အစ်ကိုထင်ပါတယ်။

**ကိုလင်း**



# သရုပ်ဆောင်ဖြစ်ချင်သည့်စိတ် ပိုမိုအားသန်သည့် အလှမယ် နန္ဒာလွင်

**Miss Now How 2016 တွင် Popular Award ဆုကို ရရှိခဲ့ပြီး အမေရိကန်နိုင်ငံတွင် ကျင်းပသည့် Miss Grand International 2016 Beauty Pageant သို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် အလှမယ် နန္ဒာလွင်မှာ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ဝါသနာပါသည့် သရုပ်ဆောင်လုပ်ငန်းများကို စတင်လုပ်ဆောင်တော့မည်ဖြစ်သည်။**

အမေရိကန်နိုင်ငံတွင် မြန်မာနိုင်ငံကိုယ်စားပြု Miss Grand International Myanmar အဖြစ် ရွေးချယ်မှုကို သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြန်လာခဲ့ခြင်းဖြစ်သည်။ "သူတို့ရဲ့ Organization နဲ့အတူ မြန်မာနိုင်ငံ ကိုယ်စားပြုအနေနဲ့ သွားရောက်ခဲ့တာ ဖြစ်ပါတယ်။နိုင်ငံပေါင်း ၈၀ ကျော်က အလှမယ်တွေနဲ့အတူ လေ့ကျင့်ကြ ရတယ်၊ လေ့လာရေးခရီးတွေ သွားကြရတယ်"ဟု အလှမယ် နန္ဒာလွင်က ပြောသည်။

အလှမယ်လမ်းကို လျှောက်လှမ်းခဲ့ရသည့် အခါက မျှော်လင့်ချက်မှာ သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်လိုခြင်းကြောင့်ဟု နန္ဒာလွင်က ပြောကြားပြီး လက်ရှိ သင်ယူနေဆဲကာလတွင်ကြိုးစား၍ အနုပညာ ဆရာသမားများထံက သင်ယူလေ့လာလျက်ရှိကြောင်း သူကပြောသည်။

မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသမည့် "ချစ်ခြင်းစတုဂံ" ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်နေပြီး ယင်းဇာတ်လမ်းတွဲကို ဒါရိုက်တာ လွင်ဗိုရိုက်ကူးခြင်းဖြစ်သည်။ ခါရာ၊ မင်းမြတ်စိုးစံတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ထားပြီး အချစ်၊ အက်ရှင်၊ ဒရာမာ ရသမျိုးစုံပါဝင်မည့် ဇာတ်ကားဖြစ်သည်။ "ချစ်ခြင်းစတုဂံ" ရုပ်သံဇာတ်လမ်းတွဲကို ထိုင်းနိုင်ငံတွင် သွားရောက်ရိုက်ကူးထားခြင်း ဖြစ်သည်။

"ဇာတ်လမ်းထဲမှာ ဆိုးတဲ့ဇာတ်ရုပ်ကနေ သရုပ်ဆောင်ရပါတယ်။ မိဘကလည်း အလိုလိုက်ထားပြီး ဆိုးသွမ်းတဲ့ ဇာတ်ရုပ်ပါ။ နောက်ကားတွေကတော့ ကားကြီးလေးကားကို ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) ရိုက်ကူးထားတဲ့ကားတွေ ဖြစ်ပါတယ်။ အဲဒီထဲမှာ ကိုပြေတီဦးနဲ့ မစမိုင်းလ်တို့နဲ့ တွဲဖက်သရုပ်ဆောင်ခွင့် ရပါတယ်။ မင်းသမီးတစ်ယောက်ဖြစ်ချင်တဲ့ ဇာတ်ရုပ်ကို သရုပ်ဆောင်ထားပါတယ်။ ဟာသဇာတ်လမ်း သဘောမျိုးပေါ့။ အားလုံးကိုလည်း အားပေးပါလို့ ပြောချင်ပါတယ်"ဟု နန္ဒာလွင်က ပြောသည်။ **ကိုလင်း**

# သုံးနှစ်သက်တမ်းအကြာ အမ်တီဗွီထွက်ရှိလာနိုင်သည့် ဖြိုးပြည့်စုံ

**တေးရေး စည်သူမင်း ရေးသားထားသည့် "လရိပ်" ဟုအမည်ပေးထားသော တေးသီချင်းပိုင်ရှင်၊ "သံစဉ်များနဲ့ ကမ္ဘာ"သီချင်းဆိုပြိုင်ပွဲတွင် Winner တစ်ယောက်ဖြစ်ခဲ့ပြီး ဂီတလောကတွင် ရပ်တည်နေနိုင်ခဲ့သူ အဆိုတော် ဖြိုးပြည့်စုံ က သူ၏ ပထမဆုံး တစ်ကိုယ်တော်ခွေ ဖြစ်သည့် "မျှော်နိုင်သမျှ"တေးစီးရီးကို Audio CD အဖြစ် ၂၀၁၅ ခုနှစ်က ထွက်ရှိခဲ့ပြီး MTV အဖြစ် ယခုလ ၂၉ ရက်တွင် The Sun Music တေးထုတ်လုပ်ရေးမှ ဖြန့်ချိသွားမည်ဟု သိရသည်။**

"အခုဆို အားလုံးမျှော်လင့်ထားတဲ့အတိုင်း ပရိသတ်ဆီကို ပို့ပေးနိုင်ပါပြီ။ ကျွန်တော့်ကိုအချိန်ပေးပြီး အားပေးကြတာတွေကို အစဉ်အမြဲလေးစား အသိအမှတ်ပြုလျက်ပါ။ သီချင်းလေးတွေကကြာပြီ၊ ပရိသတ်လည်း ရိုးပြီး အီနေလောက်မယ်လို့ ထင်ပေမယ့် ရုပ်ပိုင်းကို ခံစားစေချင်တဲ့ဆန္ဒကြောင့် အခုလို ထွက်ရှိလာရခြင်း ဖြစ်ပါတယ်။ ကျွန်တော် ရိုက်ကူးမှုပိုင်းမှာဆို မကြည်ဖြူသျှင်က ဒါရိုက်တာအဖြစ် မေတ္တာနဲ့ ပါဝင်ကူညီရိုက်ကူးပေးကြတယ်။ အဲဒီလိုပဲ အနုပညာရှင်တွေအကုန်လုံး နီးပါး မေတ္တာနဲ့ ပါဝင်ပေးကြတဲ့အတွက် ဝမ်းသာရပါတယ်။ ကျွန်တော့် MTV ကို ၂၀၁၆ ခုနှစ် ၅ လပိုင်းလောက်မှာ စရိုက်တာဆိုတော့ အခုဆို နှစ်နှစ်နီးပါးလောက်တော့ ရှိပါပြီ။ "အချစ်ဦး" သီချင်းလေးကိုလည်း ပရိသတ်တွေ ရသတစ်မျိုး ခံစားရအောင် ရုပ်ပိုင်းကို သေချာဖန်တီးထားပါတယ်။ ဒီအခွေလေးကို ကျွန်တော် အများကြီး ကြိုးစားထားပါတယ်။ ကြိုးစားမှုလေးကိုလည်း ပရိသတ်အသိအမှတ်ပြုစေချင်ပါတယ်။ ပထမ Audio CD တုန်းကလိုပဲ အခုအခွေလေးကိုလည်း အားပေးစေချင်ပါတယ်။ ပရိသတ်က အဲဒီတုန်းက အားပေးခဲ့တာကြောင့် ဖြိုးပြည့်စုံဆိုပြီး ဒီသုံးနှစ်အတွင်းမှာ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ပါတယ်။ ဒါပရိသတ်ရဲ့ အားပေးမှုကြောင့်ပေါ့နော်" ဟု အဆိုတော် ဖြိုးပြည့်စုံက ပြောသည်။

အဆိုပါ တေးစီးရီးတွင် တေးရေး ဝင်းမင်းထွေး၊ မင်းချစ်သူ၊ ကေအေတီ၊ မြင့်မိုးအောင်၊ ရွှေဂျော်ဂျော်၊ စနေကျော်၊ အငဲ၊ နေထိုက်စိုး၊ စည်သူမင်း၊ ဖြိုးပြည့်စုံ၊ ဝေကြီး တို့ ရေးသားထားသည့်သီချင်း ၁၁ ပုဒ်ပါဝင်ပြီး ဖြိုးပြည့်စုံသည် လက်ရှိတွင် သင်္ကြန်လေညှင်းလုလင်နှင့် အခြားတေးစီးရီးများထွက်ရှိထားသော်လည်း အမ်တီဗီမှာ ပထမဆုံးအကြိမ်အဖြစ် ထွက်ရှိခြင်းဖြစ်သည်။ အခွေတွင် ဒါရိုက်တာ ကြည်ဖြူသျှင်၊ အောင်မြတ်၊ နေဟိန်း၊ စိုင်းအောင်ထွန်းနှင့် ဖြိုးပြည့်စုံ တို့က ရိုက်ကူးထားပြီး နေတိုး၊ အောင်ရဲလင်း၊ ထွန်းထွန်း၊ ထွန်းကိုကို၊ ဝိုင်းစုခိုင်သိန်းနှင့် မိုးစက်ဝိုင်စသည့် နာမည်ကျော်သရုပ်ဆောင်များက ပါဝင်အားဖြည့်ထားကြသည်။

**ကိုလင်း**



# နိုင်ငံတကာ အနုပညာသတင်း

## အမေရိကန်သမ္မတကတော်ရဲ့ အင်္ကျီနဲ့ ပတ်သက်ပြီး တုံ့ပြန်ခဲ့ကြတဲ့ ကြယ်ပွင့်များ

အမေရိကန်သမ္မတကတော် မယ်လာနီထရန့်ဟာ ပြီးခဲ့တဲ့ကြာသပတေးနေ့က ရွှေ့ပြောင်းအခြေချနေထိုင်သူများရဲ့ကလေးများကို ထိန်းသိမ်းထားတဲ့စင်တာကို သွားရောက်ခဲ့ပါတယ်။ အဲဒီလိုသွားရောက်ခဲ့စဉ် “ငါဂရုမစိုက်ဘူး။ မင်းရောလား” ဆိုတဲ့စာတန်းပါအင်္ကျီကိုဝတ်ဆင်ခဲ့တဲ့အတွက် အတော်လေးဂယက်ရိုက်သွားပါတယ်။ သမ္မတကတော်ရဲ့ အင်္ကျီ ဝတ်ဆင်ပုံကို သဘောမကျတဲ့ အနုပညာလောကက ကြယ်ပွင့်တွေဟာ သူ့နည်းသူ့ဟန်နဲ့ တုံ့ပြန်ခဲ့ကြပါတယ်။

အမေရိကန်ရော့ဂီတအဖွဲ့တစ်ဖြစ်တဲ့ Pearl Jam မှ နာမည်ကျော်အဆိုတော်ဖြစ်တဲ့ အက်ဒီဗက်ဒါရဲ့ ဇနီးဖြစ်သူ ဂျေးလ်ဗက်ဒါလည်း မီလန်မှာလုပ်တဲ့ ရှိုးပွဲမှာ “ငါတို့အားလုံး ဂရုစိုက်တယ်” ဆိုတဲ့ စာတန်းပါအင်္ကျီကိုဝတ်ဆင်ခဲ့ကြပါတယ်။ Pearl Jam အဖွဲ့ရဲ့ တွစ်တာအကောင့်မှာလည်း ဂျေးလ်ဗက်ဒါရဲပုံကို တင်ထားပါတယ်။ အဆိုတော် အက်ဒီဟာ သူ့ဇနီးရဲ့ “ငါတို့အားလုံးဂရုစိုက်တယ်” ဆိုတဲ့ စာတန်းပါအင်္ကျီကိုလည်း ရှိုးပွဲက ပရိသတ်တွေကို ပြသခဲ့ပါတယ်။

မင်းသမီး ဂျန်နာအော်တေးဂါးလ်ကလည်း ရေဒီယိုဒစ္စနေး ဂီတဆုပေးပွဲမှာ “ငါဂရုစိုက်တယ်၊ မင်းလည်းဂရုစိုက်သင့်တယ်” ဆိုတဲ့ စာတန်းပါအင်္ကျီကို ဝတ်ဆင်ခဲ့ပါတယ်။ ဂျန်နာဟာ Iron Man 3 နဲ့ Jane the Virgin ဆိုတဲ့ဇာတ်ကားတွေမှာပါဝင်သရုပ်ဆောင်ခဲ့သူလည်းဖြစ်တယ်။ သူဟာရွှေ့ပြောင်းနေထိုင်သူတွေရဲ့ ကလေးငယ်တွေကိုဂရုစိုက်တယ်ဆိုတာပေါ်လွင်ချင်လို့ ဒီလိုမျိုးဝတ်ဆင်ရတာလို့လည်း ပြောပါတယ်။ အမေရိကန်ဂီတပညာရှင်တစ်ဦးဖြစ်တဲ့ မိုက်ကယ်ဖရန်တီကလည်း အလားတူအင်္ကျီမျိုးကို ဝတ်ဆင်ခဲ့ပါတယ်။ အနုပညာရှင်တွေရဲ့လှုံ့ဆော်မှုကြောင့် အဲဒီစာတန်းပါအင်္ကျီတွေဟာ ရောင်းအားကောင်းပြီး အခုအခါ အရောင်းပြတ်လပ်သွားပြီလို့ ဖက်ရှင်ကုမ္ပဏီတွေက ပြောပါတယ်။

**ဘီဘီစီ**




## အော်စကာမှ အဖွဲ့ဝင်အသစ်ပေါင်း ၉၂၈ ဦး ဖိတ်ခေါ်ထား

နိုင်ငံပေါင်း ၅၉ နိုင်ငံမှ အဖွဲ့ဝင်ပေါင်း ၉၂၈ ဦးကို အဖွဲ့ဝင်အသစ်များအဖြစ်ဖိတ်ခေါ်ခဲ့ကြောင်း ရုပ်ရှင်အကယ်ဒမီတွင် နှစ်ပေါင်းများစွာ အမျိုးသားများနှင့် လူဖြူများသာ ကြီးစိုးနေသည်ဟု ဝေဖန်မှုများနှင့်ကြုံတွေ့ပြီးနောက် တနင်္လာနေ့တွင် အော်စကာအဖွဲ့ကကြေညာချက် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။။

ယခင်ကအမျိုးသမီးအဖွဲ့ဝင်ပေါင်း ၂၈ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၃၁ ရာခိုင်နှုန်းအထိရှိလာတော့မည်ဖြစ်သည်။အသားအရောင် ကွဲပြားသည့်လူမျိုးများမှာ ယခင် ၁၃ ရာခိုင်နှုန်းမှ ယခုအခါ ၁၆ ရာခိုင်နှုန်းတိုးလာပြီဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် အမျိုးသမီးအရေအတွက် ပါဝင်မှုနည်းပါးသည့်အတွက် ဝေဖန်သံများဆူညံလာခဲ့ရာ အမျိုးသမီးများနှင့် လူဖြူမဟုတ်ဘဲ အသားအရောင်ကွဲပြားသော လူမျိုးများပါ ပါဝင်နိုင်ရေး အဖွဲ့ကြီးက ကြိုးပမ်းလာခဲ့သည်။

ဟောလိဝုဒ်၏အဆင့်မြင့်ဆုံး ဂုဏ်ထူးဆောင်အဖွဲ့ကြီးတွင် လူမျိုးပေါင်းစုံပါဝင်နိုင်မှုမရှိသည့် အတွက်လည်း ပြင်းပြင်းထန်ထန်ဝေဖန်ခံခဲ့ရသည်။ ရုပ်ရှင်အကယ်ဒမီအဖွဲ့မှ ၂၀၂၀ ပြည့်နှစ်တွင် အမျိုးသမီးအရေအတွက်နှင့် လူနည်းစု အဖွဲ့ဝင်အရေအတွက်ကို နှစ်ဆဖြစ်အောင်ပြုလုပ်မည်ဟု ကြေညာခဲ့သည်။

ယခုဖိတ်ခေါ်ထားသည့် အဖွဲ့ဝင် များထဲတွင် Girls Trip ဇာတ်ကားမှ မင်းသမီး တစ်ဖနီ ဟတ်ဒစ်ရှ်၊ The Big SicK ဇာတ်ကားပူးတွဲစာရေး ဆရာကူမေးလ်နန်ဂျီနီ၊ အမ်မလီဗွီဂေါ်ဒန်နှင့် ဟာသသရုပ်ဆောင် ဒေ့ဗ်ချက်ပဲလ်တို့ပါဝင်လာကြောင်း ရုပ်ရှင်အနုပညာနှင့် သိပ္ပံအဖွဲ့ကြီးက ပြောသည်။

**ဂိုးလ်ဒီးယားဘိုင် ဒေ့ါကွန်း**
**ခြူး**



ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၂၇)

# အပြစ်ကင်းစင်သူ



**ဦးဟန်ညွန့် (ဥပဒေ)**

**သက်သေဘယ်လိုပြရပ့်ါ**

“ ကျွန်တော့်အမှုသည်က အပြစ်မရှိဘူး၊ အပြစ်ကင်းတယ်၊ အပြစ်ကင်းကြောင်း ဘယ်လိုသက်သေပြရပ့်ါမလဲ ဆရာ” ဟု အလုပ်သင်ရှေ့နေ တပည့်တစ်ဦးက ကျွန်တော့်အားမေးသည်။ တကယ်မသိ၍ မေးတာလား။ ဗဟုသုတ စစ်မေးခြင်းလား။ ဘာပဲဖြစ်ဖြစ် မှတ်သားမိသမျှ ပြောပြရပါသည်။ လေ့လာထားသမျှ ဝေငှရပါသည်။



**ရာဇဝတ်မှုများ**

ရာဇဝတ်မှုများ (ပြစ်မှုများ) တွင် တရားလိုဘက်က သက်သေအမြဲပြရပါသည်။ စွပ်စွဲခံရသူ(တရားခံ) သည် မည်သည့်ပြစ်မှုကျူး လွန်ပါသလဲ။ ဘာအပြစ်ရှိပါသလဲ။ မျက်မြင်သက်သေ အကြားသက်သေစသည်ဖြင့် အမျိုးမျိုးတရားလိုဘက်က တင်ပြရပါသည်။ သို့မှသာ တရားခံမှာ ဘာအပြစ်ကျူးလွန်သလဲ။ ထဲထဲဝင်ဝင် သိရပါသည်။ သက်သေခိုင်လုံမှ ပြစ်မှုထင်ရှား အပြစ်ပေးနိုင်ပါမည်။

**ပြစ်မှုထင်ရှားမစီရင်သေးသရွေ့**

ပြစ်မှုထင်ရှားမစီရင်သေးသရွေ့ အပြစ်ကင်းစင်ကြောင်း အယူအဆ (Presumption of Innocence) သည် တရားရေးလောက၏ သိသာထင်ရှားသော လက်နက်တစ်မျိုးဖြစ်သည်။ တရားသူကြီးက စီရင်ချက် မချမချင်း တရားခံမှာ အပြစ်မရှိပါ။ ဤအခြေခံမူသည် လူသားဆန်ပါသည်။ လူ့အခွင့်အရေးကို လေးစားသမှုပြုရာလည်း ရောက်ပါသည်။

**စကားဦး မသန်းသင့်**

စီရင်ချက်မချမီ စွပ်စွဲခံရသူအား“ဒီကောင် ထောင်ချရမယ်၊ ထောင်ကျမှာ သေချာတယ်၊ မယုံရင်စောင့်ကြည့်” ဟူသော အပြောအဆို၊ အရေးအသားလွဲမှားမှုများ မပြုသင့်ပါ။ အလွန်ပါးနပ်လိမ္မာသော သတင်းမီဒီယာသမားကြီးများပင် ရေးတတ်၊ မှားတတ်၊ စွပ်စွဲပုတ်ခတ်ရေးသားတတ်ကြသည်။ တရားသူကြီး၏ လုပ်ပိုင်ခွင့်အပေါ် စကားဦးသန်းခြင်း၊ နိမိတ်ဖတ်ခြင်း၊ ကြိုတင်ဟောကိန်းထုတ်ခြင်း လုပ်တတ်ကြသည်။ သတိပြုရှောင်ရှားအပ်ပါသည်။ တရားရုံးများအပေါ် မထီမဲ့မြင် မပြုသင့်ပါ။

**သံသယအကျိုး**

သက်သေမခိုင်လုံလျှင် ဘာလုပ်ရမလဲ။ အများအသိ ဖြစ်ပါသည်။ တရားခံ အပြစ်ရှိကြောင်း မည်သည့်သက်သေကမျှ မထွက်ဆိုပါ။ မစွပ်စွဲပါ။ ထိုအခါ သံသယအကျိုးကို တရားခံသာ ခံစားခွင့်ရှိပါသည်။ လွတ်လပ်၍ ဘက်မလိုက်သော၊ တရားသူကြီး၏မျှတသော အဆုံးအဖြတ်ကို ပြည်သူတို့ ကြိုဆိုနေကြမည်သာဖြစ်ပါသည်။ တရားနည်းလမ်းကျပါသည်။

**ပထမသတင်းပေးတိုင်တန်းချက်**

ထိခိုက်နစ်နာသူက လိုအပ်သလို အရေးယူနိုင်ရန် ရဲစခန်းသို့ ပထမဦးစွာ သတင်းပေးတိုင်ကြားခြင်းမှာ ပထမသတင်းပေး တိုင်တန်းချက် (F.I.R) ဖြစ်ပါသည်။ အဆိုပါ တိုင်ချက်မှာ အမှုတစ်မှု၏အစဖြစ်ပါသည်။ ကျမ်းသစ္စာပြုထွက်ဆိုခြင်း မဟုတ်ပါ။ တစ်ဖက်က အပြန်အလှန်မေးခွန်းထုတ်ရန် အခွင့်အရေးလည်း မရှိသည့် တိုင်ချက်ဖြစ်ပါသည်။ သတင်းပေးသူ၏ ထွက်ချက်ကို ထောက်ခံကြောင်း အသုံးပြုရန် ဖြစ်ပါသည်။

**ခွင့်ပြုမိန့်**

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၉၇ နှင့်အညီ တရားစွဲဆိုခွင့်ပြုမိန့် လိုအပ်သော အမှုများရှိပါသည်။ မည်သည့်အဆင့်၊ မည်သည့် ဝန်ထမ်းကို မည်သည့်အရာရှိက မတိုင်ကြားလျှင် အမှုပျက်ပြယ်တတ်ပါသည်။ (ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၅ (၁) (က) နှင့် ညီညွတ်ရန်လိုအပ်ပါသည်)

> **“တရားခံက အမှန်တကယ် ဖြောင့်ချက်ပေးချင်ပါသလား၊ ဥပဒေနှင့်ညီရဲ့လား၊ ဥပဒေနှင့်မညီဘဲ တရားခံအပြစ်ရရေး (အချုပ်ခံရရေးသာ) ဦးတည်စဉ်းစားနေပါသလား၊ တရားဥပဒေအခွင့်အရေး မပေးဘူးလား၊ ဤအချက်များမှာလည်း နေ့စဉ်ကြုံတွေ့နေရသော ပြဿနာများသာဖြစ်ပါသည်၊ ရေး၍မပြီး၊ ပြော၍မဆုံးဖြစ်နေဆဲပါ”**

**နစ်နာသူ ကိုယ်တိုင်**

နစ်နာသူ ကိုယ်တိုင် တိုင်ကြားမှ တရားဝင်သော အမှုများလည်း ရှိစမြဲပါ။ (ဥပမာ၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၉၇ ၊ ပုဒ်မ ၅၀၀ စသည်)

**ရဲအရေးပိုင်၊ မပိုင်**

ရဲအရေးပိုင်သော အမှုလား၊ မပိုင်သော အမှုလား။ တိုင်ချက် စတင်ဖွင့်စဉ်ကပင် တိုင်ချက်ဖွင့်ခွင့်ရှိ၊ မရှိ ဟူသော စိစစ်ချက်၊ ဥပဒေဘောင်ဝင်၊ မဝင် စသည်တို့မှာ သတိပြုရမည့် အချက်များ ဖြစ်ပါသည်။

**ဖြောင့်ချက်ယူခြင်း**

တရားခံက အမှန်တကယ် ဖြောင့်ချက်ပေးချင်ပါသလား။ ဥပဒေနှင့်ညီရဲ့လား။ ဥပဒေနှင့်မညီဘဲ တရားခံအပြစ်ရရေး (အချုပ်ခံရရေးသာ) ဦးတည်စဉ်းစားနေပါသလား။ တရားဥပဒေအခွင့်အရေး မပေးဘူးလား။ ဤအချက်များမှာလည်း နေ့စဉ်ကြုံတွေ့နေရသော ပြဿနာများသာဖြစ်ပါသည်။ ရေး၍မပြီး၊ ပြော၍မဆုံးဖြစ်နေဆဲပါ။

**အာမခံ**

အာမခံမပေး၊ အချုပ်အနှောင်ဖြင့် လူ့ဘဝ ဒုက္ခမျိုးစုံကြုံရသော တရားခံများစွာ ကြုံဖူးခဲ့ကြပါပြီ။ အချုပ်ခန်းထဲမှာ ကျပ်ညှပ်ပြီး ဥပဒေအခွင့်အရေးမရရှာသူတွေ ဒုနှင့်ဒေးပါ။ အာမခံပေးသင့်သူကို ပေးရန်၊ မပေးသင့်သူကို ခြင်းချက်ဖြင့် ချုပ်နှောင်ရန်သာ ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး ယှဉ်တွဲချိန်ဆနိုင်ရန် သင့်မြတ်ပါသည်။

**တရားဥပဒေ ရှေ့မှောက်**

တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုအတွက် ရှေ့နေရှေ့ရပ်များက တင်ပြကြသည်။ လျှောက်လဲကြသည်။ ကိုးကားတင်ပြကြသည်။ “ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်း” ဆိုသကဲ့သို့ ဥပဒေအရာတွင် နှံ့နှံ့စပ်စပ်၊ တိတိကျကျလေ့လာ ဆည်းပူးတင်ပြကြသည်။ မတရားဖမ်းဆီးချုပ်နှောင်မှု မဖြစ်စေရ။ ဥပဒေအခွင့်အရေး အညီအမျှ ရစေရမည်။ မျှတသော တရားခွင်သည် ဥပဒေအလင်းရောင် ဖြစ်ပေသည်။ ရှေ့နေကျင့်ဝတ်နှင့် ညီညွတ်ပြည့်စုံသော ဂုဏ်သိက္ခာမြင့်မားသည့် ရှေ့နေများ၏ သမိုင်းဂုဏ်ရောင် ထွန်းပြောင်လှပေသည်။

**အမှန်တရား အများမြင်သာ**

အမှန်တရားကို အများမြင်သာစေသော တရားသူကြီးများ၏ တရားခွင်၌ အပြစ်ရှိလျှင်ရှိသလို၊ အပြစ်မရှိလျှင် မရှိသလို ညီမျှသော ဥပဒေအခွင့်အရေး တစ်ပြေးညီ ရရှိခံစားစေပေသည်။ မျှတခြင်း၏ ဂုဏ်ကျက်သရေလည်း ဖြစ်ပေသည်။ အပြစ်ကင်းစင်သူအတွက် အားတက်ဖွယ်ပါ။

**သက်သေပြနိုင်ခြင်း**

သက်သေခံဥပဒေနှင့်အညီ သက်သေပြနိုင်ခြင်း၊ ထင်ရှားခြင်း၊ ခိုင်လုံခြင်း၊ အများမြင်စေရာခြင်းတို့သည် သက်သေ၏ အရည်အချင်း ဖြစ်ပေသည်။ အမှားနှင့် အမှန်၊ အဆိုးနှင့်အကောင်း၊ ကွဲပြားခြားနားခြင်း၊ အသက်တစ်ရာမနေရသော်ငြား အမှုတစ်ရာ ကြုံတတ်ခြင်းစသည့် တရားရုံးဇာတ်ကောင်များ၊ ဇာတ်လမ်းများ ထင်ရှားပေါ်ပေါက်ခဲ့ချေပြီ။ အပြစ်ကင်းစင်ဖို့မှာ ကိုယ့်တာဝန်ပါ။

**စေတနာ**

တရားခွင်နယ်ပယ်မှာ အတွေ့အကြုံ မကြွယ်သေးရှာသော အလုပ်သင်ရှေ့နေ တစ်ဦး၏ မေးခွန်းကို လက်လှမ်းမီသမျှ ဝေငှရပါသည်။ စာရေးသူကိုယ်တိုင်လည်း ဥပဒေနယ်ပယ်ရပ်ဝန်းအား စဉ်ဆက်မပြတ် ဆက်လက်လျှောက်လှမ်းဆဲမျှသာ ဖြစ်ကြောင်း တွေးမိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ။ ။

## ဖာပွန်မြို့နယ်၌ သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**ဖာပွန် ဇွန် ၂၆** -ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာနေပြည်သူများ အနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်သည့် အသိပညာများကို သိရှိနားလည်နိုင်ရန် ရည်ရွယ်ပြီး သဘာဝဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်ပွဲကို ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်အောင်၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းပါဝင်၍ ယမန်နေ့က အမှတ် ၁ ရပ်ကွက် စက်လှေဆိပ်၌ ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ရေပြင်အသက်ကယ်ဆယ်နည်း၊ ရှေးဦးပြုစုနည်း၊ လူနာသယ်ယူပို့ဆောင်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်ဆောင်ရွက်နေမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မျိုးဆက်သစ်(ဘားအံ)**

# မော်လမြိုင်မြို့၊ သမိုင်းဝင်ကျိုက်သလွံစေတီတော် ပြန်လည်ပြုပြင်မွမ်းမံရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှိုးဆော်ခြင်း



မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်အတွင်း (၁၇-၆-၂၀၁၈)ရက်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းထန်စွာ တိုက်ခတ်မှုများကြောင့် မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ တောင်ရိုးတန်းရှိ အထင်ကရ သမိုင်းဝင်စေတီတစ်ဆူဖြစ်သော ကျိုက်သလွံစေတီတော်အရှေ့ဘက်နှင့် အနောက်ဘက်မုခ် တောင်စောင်းများအနီး မြေပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ သမိုင်းဝင်ကျိုက်သလွံစေတီတော်ကြီး၏ ပျက်စီးမှုများအား ဘက်စုံပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ကျိုက်သလွံစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၇-၂၀၂၃၃၄
(ခ) မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၅၇-၂၀၂၇၃၀၃
(ဂ) မွန်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်း-၀၅၇-၂၀၂၇၀၇၃

ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် အလှူငွေများကို ဦးမြင့်သန်းဝင်း ညွှန်ကြားရေးမှူး(ဖုန်း-၀၉-၅၁၈၆၅၃၆)၊ ဦးစိုးမြင့် ညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၃၁၂၅၈၉၊ ဦးမြင့်အောင် ညွှန်ကြားရေးမှူး (ဖုန်း-၀၉-၅၃၂၂၅၈၂)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။ (Account No-0223 0202 2023 09302 KBZ Bank) သို့လည်း ပေးသွင်းလှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

## ငပလီကမ်းခြေတစ်လျှောက်ရှိ ခွေးများကို ခွေးရူးရောဂါကာကွယ်ဆေး လိုက်လံထိုးနှံပေး

**သံတွဲ ဇွန် ၂၆**

ငပလီကမ်းခြေ သန့်ရှင်းသာယာလှပရေး၊ ဒေသခံပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသား ဧည့်သည်များ ခွေးရူးရောဂါအန္တရာယ်မှ ကင်းဝေးပြီး စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးတို့အတွက် ငပလီကမ်းခြေတစ်လျှောက်နှင့် ငပလီမြို့ပေါ် ရပ်ကွက်များရှိ ပိုင်ရှင်မဲ့နှင့် ပိုင်ရှင်ရှိခွေးများအားလုံးကို ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



သံတွဲခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းစိုးနှင့် ရုံးဝန်ထမ်းများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက ကမ်းခြေတစ်လျှောက်နှင့် ရပ်ကွက်များသို့ ကွင်းဆင်းသွားရောက်၍ ခွေးရူးရောဂါကာကွယ်ဆေးများကို ဇွန် ၂၀ ရက်နေ့မှစတင်၍ ထိုးပေးနေခြင်းဖြစ်ကာ ဇွန် ၂၅ ရက်အထိ ခွေးနှင့် ကြောင်စုစုပေါင်း ၅၈၁ ကောင်ကို ကာကွယ်ဆေးများ ထိုးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇွန်လကုန်ထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းစိုးထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျေးလက်ပြည်သူများ၏ ကျန်းမာရေးစကားဝိုင်းပြုလုပ်

**နတ်တလင်း ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပွတ်စုကျေးရွာ ကျန်းမာရေးဆေးခန်း၏ အစီအစဉ်ဖြင့် ကျေးလက်ပြည်သူများအတွက် ကျန်းမာရေးစကားဝိုင်း ဆွေးနွေးပွဲကို ဆေးခန်း၏ အပိုင်နယ်မြေဖြစ်သော ကုန်းသာအနောက်စုရွာမှ ဦးဝင်းသိန်း၏နေအိမ်၌ ဇွန် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ကျေးလက်ကျန်းမာရေးစကားဝိုင်းတွင် မွေးအန္တရာယ်သတိပြုဖွယ် ခေါင်းစဉ်ဖြင့် အဓိက ဆွေးနွေးကြရာ တက်ရောက်လာသူများက မွေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အိမ်အတွင်းအပြင် သန့်ရှင်းရေးများ ဆောင်ရွက်ရန်၊ ခြံဝင်းအတွင်းနှင့် ရွာအတွင်းအပြင်များရှိ ချုံနွယ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ရွာသူရွာသားများ စုပေါင်းရှင်းလင်းရန်၊ မွေကိုက်လူနာအား ရှေးဦးပြုစုရမည့် နည်းစနစ်များကို စနစ်တကျ တတ်သိနားလည်အောင် ရှေးဦးသူနာပြုစုနည်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးပါရန်တို့ကို ဆွေးနွေးခဲ့ကြသည်။

အမျိုးသမီးကျန်းမာရေးဆရာမကြီး ဒေါ်စန္ဒာဝင်းက မွေကိုက်ခံရသူအား လေးနာရီအတွင်း နီးရာဆေးခန်းဆေးရုံသို့ အမြန်ဆုံး ပို့ဆောင်ပေးရန်နှင့် အခြားမလိုလားအပ်သော လုပ်ဆောင်မှုများကို မဆောင်ရွက်ကြရန်နှင့် ရှေးဦးသူနာပြုစုနည်းသင်တန်းများ ဖွင့်လှစ်ရန်အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ဆက်သွယ်ပြီး ဖြစ်မြောက်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ ကျေးလက်ကျန်းမာရေး စကားဝိုင်းဆွေးနွေးပွဲတွင် ပွတ်စုကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ထမ်း လေးဦး၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူ ၅၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



## ကန့်ဘလူမြို့နယ် ကာဘိုးဒေသ၌ သစ်ပင် ၅၀၀၀ ကျော် စုပေါင်းစိုက်ပျိုး

**ကန့်ဘလူ ဇွန် ၂၆**

ကန့်ဘလူမြို့နယ် ကာဘိုးဒေသ စိမ်းလန်းစိုပြည်ရေး အတွက် တန့်ဆည်မြို့နယ် အက်တောကျေးရွာမှ ကာဘိုး-ဇီးကုန်းမြို့အထိ ကျေးရွာချင်းဆက် ကားလမ်းမ တစ်လျှောက် လမ်းဘေး ဝဲ၊ ယာနှင့် ကာဘိုးဆည် မူးဘောင်လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်တို့တွင် သစ်ပင် ပေါင်း ၅၀၀၀ ကျော်ကို ဇွန် ၂၅ ရက်က စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ ဇီးကုန်း-ကာဘိုး-အက်တော လမ်းမ တစ်လျှောက်နှင့် ကာဘိုးဆည် မူးဘောင်လမ်းမတို့၌ စိုက်ပျိုးရန်အတွက် ကျွန်း၊ စိန်ပန်း၊ တမာ ပျိုးပင် စုစုပေါင်း ၂၅၀၀ တို့ကို ကန့်ဘလူမြို့နယ်သစ်တော ဦးစီးဌာနက ဖြန့်ဝေပေးခဲ့သလို တန့်ဆည်မြို့နယ် သစ်တော ဦးစီးဌာနကလည်း ကျွန်း၊ စိန်ပန်းနှင့် တမာ ပျိုးပင် စုစုပေါင်း ၂၅၀၀ တို့ကိုဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပျိုးပင်များကို ကာဘိုးစံပြကျေးရွာ ဝေနေယျဆွေပါရမီသုခ လူမှုကူညီရေးအသင်းက ဦးဆောင်၍ ကန့်ဘလူမြို့နယ်၊ တန့်ဆည်မြို့နယ်၊ ရေဦးမြို့နယ်နှင့် ခင်ဦးမြို့နယ်တို့မှ ပရဟိတ လူမှုကူညီရေးအသင်းဝင်များ၊ ကာဘိုးစံပြကျေးရွာ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ကန့်ဘလူမြို့နယ်နှင့်တန့်ဆည်မြို့နယ်တို့မှ သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း လူအင်အား ၇၀၀ ကျော်တို့ ပါဝင်ကာ လမ်းမတစ်လျှောက်တွင် တစ်ပင်နှင့်တစ်ပင် ၁၀ ပေစီခွာ၍ စုပေါင်းစိုက်ပျိုးခဲ့ကြခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့၊ ကာဘိုးစံပြကျေးရွာမှ တန့်ဆည်မြို့နယ် အက်တောကျေးရွာအထိ ကားလမ်းမတစ်လျှောက်၌ ခရီးသွားပြည်သူများနားခိုရန် အရိပ်ရသစ်ပင် ကြီးကြီးမားမား မရှိသောကြောင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုးခြင်းဖြစ်ကြောင်း ကာဘိုးစံပြကျေးရွာ ဝေနေယျဆွေပါရမီသုခ လူမှုကူညီရေးအသင်း နာယက ဦးအောင်သိန်းကပြောကြားသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## တောင်ငူမြို့နယ် စာရေးဆရာအသင်း၏ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး ကျင်းပ

**တောင်ငူ ဇွန် ၂၆**

မြန်မာနိုင်ငံစာရေးဆရာအသင်း(တောင်ငူ)၏ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် ကွယ်လွန်သူ အသင်းဝင် ဦးကိုကို(နှောင်းဟေမာန်)အတွက် ကျန်ရစ်သူမိသားစုသို့ ဗဟိုနှင့် မြို့နယ်အသင်းတို့မှ ထောက်ပံ့ငွေ ကျပ်လေးသောင်း ပေးအပ်ပွဲကို ဇွန် ၂၃ ရက်က တောင်ငူမြို့ မဟောသဓဆေးတိုက်၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စာရေးဆရာအသင်း နာယက ဦးကျော်လှ(သမာဓိ)က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးစံလှ(စံ-ကေတု)က အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးဇော်ဇော်(ဇော်ဇော်)က ယခင်အပတ် အစည်းအဝေးမှတ်တမ်းကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးကျော်မြင့်(ဦးကျော်မြင့်-မဟောသဓ)က ငွေစာရင်းရှင်းတမ်းကိုလည်းကောင်း ဖတ်ကြားအတည်ပြုသည်။ ထို့နောက် ရှေ့လုပ်ငန်းစဉ်များအဖြစ် အသင်းဝင်အသစ်များရရှိရေး၊ နှစ်စဉ်ကြေးကောက်ခံရေးနှင့် ၂၀၁၈ ခုနှစ် (၇၁) ကြိမ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် အသင်းအနေဖြင့် တက်ရောက်၍ လွမ်းသူ့ပန်းခွေချရန်တို့ကို ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**၀၄၈**

## နောင်ချိုမြို့၌ ရာသီဥတုနှင့်ကိုက်ညီမည့် စက်မှုသီးနှံများစိုက်ပျိုးရန် ကွင်းဆင်းလေ့လာ

**နောင်ချို ဇွန် ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်အတွင်း မြို့နယ်များအလိုက် ရာသီဥတုနှင့် ကိုက်ညီမည့်စက်မှုသီးနှံများကို ပိုမိုစိုက်ပျိုးကြရန်အတွက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေး ဦးဆောင်သော ခရိုင်အတွင်းရှိ ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် စိုက်ပျိုးထုတ်လုပ်သူ ဒေသခံတောင်သူလယ်သမား ၇၀ ကျော်သည် ဇွန် ၂၅ ရက် နံနက်က နောင်ချိုမြို့နယ် ဘန့်သွေးကျေးရွာရှိ မက္ကဒေးမီးယားခြံသို့ ကွင်းဆင်းသွားရောက် လေ့လာခဲ့ကြကြောင်း သိရသည်။ ကွင်းဆင်းအဖွဲ့သည် နောင်ချိုမြို့နယ်အတွင်းရှိ ဘန့်သွေးကော်ဖီခြံ၊ ဟိုခဲ ကြံစိုက်ခင်းနှင့် ခြေမြစ်ပင်ပိုးစာခြံသို့လည်း လက်တွေ့ကွင်းဆင်းလေ့လာခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# နှမြောတသ ဖြစ်ရပါသည်

**ဆောမျိုးနွယ်**

ယောမြို့စားအတွင်းဝန် ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟ ကျမ်းကို ဖတ်ဖြစ်သည်။ထိုကျမ်းသည်လူတို့၏ကျန်းမာရေး နှင့်ဆိုင်သော မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာအကြောင်း အရာများစွာကို ဖော်ပြထားသည်ကို တွေ့ရ၏။ ကျမ်းဦးနိဒါန်း တွင်အကြင်အသက်ရှည်ကြောင်း၊ အန္တရာယ်ကင်းကြောင်း ကို အလိုရှိကြသောသူတော်ကောင်း အမျိုးကောင်းသားတို့ သည် ဤကျမ်းကို ရတနာမျက်မှန်ကြီးသဖွယ်ပြု၍ အထပ်ထပ်ကြည့်ရှုဆင်ခြင် ဖတ်ရှုတော်မူကြပါစေကုန် သတည်းဟု ဖော်ညွှန်းထားသည်ကိုလည်းတွေ့ရ၏။

မိမိအနေဖြင့် အထပ်ထပ်ဖတ်ဖြစ်နေခြင်းကားမဟုတ်။ မိုးအေးအေးရှိသည်နှင့် စာတစ်အုပ်နှင့်ကွေးမည့်အစီအစဉ် တွင် ထိုကျမ်းမှာ အသုံးတော်ခံအလှည့်ကျသွားခြင်းသာ ဖြစ်၏။ စာဖတ်သူတို့၏ ထုံးစံအတိုင်းကျမ်းစာတွင် ပါရှိသည့် အကြောင်းအရာမာတိကာကို ဦးစွာလှန်မိ၏။ သို့မှသာ စိတ်အာရုံစေစားရာကို ဦးစွာဖောက်စားနိုင်မည်မဟုတ်ပါ လား။ ဤတွင် ကျမ်းစာ၌ အကြောင်းအရာကိုလိုက်၍ ကဏ္ဍ ပေါင်း ၂၀ ခွဲ၍ဖော်ပြထားသည်ကို တွေ့ရ၏။

**အချိုရှာသကာတွေ့**

ထိုနှစ်ဆယ်သောကဏ္ဍထဲက "အသီးမျိုးတို့၏ ဂုဏ်ကို ပြခြင်း" ဟူသည့်ကဏ္ဍကို စာမျက်နှာမှတ်၍ လှန်မိ၏။ ထိုကဏ္ဍ၏အစမှာပင် အချိုရှာသကာတွေ့ဆိုသကဲ့သို့ ရှိပေတော့ သည်။ အကြောင်းမှာ လူတို့စားသည့် အသီးမျိုး များစွာထဲက သရက်သီးအကြောင်း ဖော်ပြထားသည်ကို ဦးစွာတွေ့ရှိလိုက်သောကြောင့်ဖြစ်၏။ သရက်သီးစိမ်း၊ သရက်သီး မှည့်၊ သရက်သီးမှည့်ရည်၊ သရက်ခဲ၊ သရက်ပျဉ်၊ သရက်နှင့် နွားနို့၊ သရက်နှင့်ပျားရည်၊သရက်နှင့် ထောပတ်၊ သရက်စေ့၊ သရက်သီးအစိမ်းဖျော်ရည်နှင့် မချိုသော သရက် သီးဟူသည့် သရက်သီးနှင့် သက်ဆိုင်သည့် ခေါင်းစဉ်များ အလိုက် အကျိုးဂုဏ်များကို ဖော်ပြထားသည်ကို တွေ့ရ၏။

ထိုသရက်အကြောင်းတို့သည် သရက်သမား၊ သရက် တောင်သူတစ်ယောက်အနေဖြင့် အချိုရှာသကာတွေ့ဟု ဆိုခဲ့သော်ငြားလည်း အသိနောက်ကျခဲ့လေခြင်းဟုပင်ဆို ရမလိုဖြစ်နေ၏။ သရက်သီးမှည့်ဟူသည့်ခေါင်းစဉ်တစ်ခု တည်းအောက်တွင် ဖော်ပြထားသည့် အကျိုးသွားတို့ကိုပင် ကြည့်ကြပါဦး။ စားသုံးခြင်းဖြင့် မည်မျှအကျိုးများသည်ကို တွေ့ရပေမည်။

"သရက်သီးပင်မှည့်သည် ကြေခဲ၏၊ ချိုချဉ်ရသရှိ၏၊ လေကိုလွန်စွာနိုင်၏၊ စဉ်းငယ်သည်းခြေကို ပျက်စေတတ်၏၊ သရက်သီးပင်မှည့်ကို ဆွတ်ခူး၍ ထားပြီးနောက် အချဉ် ပျောက်၍ အချိုသက်သက်ရှိသော သရက်သီးမှည့်သည်ချို၏၊ အဆီသြဇာ ရှိ၏၊ သုက်ကိုပွားစေ၏၊ ကြေခဲ၏၊ အားကိုဖြစ် စေတတ်၏၊ ချမ်းသာစေတတ်၏၊ လေကိုနိုင်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ အရုပ်အဆင်းကို ကောင်းစေတတ်၏၊ အေး၏၊ သည်းခြေကို မပျက်စေတတ်၊ စဉ်းငယ်ဖန်သည့် ရသ ရှိသော သရက်သီးမှည့် ဖြစ်မူကား ဝမ်းမီးကိုတောက်စေတတ်၏၊ သုက်သလိပ်တို့ကို ပွားစေတတ်၏

အရင့်ကိုဆွတ်ခူး၍အုပ်သော သရက်သီးမှည့်သည် အချို ပေ၏၊ သည်းခြေကိုနိုင်၏၊ အုပ်၍လွန်စွာမှည့်ပြီးသောသရက် သီးသည် နှုတ်ကိုမြိန်စေတတ်၏၊ အားကိုဖြစ်စေ၏၊ သုက်ကို ပွားစေတတ်၏၊ ကြေလွယ်၏၊ အေး၏၊ လေသည်းခြေကိုနိုင်၏၊ ပျံ့နှံ့လွယ်၏။"

**တစ်ဦးချင်းစီ၏ ရွေးချယ်မှု**

ဤတွင် သရက်သီးမှည့်ချင်းအတူတူ မှည့်လာပုံမတူသည့် အပေါ်မူတည်၍ အကျိုးသွားတို့ကွဲပြားကြသည်ကို သတိပြုမိ၏။ မည်သို့ဆိုစေ ရာသီစာသရက်သီးမှည့်သည်ကား အမျိုးကောင်း သားတို့ သုံးဆောင်အပ်သည့် အသီးတစ်မျိုးဖြစ်နေသည်ကို ထင်ရှားစွာသိလာရပေသည်။ ထိုမှတစ်ပါး ထိုအသိကပင် မြန်မာ ပြည်ထွက် သရက်သီးမှည့်တို့ကိုနှမြောတသဖြစ်စေပြန်ပါသည်။ ဤရာသီကား မြန်မာပြည်ထွက်သရက်သီးမှည့် လှိုင်လှိုင်ပေါ်ဆဲ ကာလပင် မဟုတ်ပါလား။

သရက်သီးမှည့်ရရန် သရက်ပင်စိုက်ပျိုးခြင်းကို ရွေးချယ် ခဲ့ကြသည်။ သရက်တောင်သူအမည်ခံခဲ့ကြသည်။ ဤသည်ကား တောင်သူတစ်ဦးချင်းစီ၏ ရွေးချယ်မှုပင်ဖြစ်၏။ လိမ္မော်သီး လိုချင်သူက လိမ္မော်ပင်စိုက်ခဲ့ကြသည်။ ကြက်မောက်သီး လိုချင်သူက ကြက်မောက်ခြံတည်ခဲ့ကြသည်။ မိမိခြံပတ်ချာလည် ၌ပင် သံပရာ၊ မာလကာ၊ ဆီးဟူ၍ စိုက်ပျိုးထားသည့်ခြံအမျိုး အစားကွဲပြားနေသည်ကို တွေ့ကြရပေမည်။ ထိုကွဲပြားမှုကပင် ပြုစုစောင့်ရှောက်ပုံကအစ ရိတ်သိမ်းချိန်နှင့် အကျိုးအမြတ်ရချိန် အထိ ကွဲပြားမှုများရှိနေပေလိမ့်မည်။ မည်သို့ပင် ရွေးချယ်မှုများ ကွဲပြားနေကြစေကာမူ မိမိရွေးချယ်မှုအပေါ်တွင် မျှော်လင့်ချက် ထားခဲ့ကြသည်မှာ တူညီသည့်အချက်ဖြစ်ပေသည်။

စာရေးသူကိုယ်တိုင်ပင် သရက်သီးမှည့်ရလို၍ သရက်ပင် တို့ကို ရွေးချယ်စိုက်ပျိုးခဲ့၏။ အသီးမှည့်တစ်လုံးရဖို့အရေး မလွယ် ကူမှန်း ကိုယ်တိုင်သိသူဟုဆိုနိုင်၏။ရှေးဟောင်းပစ္စည်းတစ်ခု၏ တန်ဖိုးကိုသတ်မှတ်ရာတွင် ပစ္စည်းတန်ဖိုးနှင့် အနုပညာတန်ဖိုး ကိုပေါင်းတွက်ရသကဲ့သို့ သရက်သီးတစ်လုံး၏ တန်ဖိုးသည် လည်း အသီးတန်ဖိုးနှင့်အရည်အသွေးတန်ဖိုးပေါင်းတွက်သင့် သည်ဟုပင် ထင်မိ၏။

ထိုမျှကျန်းမာရေးအတွက်အကျိုးများသည့်သရက်သီး ထိုမျှအဖိုးတန်သည့် သရက်သီးများအတွက် နှမြောတသဖြစ်ရ သည်မှာ ဤသို့သော သရက်သီးမှည့်ရာသီ၏ ဈေးကွက်မြင်ကွင်း များကြောင့်ပင် ဖြစ်လေသည်။

**ကိုယ်ကျိုးစီးပွားနှင့်သာသက်ဆိုင်**

သရက်တောင်သူတို့သည် အရည်အသွေးကောင်း သရက်သီးများရရန် ရာသီမတိုင်မီကပင် ကိုယ်စီမျှော်လင့်ချက် များဖြင့် ကြိုးပမ်းခဲ့ကြပေသည်။ အရည်အသွေးကောင်းသရက် သီးများလည်း ထုတ်လုပ်နိုင်ခဲ့ကြသည်။ သို့ရာတွင် တောင်သူများ အနေဖြင့် အများဆုံးစိတ်ညစ်ရသည်မှာ ဈေးကွက်သို့တင်ပို့ ရောင်းချချိန်ပင်ဖြစ်၏။ သရက်သမားတို့သည် ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြ၏။ မည်သို့ဆောင်ရွက်ခဲ့ကြသည်ဖြစ်စေ ဤသို့ သော သရက်သီးပေါ်ချိန်တွင် မည်သူကမျှ မည်သူ့ကိုကယ်နိုင် သည်ကို မတွေ့ရ။ ကိုယ့်စခန်းကိုယ်သွားရသည်ကိုသာ တွေ့ရ မည်ဖြစ်၏။

သရက်တောင်သူတစ်ဦး တွက်ချက်ညည်းညူပြပုံကိုလည်း ကြည့်လိုက်ကြပါဦးစို့။ အိတ်ဖိုးငွေကျပ် ၃၀၊ သယ်ယူစရိတ် ငွေကျပ် ၄၀၊ ခြင်းဖိုးနှင့် အထွေထွေလုပ်အားခငွေကျပ် ၄၀၊ သို့ဖြစ်၍ အရည်အသွေးကောင်းသရက်သီးတစ်လုံး၏ တန်ဖိုးမှာကျပ် ၁၁၀ (တစ်နှစ်တာခြံစရိတ်မပါ)၊ နယ်စပ် ရောင်းဝယ်ရေးစခန်းတွင် အလုံး ၄၀ ပါတစ်ခြင်း၏ ပျမ်းမျှ ဈေးနှုန်းသတ်မှတ်ချက်မှာ ငွေကျပ် ၇၀၀၀၊ တစ်လုံးချင်း ရောင်းရငွေ ၁၇၅ ကျပ်၊ သို့ဖြစ်၍ နိုင်ငံခြားသို့ တင်ပို့နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း တစ်လုံး လျှင် ၆၅ ကျပ်သာရသည့် သဘောဖြစ်ကြောင်း၊ တစ်နှစ်တာ ခြံစရိတ်နှင့် သာတွက်မည် ဆိုပါက အချိန်ကုန်လူပန်းသည်သာ အဖတ်တင်မည်ဖြစ် ကြောင်း သရော်သည့်သဘောနှင့် စိတ်ပျက်သည့် သဘော တို့ကို နှော၍တွက်ပြခဲ့လေ၏။

ဤသို့ နယ်စပ်သို့အပင်ပန်းခံ၍ ပို့လိုက်ကြသည့် မြန်မာ့ သရက်သီးတစ်လုံးကို ငွေကျပ် ၂၀၀ မပြည့်သည့်ဈေးနှင့် ခယရောင်းချနေရချိန်တွင် ပြည်တွင်း၌ ငွေကျပ် ၃၀၀နှင့် ဝယ်စား၍ မရသည်ကို တွေ့ရပြန်၏။ နှမြောတသဖြစ်ရသည့် အကြောင်းမှာ နယ်စပ်သို့ ရောက်သွားကြသည့် အရောင် အဆင်း အနံ့အရသာတို့ နှင့်ပြည့်စုံသည့် စင်းလုံးချောအရည် အသွေးကောင်း မြန်မာသရက်သီးတို့ မျက်နှာပန်းမလှ တန်ဖိုးမရခြင်းကိုပင်ဖြစ်၏။ ဤသည်မှာ ဈေးကွက်ဟု ဆိုသော်လည်း သူ့အကျိုးကိုယ့်အကျိုးဟူသည့် ပုဂ္ဂိုလ်ရေး ဆိုင်ရာ အကျိုးစီးပွားတို့နှင့်သက်ဆိုင်နေသည်သာဖြစ်၍ သရက်တောင်သူတို့ နားလည်ပြီးဖြစ်လိမ့်မည်ဟု ယုံကြည်ပါ သည်။

**ပေါပေါများများစား**

ဤသို့ဖြစ်ဖန်များ၍ သရက်တောင်သူအဖြစ်ရွေးချယ် ခံယူလာသူတို့၏ မျှော်လင့်ခြင်းတွေ လျော့ပါးပျောက်ကွယ် ရတော့မည်လား။ ဤသို့လည်း မဟုတ်သေးပေ။ မိမိတို့၏ ကိုယ်ကျိုးစီးပွားအတွက် မိမိတို့ကိုယ်တိုင်ပင်ဖန်တီးကြရ မည်ဖြစ်ပေသည်။ ပြည်ပပို့ကုန်အဖြစ်မျှော်မှန်း၍ အရည် အသွေးကိုဦးစားပေးခဲ့ကြသည်မှာ မှန်ကန်သောအားထုတ် မှုပင်ဖြစ်ပါသည်။ မျှော်မှန်းချက်အတိုင်းထွက်ရှိလာသည့် သရက်သီး အများစုသည်လည်း နယ်စပ်သို့ရောက်သွားကြ ရပြန်သည်။ ထိုအရည်အသွေးနှင့် ထိုအရေအတွက်တို့ကို နယ်စပ်တွင်ရရှိသည့်ဈေးနှင့်ပင် ပြည်တွင်း၌ရောင်းချနိုင် ရေးဆောင်ရွက်ကြလျှင် မည်သို့ဖြစ်မည်နည်း။

ဤနည်းသည် စီးပွားရေးပညာရှင်တို့၏ တွက်ချက် သုံးသပ်မှုအရ ကောင်းသည်၊ ဆိုးသည် အဖြေတော့ရှိပေ လိမ့်မည်။ ပြည်ပပို့ကုန်အဖြစ်ဈေးကွက်ချဲ့ထွင်နေရမည့် အစား ပြည်တွင်း၌သာ ရောင်းချရန်ဖြစ်သည့်အတွက် သမားရိုးကျနည်း၊ ခေတ်နောက်ပြန်သည့်အတွေးအခေါ် ဟု မြင်ကောင်းမြင်နိုင်ပါသည်။ သို့ရာတွင်သရက်တောင်သူ များအတွက် စိတ်ချမ်းသာစေသည့်နည်းဖြစ်ပေလိမ့်မည်။ တစ်ဖန်မြန်မာပြည်သူတို့ မြန်မာ့သရက်သီးကောင်းကောင်း ကို ဈေးနှုန်းချိုသာစွာဖြင့် စားနိုင်ကြပေလိမ့်မည်။ မြန်မာ ပြည်တွင်ထုတ်လုပ်သည်။ ပြည်တွင်း၌ပင် ဈေးချိုချိုနှင့် ရောင်းကြသည်။ ပေါပေါများများ စားကြသည်။ ဘာကိုများ နှမြောနေစရာ တသနေစရာလိုပါတော့အံ့နည်း။

**မိမိသည်သာအားကိုးရာ**

ဤအကြောင်းအရာသည် ဘက်လိုက်ခြင်းမကင်းဟု ဆိုနိုင်သည်။ သရက်တောင်သူတစ်ယောက်အနေဖြင့် တောင်သူတို့ဘက်မှရပ်တည်၍ ရေးသားခြင်းဖြစ်ကြောင်း တွေ့နိုင်ပေသည်။ သရက်တောင်သူတို့အနေဖြင့် အလုပ်မ်းကျ၍ အလယ်ဟကာ စိတ်ဓာတ်ကျနေကြသည့်သဘောကို မြင်တွေ့နေရသည့်အတွက် ခြေလှမ်းပြင်ရင်းမျှော်လင့်ခြင်း တွေရှင်သန်ကြစေလိုပါသည်။ မိမိတို့ရွေးချယ်ခဲ့သည့်နေရာ များတွင် အကောင်းဆုံးတွေဖန်တီးကာ အနီးဆုံးမှာလည်း အဆင်ပြေနိုင်သည်ကိုသိမြင်ကြစေလိုပေသည်။ မိမိအကျိုး စီးပွားအတွက် မိမိသည်သာ အားကိုးရာဖြစ်ကြောင်းကိုလည်း ထပ်လောင်း၍ အသိပေးတင်ပြလိုက်ရပေသည်။ ။



မြန်မာမျိုးကောင်းသရက်သီးများကို တွေ့ရစဉ်။

**"သရက်တောင်သူတို့သည် အရည်အသွေးကောင်း သရက်သီးများရရန် ရာသီမတိုင်မီကပင် ကိုယ်စီမျှော်လင့်ချက်များဖြင့် ကြိုးပမ်းခဲ့ကြပေသည်၊ အရည်အသွေးကောင်းသရက်သီးများလည်း ထုတ်လုပ်နိုင်ခဲ့ကြသည်၊ သို့ရာတွင် တောင်သူများအနေဖြင့် အများဆုံးစိတ်ညစ်ရသည်မှာ ဈေးကွက်သို့တင်ပို့ ရောင်းချချိန်ပင်ဖြစ်၏၊ သရက်သမားတို့သည် ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ကြ"**

## ဝါးခယ်မရှိ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာဆိုင်များစစ်ဆေး

**ဝါးခယ်မ ဇွန် ၂၆**

ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံ တောင်သူလယ်သမားများ၏ စိုက်ပျိုးမြေများ၊ စိုက်ပျိုးသီးနှံများ ဆုံးရှုံးနစ်နာမှု မရှိစေရန်အတွက် မြို့နယ်အတွင်းရှိ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာအရောင်းဆိုင်များတွင် ဥပဒေနှင့်အညီ ရောင်းချနေခြင်း ရှိ၊ မရှိကို တာဝန်ရှိသူများက ဇွန် ၂၆ ရက်က လိုက်လံစစ်ဆေးခဲ့သည်။

မြောင်းမြခရိုင်နှင့် ဝါးခယ်မမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြေအသုံးချရေးတာဝန်ခံ၊ ပိုးမွှားတာဝန်ခံ၊ မျိုးစေ့တာဝန်ခံများနှင့် ပူးပေါင်းအဖွဲ့က မြို့နယ်အတွင်း ရောင်းချ လျက်ရှိသော ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ အရောင်းဆိုင်များသို့ ကွင်းဆင်းသွား ရောက်၍ ဆိုင်များတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကို စနစ်တကျ သိုလှောင် ထားရှိမှု ရှိ၊ မရှိ၊ ရောင်းချခွင့်လိုင်စင် ရှိ၊ မရှိ ဥပဒေနှင့်အညီ ရောင်းချမှု ရှိ၊ မရှိ သက်တမ်း လွန်ဆေးဝါးများနှင့် သတ်မှတ်စံချိန်စံညွှန်းမရှိသည့် မြေဩဇာနှင့် ပိုးသတ်ဆေးများ ရောင်းချခြင်း ရှိမရှိတို့ကို လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်ပြီး လိုက်နာဆောင်ရွက်မှုမရှိပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်းလည်း ဆိုင်ရှင်များအား အသိပေး ပြောကြားခဲ့သည်။

**လှမ်းသီဟ(မြန်/ဆက်)**

## ကျောက်ဖြူမြို့နယ် မလကျွန်းကျေးရွာ၌ မီးလင်းရေးဆောင်ရွက်

**ကျောက်ဖြူ ဇွန် ၂၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မလကျွန်းကျေးရွာ မဝိန်ရပ်ကွက်တွင် လျှပ်စစ်မီး ရရှိရန်အတွက် မလကျွန်းဆယ်မာအူးလ်အဖွဲ့၏ ၂၀၁၈-၂၀၁၉ခုနှစ် တတိယနှစ် စီမံချက်ရန်ပုံငွေနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် သိန်း ၁၇၀ ဖြင့် ကိုယ်ထူကိုယ်ထ မဝိန်ကျေးရွာ မီးလင်းရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

"မလကျွန်းကျေးရွာဟာ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက လျှပ်စစ်မီးရရှိခဲ့တယ်။ မဝိန် ရပ်ကွက် လျှပ်စစ်မီးရရှိဖို့ ဆယ်မာအူးလ် ကျေးရွာလူပ်ရှားမှုစီမံကိန်းရဲ့၂၀၁၈-၂၀၁၉ ခုနှစ် တတိယနှစ် စီမံချက်ရန်ပုံငွေနဲ့မတည်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဇွန် ၂၁ ရက်က စတင်ပြီး ကျေးရွာသူကျေးရွာသားတွေစုပေါင်းကာ မီးတိုင်တွေကို မဝိန်ရပ်ကွက် အရောက် သယ်ယူရွှေ့ပြောင်းခဲ့ရာ မီးတိုင် ၂၂ တိုင်ကို ကျေးရွာအရောက် စိုက်ထူ ပြီးစီးပြီဖြစ်ပါတယ်။ ဇူလိုင်လလယ်ပိုင်းလောက်မှာ မီးစတင်လင်းနိုင်ဖို့ ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆယ်မာအူးလ်အဖွဲ့ဟာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း၊ လမ်း၊ မီးရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေနဲ့ ကျေးရွာသာယာ လှပစေဖို့ အတွက် နှစ်စဉ်ရန်ပုံငွေတွေချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်" ဟု မီးလင်းရေး ကော်မတီ မလကျွန်းကျေးရွာဆယ်မာအူးလ် အတွင်းရေးမှူး ဦးမောင်သိန်းဖြူက ပြောသည်။

**မြို့နယ်(မြန်/ဆက်)**

## တောင်ငူခရိုင်တရားရုံးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့် သင်တန်းဆင်း

**ပဲခူး ဇွန် ၂၆**-ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၏ ကြီးကြပ်မှုဖြင့် တောင်ငူခရိုင်တရားရုံး၌ ဖွင့်လှစ်ခဲ့သည့် စာရေးဝန်ထမ်းများ စွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၈) သင်တန်းဆင်းပွဲကို တောင်ငူခရိုင်တရားရုံး သင်တန်းခန်းမ၌ ဇွန် ၂၅ ရက်က ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက သင်တန်းဆင်း အမှာစကား ပြောကြားပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့သည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်သည် တောင်ငူခရိုင်တရားရုံးမှ တရားသူကြီးများ၊ ခရိုင် အတွင်းရှိ မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တွဲဖက်မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ်တရားသူကြီးများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

# မတ်ပဲထက်ဈေးမြင့်နေသော ပဲစင်းငုံနှင့် အပြောင်းအလဲမြန်နေသော ပဲဈေးကွက်

**သတင်းဆောင်းပါး - ခင်ဆိုင်**

ပြည်တွင်း ပဲဈေးကွက်တွင် ယခုနှစ် ဇွန်လအတွင်း မျှော်မှန်းမထားသော အလှည့်အပြောင်းများကို ကြုံတွေ့လာရပြီး အစဉ်အလာအားဖြင့် မတ်ပဲဈေး၏အောက် ဈေးနှုန်းအနိမ့်တွင်သာရှိတတ်သော ပဲစင်းငုံသည် ဇွန် ၁၃ ရက်မှ ၂၅ ရက်အထိ မတ်ပဲဈေးအထက်တွင် ရှိနေခဲ့ကာ ကြိုတင်ခန့်မှန်းထားခြင်းမရှိသည့် ဈေးကွက်အနေအထားမျိုးကို တွေ့ကြုံနေရသည်ဟု ရန်ကုန်ပဲဈေးကွက်မှ သိရသည်။

**အိန္ဒိယနိုင်ငံ၏ ထုတ်ပြန်ချက်**

ပြီးခဲ့သည့်နှစ် ဩဂုတ်လက အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းရေးမူဝါဒ ကန့်သတ်ချက်ကြောင့် မြန်မာပြည်တွင်း ပဲဈေးကွက်တွင် ပဲစင်းငုံသည် ဈေးနှုန်းအနိမ့်ဆုံးသို့ ရောက်ခဲ့ကာ မတ်ပဲ၊ ပဲတီစိမ်းတို့ထက် ပဲစင်းငုံစိုက်ပျိုးသူများနှင့် ကုန်သည်များမှာ ဈေးကွက်တွင် ပိုမိုအထိနာခဲ့သည်။ သို့သော် အိန္ဒိယနိုင်ငံက မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန် တစ်သိန်းငါးသောင်းစီကို တင်သွင်းခွင့်ပြုမည်ဟု ယခုနှစ် မေ ၄ ရက်က ထုတ်ပြန်ခဲ့ခြင်းနှင့် ပဲစင်းငုံ တန်ချိန်နှစ်သိန်း တင်သွင်းခွင့်ပြုမည်ဟု မေ ၁၁ ရက်က ထုတ်ပြန်ခဲ့ခြင်းတို့ကြောင့် ပဲစင်းငုံဈေး ပြန်တက်လာခဲ့ရာ ဇွန် ၁၃ ရက်မှ ၂၅ ရက်အထိအတွင်း မတ်ပဲထက်ပို၍ ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။

**ပဲစင်းငုံမစိုက်ပျိုးကြရန် တိုက်တွန်းခဲ့**

ပဲစင်းငုံ တန်ချိန်နှစ်သိန်း တင်သွင်းခွင့်ပြုမည့် ထုတ်ပြန်ချက် မထွက်မီ မေ ၁၁ ရက်မတိုင်ခင်အချိန်က ပြည်တွင်း၌ ပဲစင်းငုံဈေးများ ကျနေသည့် အခြေအနေများအရ မြန်မာပြည်တွင်းရှိ ပဲစင်းငုံစိုက်ပျိုးသူများ အနေဖြင့် စီးပွားဖြစ် ပဲစင်းငုံမစိုက်ပျိုးကြရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်တွင်းရှိပဲ NGO အဖွဲ့တို့က အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်အသိပေးခြင်းများလည်း ရှိခဲ့သည်။

**တင်ပို့မှုနှင့် စံချိန်တင်ဈေးနှုန်းများ**

ပြည်တွင်းတွင် ပဲစင်းငုံကို နိုင်ငံအလယ်ပိုင်း မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြပြီး ပြည်တွင်း ပဲစင်းငုံစိုက်ပျိုးဧကမှာ ၁၆ သိန်းဝန်းကျင်ရှိကာ တစ်ဧကမှ ပျမ်းမျှအထွက်နှုန်း ၁၂ တင်းဖြင့် တွက်ချက်ပါက တစ်နှစ်လျှင် ပဲစင်းငုံတန်ချိန် ခြောက်သိန်းဝန်းကျင် ထွက်ရှိ၍ ပြည်ပသို့ နှစ်စဉ် တန်ချိန် နှစ်သိန်းမှ သုံးသိန်းအထိ တင်ပို့နိုင်သည်ဟု သိရသည်။ အနီးစပ်ဆုံး တင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ပဲစင်းငုံ ၂၂၅၄၉၂ တန်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ၁၈၄၆၁၀ တန်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ၂၂၆၇၅၀ တန် တင်ပို့ခဲ့သည်။

ပဲစင်းငုံ ပြည်ပတင်ပို့သည့် ဈေးနှုန်းအနေဖြင့် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်က အိန္ဒိယပြည်တွင်း၌ ပဲမျိုးစုံထုတ်လုပ်မှု လျော့ကျခဲ့သောကြောင့် ပဲလိုအပ်ချက်ရှိခဲ့ရာ ထိုအချိန်က မြန်မာနိုင်ငံတွင် ပဲများအရန်သင့်ရှိနေ၍ အိန္ဒိယသို့ စံချိန်တင် ဈေးနှုန်းအမြင့်ဖြင့် ရောင်းချနိုင်ခဲ့သည်။ ဈေးအမြင့်ရရှိခဲ့ဖူးသော နှစ်များမှာ ၂၀၁၀ နှင့် ၂၀၁၅ တို့ဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် ဧပြီလအတွင်းက မတ်ပဲနှင့် ပဲစင်းငုံ တစ်တန်လျှင် ကျပ် ၁၁ သိန်းဝန်းကျင်၊ ၂၀၁၅ ခုနှစ် နှစ်လယ်နောက်ပိုင်းက မတ်ပဲ တစ်တန်လျှင် ကျပ် ၂၄ သိန်းကျော်နှင့် ပဲစင်းငုံနီ တစ်တန်လျှင် ကျပ် ၁၇ သိန်းဝန်းကျင်အထိ ဈေးနှုန်းအမြင့်ဆုံး ရရှိခဲ့သည်။

**အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်**

၂၀၁၆-၂၀၁၇ မှ လက်ရှိအချိန်အထိအတွင်း၌မူ အိန္ဒိယနိုင်ငံ၏ ပဲထုတ်လုပ်မှု တိုးတက်လာ၍ ပြည်ပမှ ပဲတင်သွင်းခြင်းကို လျှော့ချနိုင်ခဲ့ခြင်းကြောင့် ပြည်တွင်း ပဲဈေးကွက်တွင်လည်း ပဲများမှာ ဈေးကောင်းမရတော့ဘဲ အိန္ဒိယ၏ လိုအပ်ချက်အပေါ် မူတည်ကာ ဈေးနှုန်း အပြောင်းအလဲများ ဖြစ်ခဲ့သည်။

မြန်မာပြည်တွင်း ပဲမျိုးစုံထုတ်လုပ်ထွက်ရှိမှုနှင့် ပြည်တွင်းစားသုံးမှုအရ နှစ်စဉ်ပဲတန်ချိန် လေးသန်းဝန်းကျင် ပိုလျှံလျက်ရှိကာ ပြည်ပဈေးကွက်ကို အားထားရသည်။ လက်ရှိအချိန်တွင် အိန္ဒိယပြည်တွင်း ပဲစင်းငုံထွက်ရှိမှုမှာ စားသုံးရန်အပြင် တန်ချိန် ရှစ်သိန်းဝန်းကျင် ပိုလျှံနေမည်ဟု သတင်းများလည်း ထွက်ပေါ်နေသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံ၏ ရာသီဥတုနှင့် ပဲစိုက်ပျိုးထွက်ရှိနိုင်မည့် ရလဒ်အပေါ် မူတည်ကာ မြန်မာပြည်တွင်း ပဲစိုက်ပျိုးခြင်းကို သုံးသပ်သင့်သည်ဟု ပဲကုန်သည်တစ်ဦးက ဆိုသည်။ မြန်မာပြည်တွင်း၌ မတ်ပဲကို အထူးသဖြင့် မြန်မာပြည်အောက်ပိုင်းဒေသများတွင် မိုးစပါးရိတ်သိမ်းအပြီး စိုက်ပျိုးလေ့ရှိရာ အိန္ဒိယပြည်တွင်း စိုက်ပျိုးထွက်ရှိနိုင်မှုနှင့် လိုအပ်ချက်အပေါ် ချိန်ဆ၍ ပြည်တွင်းတွင် အချိန်မီစိုက်ပျိုးသင့်ကြောင်းလည်း အဆိုပါကုန်သည်က အကြံပြုသည်။

အိန္ဒိယနိုင်ငံ မတ်ပဲလိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းကို မြန်မာနိုင်ငံက တင်သွင်းနေရပြီး မြန်မာမတ်ပဲသည် အိန္ဒိယသာမက အခြားနိုင်ငံများသို့ပါ တင်ပို့နေသော်လည်း ပဲစင်းငုံမှာမူ အိန္ဒိယတစ်နိုင်ငံတည်းအပေါ် အဓိကထား တင်ပို့နေရခြင်းဖြစ်သည်။ ထို့ကြောင့် ယခုအချိန်တွင် ပြည်တွင်း၌ ပဲစင်းငုံဈေးနှုန်းသည် မတ်ပဲထက်ဈေးမြင့်နေသည်မှာ ၁၀ ရက်ကျော်ပြီဖြစ်သော်လည်း ပဲစင်းငုံနှင့် မတ်ပဲ စိုက်ပျိုးမှုတွင် အဓိက ဝယ်လက်နိုင်ငံဖြစ်သည့် အိန္ဒိယ၏ ရာသီဥတုနှင့် ပဲထုတ်လုပ်ထွက်ရှိမှုတို့အပေါ် စောင့်ကြည့်သုံးသပ်နေရန် လိုအပ်သည်။

**ဈေးကွက်ကိုစောင့်ကြည့်၍ စိုက်ပျိုးသင့်**

၂၀၁၄ နှင့် ၂၀၁၅ က အိန္ဒိယနိုင်ငံတွင် ရာသီဥတုကြောင့် ပဲထွက်မှုကျဆင်းချိန်က ပဲလိုအပ်ချက်ကို မြန်မာနိုင်ငံ ပဲဈေးကွက်မှ တင်ပို့ဖြည့်ဆည်းပေးခြင်းနှင့်အတူ နှစ်နှစ်ဆက်တိုက် ပဲဈေးနှုန်းများ စံချိန်တင်မြင့်တက်ရရှိခဲ့သည်။ ထို့အတူ အိန္ဒိယပြည်တွင်း ပဲအထွက်များလာပြီး တင်သွင်းမှုလျော့လာသည့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ပဲဈေးများကျဆင်းကာ ၂၀၁၂၊ ၂၀၁၃ ခုနှစ်ဝန်းကျင်က ဈေးများသို့ ပြန်ရောက်လာနေသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံအတွင်း ရာသီဥတုအခြေအနေကြောင့် ပဲထွက်ရှိမှု လျော့ကျလာခဲ့ပါက တင်ပို့နိုင်ရန် မြန်မာပြည်တွင်း၌ မတ်ပဲနှင့် ပဲစင်းငုံများတန်ချိန် အတိုင်းအတာတစ်ခု ရှိနေရန်လည်း လိုအပ်ရာ လတ်တလော ပဲဈေးကျခြင်းကြောင့် အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် အစားထိုးဆောင်ရွက်ခြင်းမှာလည်း သတိထားဆောင်ရွက်သင့်ကြောင်း ယခုဇွန်လအတွင်း ပြည်တွင်းပဲဈေးကွက်တွင် အပြောင်းအလဲ မြန်ဆန်နေသည့် ပဲစင်းငုံဈေးနှုန်းများက ညွှန်းဆိုပြသနေပါသည်။ ။

# သံတောင်ကြီးအမျိုးသမီးများအဖွဲ့၏ စံပြကော်ဖီခြံအတွင်း အာရေဘီကာကော်ဖီမျိုးများ စုပေါင်းစိုက်ပျိုး

**သံတောင်ကြီး ဇွန် ၂၆**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဖွဲ့စည်းထားသော သံတောင်ကြီး အမျိုးသမီးများအဖွဲ့နှင့် အကျိုးတူဆောင်ရွက်နေသော တောင်သူဦးစောဘစိန်၏ မြေယာအတွင်း၌ အာရေဘီကာ(Arabica)ကော်ဖီမျိုးများကို ဇွန် ၂၆ ရက်က စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



ကော်ဖီပင်များစိုက်ပျိုးရာတွင် စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး စောအယ်မူးကပေါ်က ကွန်တိုစနစ်ဖြင့်(၈×၄)ပေ အကွက်ဖော်ပြီး လှေကားထစ်စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးခြင်းကို လက်တွေ့သရုပ်ပြသင်ကြားပေးခဲ့သည်။ ထို့နောက် ဖိတ်ကြားထားသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သံတောင်ကြီးအမျိုးသမီးများအဖွဲ့မှ အဖွဲ့ဝင်များ စုပေါင်းပါဝင်၍ ကော်ဖီပင်များကို စိုက်ပျိုးခဲ့ကြသည်။

သံတောင်ကြီးအမျိုးသမီးများအဖွဲ့၏ တာဝန်ခံ ဒေါ်မာမာချိုက ယခုစိုက်ပျိုးသော ကော်ဖီများသည် အာရေဘီကာ ကော်ဖီမျိုးများကိုသာ ရွေးချယ်စိုက်ပျိုးခြင်းဖြစ်ပြီး သံတောင်ကြီးမြို့နယ်တွင် စံပြကော်ဖီခြံတစ်ခုအဖြစ် မှတ်တမ်းတင်နိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ကော်ဖီပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ သံတောင်ကြီးအမျိုးသမီးများအဖွဲ့နှင့် တောင်သူတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းဖြစ်သောကြောင့် ရရှိလာသောအကျိုးအမြတ်များကို အချိုးတူ ခံစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ကျောင်းကုန်း ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့လှည်းဆိပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းရှိန်က ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထိန်ဝင်းက လွှတ်တော်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်ဇော်က ကျေးရွာများ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်မြင့်က မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် လိုက်နာရမည့် အချက်ငါးချက်၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထင်ကျော်ဦးက မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး စသည်တို့ကို ဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်လမ်း၊ လျှပ်စစ်မီးရရှိရေး စသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို တင်ပြဆွေးနွေးခဲ့ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်သည့် ပြည်သူ့စကားဝိုင်းများ မြို့နယ်များ၌ ကျင်းပ

**ဇွန် ၂၆ ရက်က ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို လူငယ်များသိရှိစေရန်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်နေမှုများကို ပြည်သူများ သိရှိစေရန် ရည်ရွယ်၍လည်းကောင်း မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပြည်သူ့စကားဝိုင်းများကို မြို့နယ်များ၌ ကျင်းပခဲ့သည်။**

### ပင်လောင်း

အနာဂတ်လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ရှမ်းပြည်နယ် ပင်လောင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၅ ရက်က ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဟံက မူးယစ်ဆေးဝါး ဖမ်းဆီးအရေးယူထားရှိမှုများ၊ မူးယစ်တပ်ဖွဲ့စု(၂၆)မှ တပ်ဖွဲ့စုမှူး ရဲမှူး ဝင်းကျော်ရီက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သိန်းထွေးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် သက်ဆိုင်သော ကျန်းမာရေးဆိုင်ရာများ၊ မြို့နယ်ဒုတိယပညာရေးမှူး ဦးမျိုးဇော်ဌေးက ယနေ့ပညာရေးနှင့် ကျောင်းသားလူငယ်၊ မြို့နယ်ဥပဒေအရာရှိ ဦးနိုင်လင်းက မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စိတ်ပါဝင်စားသူပြည်သူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြပြီး ဦးဆောင်ဆွေးနွေးသူများက ပြန်လည် ဖြေကြားပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### မင်းဘူး

မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၅ ရက်က မင်းဘူးမြို့ အထက(၁)ကျောင်း၌ ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဌေးက ပြည်သူ့စကားဝိုင်းကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ တိုင်းဒေသကြီး မူးယစ်တာဝန်ခံ ဒုရဲမှူးလှလွင်၊ စိတ်ရောဂါအထူးကုဆရာဝန် ဒေါက်တာမင်းချမ်းမြေ့၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးအောင်သက်ခိုင်နှင့် မင်းဘူးမြို့မရဲစခန်းမှူး ဒုရဲမှူး မြင့်ဇော်တို့က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ကိုယ်တိုင်သာမက ပတ်ဝန်းကျင်နှင့် မိသားစုများကိုပါ ထိခိုက်နစ်နာစေသည့် ဖြစ်စဉ်များ၊ မူးယစ်ဆေးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးအမှုများကို အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ဦးဆောင်ဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။ ထို့နောက် စည်ပင်သာယာအမှုဆောင်အရာရှိ ဦးဝင်းနိုင်ကလည်း စည်ပင်သာယာအကြောင်း သိကောင်းစရာများနှင့် အမှိုက်စွန့်ပစ်မှုအကြောင်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

### ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပန်းခြံလမ်းရှိ MEC ကိုယ်ပိုင်အထက်တန်းကျောင်း၌ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၅ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦးက အမှာစကားပြောကြားပြီး ရဲမှူးသင်းအောင်(မူးယစ်အထူးတပ်ဖွဲ့)က မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်း၊ ဦးလှဝင်း (တရားလွှတ်တော်ရှေ့နေ)က မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ စိတ်ရောဂါအထူးကုဆရာဝန်ကြီး(ငြိမ်း) ဒေါက်တာအောင်သော်က ဆေးပညာရှုထောင့်နှင့် မူးယစ်ဆေးဝါးအကြောင်း စသည့် ခေါင်းစဉ်များကို ဦးဆောင်ဆွေးနွေးခဲ့ကြပြီးနောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် ပါဝင်ဆွေးနွေးခဲ့ပြီး စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေထားသော သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

### ရေဦး

ရေဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်ဖြင့် စာပေစကားဝိုင်းကို ဇွန် ၂၅ ရက်က ရေဦးမြို့အထက(၂)ကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်၊ ဒုရဲမှူးသိန်းဝင်း၊ မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်ကျော်နိုင်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးစိုင်းနန္ဒတို့က မူးယစ်ဆေးဝါးများ ပျံ့နှံ့ရောက်ရှိလာပုံ၊ လူငယ်များ၏အနာဂတ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေနှင့် ပြစ်ဒဏ်များ၊ မိသားစုဝင်များထဲမှ မူးယစ်ဆေးစွဲနေသူများအတွက် ဖြေရှင်းနိုင်သည့် နည်းလမ်းများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ကိုယ်ပိုင်ကျောင်းများ၊ အထက(၁)နှင့် အထက(၂)ကျောင်းတို့မှ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြပြီး သိရှိလိုသည်များကို မေးမြန်းကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**သန်းထိုက်(ရေဦး)**

# ဟင်္သာတ၌ မြစ်ရေကြီးမှုကြောင့် တာတမံများပျက်စီးမှုမရှိရန်နှင့် ရေဘေးကာကွယ်ရေး ကြိုတင်ဆောင်ရွက်ထား

**ဟင်္သာတ ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်တွင် ဟင်္သာတ၊ ကြံခင်း၊ မြန်အောင်၊ လေးမျက်နှာ၊ ဇလွန်နှင့် အင်္ဂပူမြို့နယ် စသည့် မြို့နယ်ခြောက်ခုဖြင့် ဖွဲ့စည်းထားပြီး အဆိုပါမြို့နယ်များရှိ တာတမံများ မိုးရာသီရေကြီးနစ်မြုပ်မှုနှင့် ထိခိုက်ပျက်စီးမှု မရှိစေရန်အတွက် တာတမံများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

**ကာကွယ်ပေးထား**

ဟင်္သာတခရိုင်အတွင်းတွင် ငဝန်မြစ်နှင့် ဧရာဝတီမြစ်တို့ ဖြတ်သန်းစီးဆင်းလျက်ရှိပြီး မြို့၊ ရွာများ၊ အဆောက်အအုံ၊ လမ်း၊ တံတားနှင့် လယ်ယာမြေများ မြစ်ရေကြီးခြင်းကြောင့် နစ်မြုပ်ပျက်စီးမှုမှ ကာကွယ်ရန်အတွက် တာတမံ ၁၀ ခုကို ၁၉၆၈ ခုနှစ်မှစ၍ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းခဲ့ပြီးနောက် စိုက်ပျိုးမြေဧရိယာပေါင်း ၄၉၉၇၃၆ ဧကကို ရေကြီးနစ်မြုပ်ပျက်စီးမှုမှ ကာကွယ်ပေးထားနိုင်ကြောင်း သိရသည်။



ယခုနှစ်အတွင်း ပြုပြင်မှုများဆောင်ရွက်ထားသော ဟင်္သာတ တာပေါင်တစ်နေရာ။

**ပွင့်လင်းရာသီတွင် ကြိုတင်ပြင်ဆင်**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နှစ်စဉ် မိုးရာသီမတိုင်မီ ပွင့်လင်းရာသီတွင် တာတမံများ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် မြစ်ကမ်းကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခု ၂၀၁၈ ခုနှစ် မိုးရာသီမတိုင်မီကလည်း တာတမံအလျား ၂၂ ဒသမ ၇၈ မိုင်တွင် တာတမံကြံ့ခိုင်မှု ကောင်းမွန်အောင် ကြိုတင်ဆောင်ရွက်ထားသည်။

**မိုးရာသီအတွက်ပြင်ဆင်ထား**

မိုးရာသီတွင် တာတမံများကို အနီးကပ် ကြည့်ရှုစောင့်ရှောက်ထိန်းသိမ်းနိုင်ရန် တာတမံပေါ်တွင် တာမိုင်အရှည် လေးမိုင်လျှင် ရေကင်းတဲတစ်ခုနှုန်းဖြင့် စုစုပေါင်းရေကင်းတဲ ၄၈ ခု ချထားပြီး မိုးရာသီတာတမံလုပ်သားများ ခန့်အပ် တာဝန်ပေးခြင်းနှင့် အရေးပေါ်ကာကွယ်ရေးသုံးပစ္စည်းများ အသင့်ထားရှိခြင်းတို့ကို ဆောင်ရွက်ထားကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်တွင် ရေဘေးကာကွယ်ရေးတာမိုင် အရှည် ၂၀၃ မိုင်ရှိပြီး မိုးရာသီတွင် မြစ်ရေကြီးမှုကြောင့် တာတမံများ ထိခိုက်ပျက်စီးမှုမရှိစေရန်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအပြင် ရေဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြမှုများကိုလည်း နှစ်စဉ် အင်တိုက်အားတိုက် ဆောင်ရွက်ထားရှိကြောင်း သိရသည်။ တာတမံတောင့်တင်းကြံ့ခိုင်စေရန်နှင့် မြေတွင်းခိုအောင်းနိုင်သည့် ကြွက်၊ ခြကောင် စသည့်တိရစ္ဆာန်များ မခိုအောင်းနိုင်စေရန်အတွက် တာတမံအနီးနေ ဒေသခံပြည်သူများအနေဖြင့် တာတမံ၏ ဘေးဝဲယာတို့တွင် အမှိုက်များစွန့်ပစ်ခြင်း မပြုလုပ်ကြရန်အတွက်လည်း တားမြစ်အသိပေးထားမှုများ ပြုလုပ်ထားကြောင်း ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

## ကျောက်ဆည်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းပြုလုပ်

**ကျောက်ဆည် ဇွန် ၂၆**

ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စီစဉ်မှုဖြင့် ဇွန် ၂၅ ရက်က ရွာဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတေဇာအောင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးညွန့်ဝင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသူဇာလှ၊ မြို့နယ် ကျေးလက်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မာဝေ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသူတို့က ဆွေးနွေးကြသည်။ **ခရိုင် (ပြန်/ဆက်)**

## လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပြုလုပ်

**ကောလင်း ဇွန် ၂၆**

ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ လူငယ်နှင့် မူးယစ်ဆေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အဆိုပါကျောင်း၌ ဇွန် ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဆန်းဦးက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျောင်းသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ စခန်းမှူး ဒုတိယရဲမှူး ငွေမျိုးမြင့်နီက ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံမှ ဒေါက်တာ ကျော်ဇင်ဝင်း၊ မြို့နယ် ဥပဒေအရာရှိ ဒေါ်ခင်မဟူရာညိုတို့က ဆွေးနွေးကြသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး ပြည်သူ့စကားဝိုင်းသို့ ဆရာ ဆရာမများ ကျောင်းသားများ၊ စုစုပေါင်း ၄၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ပဲတီစိမ်းသီးနှံ မျိုးကောင်းမျိုးသန့်ရရှိရန် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မည်

**မကွေး ဇွန် ၂၆**

မကွေးတိုင်းဒေသကြီးအတွင်း သီးနှံ ၁၅ မျိုးကိုမျိုးကောင်းမျိုးသန့်များရရှိရေးအတွက် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး အဓိကအားဖြင့် နှမ်းနှင့် ပဲတီစိမ်းသီးနှံကို ယခုမိုးရာသီတွင် အဓိကထား စိုက်ပျိုးထုတ်လုပ်မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းမှ စိုက်ပျိုးထုတ်လုပ်သည့် နှမ်းနှင့်ပဲတီစိမ်းများတွင် ဓာတ်ကြွင်းအာနိသင်များ များပြားသည်ဆိုသော အကြောင်းပြချက်ဖြင့် တောင်သူများ ရောင်းချသည့်အခါ ဈေးကောင်းမရခြင်းနှင့် နိုင်ငံခြားသို့တင်ပို့ရာတွင် အခက်အခဲများစွာ ဖြစ်နေသည့်အတွက် ထိုပြဿနာများကိုဖြေရှင်းနိုင်ရန် စိုက်ပျိုးရေးဌာနအနေဖြင့် လုပ်ငန်းစဉ်များသတ်မှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်သည်။

"ဒီပြဿနာကိုဖြေရှင်းဖို့က စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူအများစုရယ်၊ NGO အဖွဲ့အစည်းတစ်ခုနဲ့ ကျွန်တော်တို့ဌာနရယ် ပူးပေါင်းညှိနှိုင်း ဆွေးနွေးပြီး သီးနှံတွေကို ဆေးကြွင်းအာနိသင် အနည်းဆုံးဖြစ်အောင်နဲ့ ဝယ်လက်ကြိုက်အောင်၊ နိုင်ငံခြားဝယ်လက်တွေ လက်ခံအောင်၊ ဈေးကွက်ကောင်းတစ်ခုရရှိအောင် ရည်မှန်းပြီး စီမံချက်ချ ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြောသည်။



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်း၌လည်း မျိုးကောင်းမျိုးသန့်ပဲတီစိမ်းများရရှိရန် GAP စနစ်ဖြင့် စိုက်ဧက ၁၅၀ စိုက်ပျိုးထုတ်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။ မင်းဘူး (စကု)မြို့နယ်အတွင်း နှစ်စဉ်ပဲတီစိမ်းကို ဧက ၅၆၀၀၀ ကျော် စိုက်ပျိုးခဲ့ရာ ဒေသအတွင်း မျိုးကောင်းမျိုးသန့်များရရှိရန်အတွက် သီးကုန်းကျေးရွာအုပ်စုတွင် တောင်သူ ၂၉ ဦး၏ စိုက်ဧက ၁၀၀ ၌ ရေဆင်းစိုက်ပျိုး (ခေါ်) ပဲတီစိမ်းမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်မှုကို ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့် NGO အဖွဲ့တစ်ခုဖြစ်သော ပေါင်းစုလုပ်အားကူညီပေးရေးအဖွဲ့တို့ ပူးပေါင်း၍လည်း သီးကုန်းကျေးရွာနှင့် မုန်ထောင်ကျေးရွာမှ တောင်သူ ၂၇ ဦး၏ စိုက်ဧက ၅၀ တွင် မျိုးကောင်းမျိုးသန့်ရရှိရန် ဆောင်ရွက်လျက်ရှိသည်။ **မေသူလွင်(မကွေးကိုယ်ပွား)**

## မိုင်းယုမြို့ရှိ ကျေးရွာလေးရွာတွင် ၂၄ နာရီလျှပ်စစ်မီး စတင်ရရှိ

**မိုင်းယု ဇွန် ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ မိုင်းယုမြို့ရှိ ၂၄ နာရီလျှပ်စစ်မီးမှာ မိုင်းဖြတ်နဂါး သတ္တုတူးဖော်ရေး ကုမ္ပဏီက တာဝန်ယူ ဓာတ်အားဖြန့်ဖြူးပေးထားခြင်းဖြစ်ပြီး ဇွန် ၂၃ ရက်မှစ၍ အဆိုပါ ဓာတ်အားလိုင်းမှတစ်ဆင့် မိုင်းလွေကျေးရွာအုပ်စုရှိ မိုင်းလွေ၊ ဝမ်ယမ်းခမ်း၊ ဝမ်ဇလီနှင့် ဝမ်ပေါက်ကျေးရွာများသို့ လျှပ်စစ်မီး ချိတ်ဆက်ပို့လွှတ်ခဲ့ရာ အဆင်ပြေသဖြင့် အဆိုပါ ကျေးရွာများမှ ပြည်သူများသည် ဇွန် ၂၃ ရက်မှစ၍ ၂၄ နာရီလျှပ်စစ်မီး ရရှိအသုံးပြုနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

ယင်းကျေးရွာများတွင် ၂၄ နာရီလျှပ်စစ်မီး ရရှိစေရန်အတွက် ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၆၆ ဒသမ ၂၆ သန်း အကုန်ကျခံကာ ၁၁ ကေဗွီလိုင်း ၄ ဒသမ ၇ မိုင်၊ ၄၀၀ ဗို့လိုင်း ၁ ဒသမ ၇ မိုင်နှင့် ၅၀ ကေဗွီအေ ဓာတ်အားခွဲရုံ လေးရုံတို့ကို တည်ဆောက်ပြီးစီးခဲ့ပြီး မိုင်းဖြတ်နဂါးသတ္တုတူးဖော်ရေးကုမ္ပဏီက တာဝန်ယူဖြန့်ဖြူးပေးထားသော ဓာတ်အားလိုင်းမှတစ်ဆင့် ကျေးရွာများရှိ ဓာတ်အားခွဲရုံများသို့ လျှပ်စစ်ဓာတ်အား ချိတ်ဆက်ရယူပြီး ရွာလေးရွာမှ အိမ်ခြေ ၁၄၆ အိမ်အတွက် ၂၄နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါကျေးရွာများမှ ပြည်သူများသည် ယခင်က တစ်အိမ်၊ နှစ်အိမ်သာ အသုံးပြုနိုင်သည့် ရေအားလျှပ်စစ် ဒိုင်နမိုစက်များဖြင့် ချောင်းမြောင်းများတွင် တပ်ဆင်ကာ လျှပ်စစ်မီးကို ရယူအသုံးပြုခဲ့ရသလို အချို့အိမ်များမှာ ဆိုလာမီးများကိုသာ အသုံးပြုနေခဲ့ရပြီး ထိုသို့အသုံးပြုရာတွင် ကုန်ကျစရိတ် ကြီးမြင့်ခြင်း၊ ရာသီဥတုအခြေအနေအပေါ် မူတည်၍ ဓာတ်အားမရခြင်းများ ရှိခဲ့ရာမှ ယခုအခါ ၂၄ နာရီလျှပ်စစ်မီးကို အပြည့်အဝ ရရှိအသုံးပြုနိုင်ပြီဖြစ်၍ ကျေးရွာနေပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

## မိဘအမည်မှန်

ပေါင်မြို့နယ်၊ အလက-ပန်းကုန်း(မွန်)ကျောင်း အဌမတန်းမှ မသဇင်ဖူး၏ မိဘအမည်မှန်မှာ ဦးဇော်ဟိန်း ၁၀/ပမန(နိုင်)၁၅၂၅၅၉နှင့် ဒေါ်တင်လှ ၁၀/ပမန(နိုင်)၁၅၀၂၅၀ ဖြစ်ပါသည်။

Beauty Saloon & Entertainment တွင်

**ဝန်ထမ်းအလိုရှိသည်**

(အလုပ်သမားမှတ်ပုံတင်ပါရှိရမည်)

၁။ မန်နေဂျာ မ (၃)ဦး
၂။ ညှပ်/လျှော်/သစ် မ (၅)ဦး
၃။ စာရင်းကိုင် မ (၃)ဦး
၄။ Waitress မ (၃)ဦး
၅။ Security ကျား (၅)ဦး
၆။ ထမင်းချက် မ (၂)ဦး
၇။ အထိုရှင်/အလုပ်သင် မ (၅)ဦး

နယ်ထိုင်ခွဲတွင်တာဝန်ထမ်းဆောင်နိုင်ရမည်

**09 952225350**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/4253 mitsubishi canter FE 658E Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်း ၁၃/နခတ(နိုင်)၀၁၅၂၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်မဲမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/7211 Mazda Bango SK 82T PU(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့်ဝင်း ၁၂/သကတ(နိုင်)၀၂၂၄၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/8589 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/3781 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/1373 Mitsubishi Canter FE72D L.T (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းထွန်း ၁၂/ဥကမ(နိုင်)၁၉၁၅၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အထူးကိုယ်စားလှယ်လွှဲစာ Special Power of Attorney ပြန်လည်ရုပ်သိမ်းခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ အမှတ် ၃၇/၃၂၃-က၊ စည်းခုံလမ်းနေ (၁)ဒေါ်ခင်မလေး ၉/မမန(နိုင်)၀၁၇၆၀၄၊ (၂)ဒေါ်တင်မလေး ၉/မကန(နိုင်)၀၁၀၄၀၃၊ (၃)ဦးကျော်မင်း ၁၁/ကဖန(နိုင်)၀၅၁၉၈၆၊ (၄)ဒေါ်ခင်သန်းနု ၉/မမန(နိုင်)၀၁၇၅၉၇ တို့က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဇလပ်ဝါလမ်းနှင့် ဒေလီယာလမ်းကြား၊ ၆၂လမ်းနေ ဒေါ်နန်းညွှန့်ညွှန့်ခိုင် (ဘ)ဦးရန်ချောင် ၁၃/တကန(နိုင်)၀၁၈၅၈၉ ထံ လွှဲအပ်ခဲ့သည့် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနရုံး၏ ၂၈-၉-၂၀၁၆ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၄၀၀၀/၂၀၁၆ အထူးကိုယ်စားလှယ်လွှဲစာ (Special Power of Attorney)အား ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(၁)ဒေါ်ခင်မလေး ၉/မမန(နိုင်)၀၁၇၆၀၄ (၂) ဒေါ်တင်မလေး ၉/မကန(နိုင်)၀၁၀၄၀၃ (၃)ဦးကျော်မင်း ၁၁/ကဖန(နိုင်)၀၅၁၉၈၆ (၄)ဒေါ်ခင်သန်းနု ၉/မမန(နိုင်)၀၁၇၅၉၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၆၊ ကွက်ပြင် ၄၊ အကွက်အမှတ် RA-IV၊ ဦးပိုင်အမှတ် ၆-ဃ/၂၊ မြေယာအမှတ် 47/252-B၊ မြေဧရိယာ ၀ ဒသမ ၃၃ဧကရှိမြေနှင့် မြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်များကို တရားဝင်လက်ရှိပိုင်ဆိုင်သော ဦးသက်လွင်မှ ဂရန်အမည်ပြောင်း၊ သက်တမ်းတိုး၍ ခွဲထုတ်ပြီး ဂရန်သစ်ထုတ်ပေးပါရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဦးသက်လွင်မှ ဂရန်သစ်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းအမိန့်ဒီကရီမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဂရန်အမည်ပြောင်း/ခွဲထုတ်/သက်တမ်းတိုးလျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၅၀)**
**အမှတ် ၁၂၈၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅**

## မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ယာဉ်ပျံရပ်ကွက်၊ သုခချမ်းသာလမ်း၊ အမှတ် ၅/၄၄နေ ဦးအောင်မြင့်ဆွေ ၉/မရမ(နိုင်)၀၉၁၃၈၁ နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၅၈၉ရှိ UMG Group of Co., Ltd ၏ ကုမ္ပဏီခွဲ KIWI & I Co.,Ltd. လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးအောင်မြင့်ဆွေနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့ KIWI & I Co., Ltd ၏ Sale Department တွင် ဦးအောင်မြင့်ဆွေသည် အရောင်းတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်စဉ် ကုမ္ပဏီပိုင် Intex Handset တယ်လီဖုန်းများအား သင်ကိုယ်တိုင်ရောင်းချရငွေများနှင့် ဝန်ထမ်းများရောင်းချခဲ့သော အရောင်းတန်ဖိုးငွေကျပ်စုစုပေါင်း ၄၂၂၅၅၂၆၀/-(ကျပ်လေးရာနှစ်ဆယ့်နှစ်သိန်းငါးသောင်းငါးထောင်နှစ်ရာ့ခြောက်ဆယ်တိတိ)ကို လက်ခံရယူသွားခဲ့သော်လည်း ယင်းငွေကျပ် ၄၂၂၅၅၂၆၀/-ကို ကုမ္ပဏီသို့ ပေးသွင်းရန် ပေါ်ပေါက်လျက်ရှိပြီး ယင်းငွေများနှင့်ပတ်သက်၍ စာရင်းဇယားများအားရယူလျက် ကုမ္ပဏီသို့ လာရောက်ခြင်းမရှိဘဲ စာရင်းရှင်းလင်းရန်ပျက်ကွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ဤကြေညာချက်ပါရှိသည့်ရက်မှ ၁၄ ရက်အတွင်း ကုမ္ပဏီသို့ စာရင်းဇယားများနှင့်တကွ အမြန်ဆုံးလာရောက်စာရင်းရှင်းလင်းပါရန်နှင့် သတ်မှတ်ရက်အတွင်းကုမ္ပဏီသို့လာရောက် စာရင်းရှင်းလင်းခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားလိမ့်မည်ဖြစ်ကြောင်း ဦးအောင်မြင့်ဆွေနှင့်အများသိစေရန် ကြေညာအပ်ပသည်။

**KIWI & I Co.,Ltd. ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်အေး(ရေတာရှည်) (H.G.P,LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၈၈/၉၁)**
**ရုံး - အမှတ်၅၀၊ ပထမထပ်၊ အခန်းအမှတ် C/3၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၈၃၁၂၁၈၆၊ ၀၉-၄၂၀၀၈၇၃၄၀**
**အိမ် - အမှတ် ၁၈၄၊ သုနန္ဒာ ၁၄လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၉၂၇၆၅ Ya Maha TTX M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲရင့်အောင် ၉/အမဇ(နိုင်)၀၃၀၅၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/1224 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/9246 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ အမှတ်(၈၇၅)၊ မြေညီထပ်(အလယ်ခန်း)တိုက်ခန်းနှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်သူဖြစ်သော ဦးခင်မောင်ထွေး ၁၁/ရမန(နိုင်)၀၀၀၂၄၉ အမှတ်(၁၀၀၃)၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ထံမှ မဆုမွန်ကျော် ၇/လပတ(နိုင်)၁၄၀၇၁၃ မှ လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (တစ်လ)အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မဆုမွန်ကျော် ၇/လပတ(နိုင်)၁၄၀၇၁၃၊ ဖုန်း-၀၉-၉၇၉၇၃၉၈၁၉**

## ဦးနေစည်သူဇော် (အထက်တန်းရှေ့နေ၊ ၄၇၃၄၆) နှင့် ဒေါ်ချစ်သီရိဝင်း ၁၄/ပသန(နိုင်)၂၃၅၃၃၈ (Facebook Name-Chit Thiri) မှ ကြော်ငြာချက်အား ပြန်လည်ရှင်းလင်းကြော်ငြာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ မြောက်ဥက္ကလာပနေထိုင်သူ ဒေါ်ဝါဝါလင်း ၁၂/ဥကမ(နိုင်)၂၀၁၄၃၃၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြော်ငြာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် Online ပေါ်၌ Sinn Yu Par Facebook Account ဖြင့် Online Shopping စီးပွားရေးလုပ်ငန်းများအား နာမည်ကောင်းဖြင့် လုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။

အထက်ဖော်ပြပါ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါလင်း၏ စီးပွားရေးလုပ်ငန်း ထိခိုက်စေရန်နှင့် နာမည်ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ ၁၇-၆-၂၀၁၈၌ ဒေါ်ချစ်သီရိဝင်း (Facebook Name Chit Thiri)ဆိုသူမှ Online ပေါ်ရှိဈေးငွေလုပ်ငန်း(၁)နှင့် (၂)၌လည်းကောင်း၊ ၄င်း၏ Facebook စာမျက်နှာ၌ လည်းကောင်း မည်သည့်သတင်းစာ၊ မည်သည့်နေ့ရက်၌ ထည့်ထားသည်ဟု မမြင်နိုင်သော ဒေါ်ဝါဝါလင်းနှင့် အများသိစေရန် သတင်းစာကြော်ငြာအား ပို့စ်တင်ခြင်း၊ ၁၁-၆-၂၀၁၈ရက်၌ Sinn Yu Par အမည်တပ်၍ ၄င်း၏ Messenger Group ရှိ လူအများရှေ့တွင် ညစ်ညမ်းစွာဆဲဆိုခြင်းမှာ စာသက်သေ၊ လူသက်သေ၊ အသံဖိုင်သက်သေ များစွာရှိခြင်း၊ ဒေါ်ဝါဝါလင်းနှင့် ဒေါ်ချစ်သီရိဝင်းကြားရှိ ငွေကြေးကိစ္စများအားဖြေရှင်းမပေးဘဲ ထွက်ပြေးတိမ်းရှောင်နေခြင်း၊ ဖုန်းအဆက်အသွယ်မရတော့ခြင်း၊ ဒေါ်ဝါဝါလင်း၏ စီးပွားရေးထိခိုက်ရုံသာမက၊ နာမည်ဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်ခဲ့ကြောင်း၊ ဒေါ်ဝါဝါလင်းပြောပြချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ၄င်းတို့ကြော်ငြာထားသော ကြော်ငြာချက်အား မည်သို့မျှ လိုက်နာရန် အကြောင်းမရှိဘဲ ဒေါ်ချစ်သီရိဝင်းမှ ငွေကြေးပြဿနာများအား (၇)ရက်အတွင်း လာရောက်ဖြေရှင်းပေးရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေသည့် ပို့စ်များ ထပ်မံတင်ခြင်း လုံးဝ(လုံးဝ)မပြုရန် အသိပေးကြော်ငြာအပ်ပါသည်။ အကယ်၍ ဤကြော်ငြာချက်အား မလိုက်နာပါက တည်ဆဲဥပဒေများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်မာမာထွန်း** | **ဦးခင်မောင်မြင့် LL.B** |
| **ဒေါ်ဝါဝါလင်း** | **LL.B,D.B.L,A.G.T.I(Civil)** | **(စဉ်-၇၁၄၂)** |
| ၁၂/ဥကမ(နိုင်)၂၀၁၄၃၃ | **(စဉ်-၁၃၆၃၀)** | **တရားလွှတ်တော်ရှေ့နေ** |
| | **တရားလွှတ်တော်ရှေ့နေ** | |
| | **ဖုန်း-၀၉-၇၈၇၈၅၂၉၉၀** | |
| **ဦးနန်းထိုက်အောင်** | **ဒေါ်ခင်စုလှိုင်ထွေး** | **ဒေါ်ချောချောဦး** |
| **LL.B,D.B.L** | **LL.B,D.B.L** | **LL.B,D.B.L,P.G.D.E** |
| (စဉ်-၁၄၁၀၄) | (စဉ်-၉၇၂၅) | (စဉ်-၈၈၆၀) |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဦးခင်မောင်ဇော် အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၅)၊ တိုက်(၈၉/၈)နေ (ဦးလှိုင်ကျော်)-ဒေါ်တင်စီတို့၏သား၊ မီးဒုံးလမ်းသွယ် ၆၊ တိုက် ၁၂၀/၇ နေ ဒေါ်ခင်မျိုးဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းလှ-ဒေါ်သက်သက်လှိုင်၊ ဦးမိုးဇော်လှိုင်-Hoh Wai Thye၊ ဦးသန်းငွေလှိုင် (Uniteam Line)တို့၏အစ်ကို၊ မအေးမွန်မွန်ကျော် (အထပြ၊ အထက-၄၊ ဒဂုံတောင်)၊ မောင်ဝေယံကျော်(KMTC Shipping Line)၊ မောင်ပြည့်စုံကျော် (ဒုနှစ်၊ အင်္ဂလိပ်စာ)တို့၏ဖခင်၊မသီရိရတနာဆု၊ မခင်ခင်မေဆု၊ Hoh Yong Wai တို့၏ဘကြီးသည် ၂၄-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် (ခုတင်-၅၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်းဒါယိကာကြီး ဦးကျော်ကျော် အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အမှတ် ၈၅ နေ ဦးရွှေကြိုင်-(ဒေါ်စောလှ)တို့၏သား၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ အမှတ် ၇၇ နေ ဦးထွန်းလင်း-ဒေါ်နွယ်နွယ်ဝင်းတို့၏ သားသမက်၊ ကိုလှထွန်း-မမိုးမိုးကျော်၊ ဒေါက်တာတင်ထွန်း-ဒေါ်မြင့်မြင့်ထွေး၊ ကိုလောပ-ဒေါက်တာ တင်တင်ကြည်တို့၏ညီ/မောင်၊ ဦးတင်ဇော်မိုး-Budsarin၊ ဦးမင်းမင်းထွန်း-ဒေါ်ခင်နှင်းဖြူတို့၏အစ်ကို၊ ဒေါ်ခင်လေးနွယ်(ခ)ချင်းချင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စည်သူထွန်း၏ ချစ်လှစွာသော ဖခင်သည် ၂၅-၆-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၁-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ကိုင်းတန်းလမ်း၊ အမှတ် ၇၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဖခင်အမည်မှန်

တနိုင်းမြို့၊ မူလွန်(ကင်ဆားရာ) သတ္တမတန်းမှ မဂျာဖန်၏ ဖခင်အမည်မှန်မှာ ဦးဇော်အောင် ၁/မကန(နိုင်)၀၈၈၅၁၄ ဖြစ်ပါသည်။

## အမည်မှန်

လားရှိုးမြို့၊ အလက(၇) သတ္တမတန်းမှ မခိုင်မီမီဇော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော် ၉/မလန(နိုင်)၀၉၈၃၉၉ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ မြစ်ကြီးနားတက္ကသိုလ် တတိယနှစ်(ဓာတု)မှ မထွယ်ဆိုင်းကိုင် ၁/ပတအ(နိုင်)၀၄၇၈၉၂နှင့် မထွယ်ဆန်းကိုင်သည် တစ်ဦးတည်းဖြစ်ပါသည်။

## ဖခင်အမည်မှန်

တောင်သာမြို့၊ မင်းတည်းအထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မခိုင်နှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးရဲဝင်းနိုင် ၉/တသန(နိုင်)၁၁၀၄၁၂ ဖြစ်ပါကြောင်း။ **ဦးရဲဝင်းနိုင်**

## အမည်ပြောင်း

ဦးသက်ပိုင်မော်၏သမီး ပြင်ဦးလွင်မြို့၊ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း အဌမတန်းမှ မခင်ဦးသစ်အား ယနေ့မှစ၍ မခင်ချိုထက်ဟု ပြောင်းလဲခေါ်ပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်သာမြို့၊ အထက တက္ကသိုလ်ဝင်တန်းအောင် မောင်ခိုင်ဇော်မြင့်မြတ်နှင့် တက္ကသိုလ်ဝင်တန်းမှ မအေးအေးမာတို့၏ဖခင် ဦးမြင့်ဌေး(ခ)ဦးမြင့်သိန်း ၉/မရမ(နိုင်)၀၅၂၅၂၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမြင့်ဌေး(ခ)ဦးမြင့်သိန်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဆိပ်ကြီးခနောင်တိုမြို့နယ်တရားရုံးတော်၌**
**၂၀၁၈ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၁၂**

ဒေါ်အေးအေးသင်း **နှင့်** ဒေါ်မူသမ်မား(လ်)(ခ)ပူတူးမ
**တရားလို** **တရားပြိုင်**

ဒေါ်မူသမ်မား(လ်)(ခ)ပူတူးမ (ဘ)ဦးဒိုမင်ပန် (ယခင်နေရပ်လိပ်စာ-ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၂၄၄ တွင်နေထိုင်သူ (ယခုလိပ်စာ)မသိသူ သိစေရမည်။

သင့်အပေါ်၌ ဒေါ်အေးအေးသင်း(ခ)ဒေါ်အုန်းရီ (ဘ) ဦးသန်းမောင်က တရားလိုရရှိမည့် လေလံစုမဲကြေးငွေကျပ် သိန်း(၃၀)တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇွန် ၂၉ရက် (၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၂နာရီအတွင်း အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ ဇွန်လ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **အမိန့်အရ-**

**(ပြည့်စုံကျော်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဆိပ်ကြီးခနောင်တိုမြို့နယ်တရားရုံး**

# တစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

## ဦးသီဟလွင်(ခ)ကိုဆူပါ (Ko Super) LL.B, LL.M, D.B.L, P.G.D.E

## ဒုတိယမြို့နယ်တရားသူကြီး (တ/၃၁၅၁)၊ ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး

## အသက် (၂၈)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ် ၁၀၊ ၂၆ လမ်း၊ ၉၁×၉၂ လမ်းကြား၊ ပွဲကုန်းလမ်းမတန်း၊ အမှတ် ၇၆၊ လမ်း ၃၀၊ ၇၆×၇၇လမ်းကြား၊ ကဥ္စနမဟီရပ်၊ ပြင်ဦးလွင်မြို့၊ အမှတ် ၉၀/၆၇၆၊ လားရှိုး-မန္တလေးလမ်းမကြီး၊ ရပ်ကွက်ကြီး ၁၂၊ ရေချမ်းအိုး(မြောက်)နေ ဦးမောင်မောင်လွင် (ဥက္ကဋ္ဌ-သီဟဖောင်ဒေးရှင်း၊ သီဟအထွေထွေစီးပွားရေးလုပ်ငန်းစု)-ဒေါ်ခင်နီလာအေး (ရွှေမြန်မာ-ဟိုတယ်)တို့၏သားကြီး၊ ကိုအာကာလွင်၏အစ်ကို ဦးသီဟလွင်(ခ)ကိုဆူပါသည် မိဝေးဖဝေး တစ်နယ်တစ်ကျေးမှာ တာဝန်တွေထမ်းဆောင်ရင်း ၂၇-၆-၂၀၁၇ ရက်တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားခဲ့သည်မှာ ၂၇-၆-၂၀၁၈ ရက်တွင် တစ်နှစ်ပြည့်ခဲ့ပါပြီ။ သားကြီးကို တစ်နေ့တစ်ရက်မှ မေ့မရပါ။ နေ့စဉ်၊ နေ့တိုင်း၊ လတိုင်း ပြုပြုသမျှ ဒါနကုသိုလ်၊ ဆောက်တည်ခဲ့သော သီလကုသိုလ်များကို အမျှဝေဆုတောင်း မေတ္တာပို့သနေပါတယ်။ သားကြီးရဲ့ကုသိုလ်လည်းဖြစ်တယ်၊ သားကြီးကိုရည်မှန်း(ရည်စူးပြီး) ၇၇ လမ်း၊ ၃၀×၃၁လမ်းကြား၊ ရွှေဘုံသာဘုရားပရိဝုဏ်မှာ ကဥ္စနဝိမာန(ဉာဏ်တော် ၄၈ပေ) စေတီတော်ကြီးတည်ဆောက်နေပါတယ်။ ရရှိသော ရုပ်၊ နာမ် ခန္ဓာဖြင့် သံသရာခရီးကို တစ်ဆင့်ပြီး တစ်ဆင့် မြင့်မြတ်ရာဘုံဘဝသို့ တက်လှမ်းနိုင်ပြီး သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။ သားကြီးရေ အမျှ - အမျှ - အမျှ ပေးဝေပါတယ်။ ရောက်ရှိရာဘုံဘဝမှာ သာဓုခေါ်ဆိုပေးပါ။ သာဓု - သာဓု - သာဓု

**သားကြီးကိုချစ်တဲ့ ဖေဖေ- ဦးမောင်မောင်လွင် (ဥက္ကဋ္ဌ-သီဟဖောင်ဒေးရှင်း၊ သီဟအထွေထွေစီးပွားရေးလုပ်ငန်းစု)**
**မေမေ- ဒေါ်ခင်နီလာအေး(ရွှေမြန်မာ-ဟိုတယ်)**
**ညီလေး- ကိုအာကာလွင် (မန္တလေးမြို့)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍများဆိုင်ရာ လုပ်ငန်းကော်မတီဆွေးနွေးပွဲများ ကျင်းပ

**နေပြည်တော် ဇွန် ၂၆**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ တတိယ အစည်းအဝေးအတွက် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲများကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲတွင် တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း၊ EAO စေ့စပ်ညှိနှိုင်းဆွေးနွေးပြီး ရွေးချယ်သောမူဝါဒ အဆိုပြုလွှာများဖြစ်သည့် တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် ဒီမိုကရေစီအခွင့်အရေး၊ အခြေခံ

စာမျက်နှာ ၈ ကော်လံ ၁ ▲



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲ ကျင်းပစဉ်။

# ခြေစမ်းပွဲတွင် မြန်မာယူ-၁၉အသင်းနှင့် ရောဝတီအသင်း သရေကျ



မြန်မာ ယူ-၁၉ အသင်းနှင့် ရောဝတီအသင်း ခြေစမ်း ကစားနေစဉ်။

**ရန်ကုန် ဇွန် ၂၆**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ယနေ့ ညနေ ၆ နာရီက သုဝဏ္ဏကွင်း၌ MNL ကလပ် ရောဝတီအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုးစီ သရေကျခဲ့သည်။

မြန်မာယူ-၁၉ အသင်းသည် ပြိုင်ပွဲမတိုင်မီ နောက်ဆုံး ပြင်ဆင်မှုအဖြစ် ရောဝတီအသင်းနှင့် ခြေစမ်းကစားခြင်းဖြစ်ပြီး သရေရလဒ် ကြုံတွေ့ခဲ့ကာ ခြေစမ်းပွဲများတွင် ပထမဆုံးသရေကျခဲ့ခြင်းဖြစ်သည်။ နှစ်သင်းစလုံးအဓိက ကစားသမားများနှင့် အရန်ကစားသမားများကို ပြောင်းလဲအသုံးပြုခဲ့ကာ ရောဝတီအသင်းအတွက် အမာခံကစားသမားများ ပါဝင်လာမှ ကစားပုံကောင်းလာပြီး အပြန်အလှန်သွင်းဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉အသင်းသည် မြတ်ကောင်းခန့်၊ လွင်မိုးအောင်၊ ပြည့်စုံနိုင်၊ စိုးမိုးကျော် စသည့်အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ရောဝတီအသင်းမှာမူ မိုင်းအိုက်နိုင်၊ အောင်ကောင်းမာန်တို့ကိုသာသုံးကာ အရန်ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာ ယူ-၁၉အသင်းသည် ပထမပိုင်းတွင်

စာမျက်နှာ ၁၂ ကော်လံ ၃ ❍

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၁၈ တွဲကို ယူရို ၈၆ ဒသမ ၈၆၆ သန်းဖြင့် ရောင်းချခဲ့**

စာ » ၁၁

**ခြိမ်းခြောက် ငွေကြေးတောင်းခံပြီး ဥပဒေမဲ့ လုပ်ရပ်များ ပြုလုပ်ခဲ့သည့် ရှထောင့်မှုခင်း သတင်းထောက်များအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူ**

စာ » ၁၃




မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်နေ့

၂၀၁၈ ခုနှစ်၊ ဇွန် ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ပေါ်ထွက်လာမည့်အနောက်တောင်

# မြို့သစ်စီမံကိန်း၏အစခရီး

ထင်ပေါ်ဝင်း



**ရန်ကုန်မြို့** ပြည်ပနိုင်ငံကူး လက်မှတ်ရုံးရှေ့တွင် တွေ့မြင်ရသော များပြားလှသည့် လူအုပ်ကြီး၊ အချို့သော သံရုံးများအနီး ပြည်ဝင်ခွင့် လက်မှတ် (ဗီဇာ)ရရှိရန် စောင့်ဆိုင်းနေသော လူအများစုက ရန်ကုန်မြို့တွင် အလုပ်အကိုင် တဖြည်းဖြည်းရှားပါးလာမှုကို ပြသနေသလိုပင်။ လူဦးရေဝင်ရောက်နေထိုင်မှုက တစ်နှစ်ထက်တစ်နှစ် ပိုမိုလာသည်နှင့်အမျှ ရန်ကုန်မြို့တွင် နေထိုင်စရာနေရာက လျော့နည်းလာသည်။ လူနေမှုအဆင့်အတန်းမြင့်မားလာသော ရန်ကုန်မြို့တော်တွင် ယာဉ်အစီးရေများပြားမှုကြောင့် မိမိယာဉ်ရပ်တန့်ရန် ခက်ခက်ခဲခဲနေရာ ရှာဖွေကြရသည်။ လမ်းမကြီးများ၊ လမ်းသွယ်များနှင့် ရပ်ကွက်လမ်းများပါမကျန် အလျှိုလျှိုပေါ်ပေါက်လာသော အထပ်မြင့်တိုက်ကြီးများကြောင့် လွတ်လပ်သော လူနေမှုဘဝများက မြို့တော်ရန်ကုန်တွင် ပျောက်ဆုံးခဲ့ရပြီဖြစ်သည်။

စွန့်ပစ်ပစ္စည်းများပြားမှုကြောင့် စည်ပင်ဝန်ထမ်းတို့က သိမ်းမနိုင်ဆည်းမနိုင်။ ဈေးကွက်စီးပွားရေးအရ လူအများဖြတ်သန်းရာတွင် စီးပွားလာရှာသူများကြောင့် လမ်းဘေးဈေးသည်ဘဝတို့ ပေါ်ပေါက်ခဲ့ရသည်။ အကြီးစားစက်မှုလုပ်ငန်းများ ရှားပါးလာမှုနှင့်အတူ အငှားယာဉ်လုပ်ငန်းနှင့် ဆိုင်ကယ်ကယ်ရီသမားဘဝတို့ တိုးပွားလာသည်။ စက်မှုလုပ်ငန်းကြီးများတွင် ဝင်ရောက်လုပ်ကိုင်ရမည့် အားကောင်းမောင်းသန် ရန်ကုန်သားတို့မှာ လက်ဖက်ရည်ဆိုင်ထိုင် အလုပ်လက်မဲ့ဘဝနှင့်။ မိမိလုပ်အားနှင့် ထိုက်သင့်သော လုပ်ခလစာရရှိရေးနှင့် ဘဝအဆင့်အတန်းမြင့်မားစွာနေလို သူတို့အတွက် ပြည်ပသို့ သွားရောက်အလုပ်လုပ်လိုသူတို့က ဒုနဲ့ဒေး။

နှစ်ပေါင်းရာကျော် ရှေးဟောင်းအဆောက်အအုံတို့နှင့်အတူ ပြုပြင်မွမ်းမံမှုများ ပြုလုပ်ရန်လိုအပ်နေသော တိုက်တာအိုးအိမ်တို့က ရန်ကုန်မြို့အနှံ့ ပြန့်ကျဲနေသည်။ အချိန်မီချဲ့ထွင်ရန် နှောင့်နှေးခဲ့မှုတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုတို့က လမ်းဆုံမီးပွိုင့်များနှင့် အဝိုင်းကြီးများတွင် အဓိက မြင်တွေ့နေရသည်။ ကျဉ်းကျဉ်းကျပ်ကျပ် ရေနုတ်မြောင်းများနှင့် ပိတ်ဆို့နေသော အမှိုက်များကြောင့် ရေစီးရေလာက မကောင်း၊ ရှိသမျှ စည်ပင်ဝန်ထမ်း ထုတ်နုတ်အသုံးပြု မြောင်းရှင်းသော်လည်း တောင်းပေါက်နှင့် ဖားကောက်သလို ရှေ့ကဆယ် နောက်ကပိတ်။ စည်းကမ်းဥပဒေတင်းကျပ်ရန် လိုအပ်သောဝန်ထမ်းဦးရေက မမျှမတ။ ခေတ်အဆက်ဆက်က တိုးချဲ့ခဲ့သောမြို့နယ်များတွင်လည်း လူနေသိပ်သည်းမှုက ထပ်တိုးလာသည့် လူဦးရေကို လက်မခံနိုင်သည့် အခြေအနေ။

ထိုထိုသမျှသော အကြောင်းအရာများနှင့် ပြည့်နှက်နေသော မြို့တော်ရန်ကုန်၏ ဒဏ်ရာဒဏ်ချက်များကို အချိန်မီကုစားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ကြိုးစားလုံးပန်းနေကြရရှာသည်။ ဆူးလေစေတီတော်နှင့် မြို့တော်ခန်းမရှိရာ ရန်ကုန်မြို့လယ်ခေါင်ကို ဗဟိုပြုချဉ်းကပ်သောစနစ်မှ ဗဟိုခွာစနစ်ကို အခြေပြုရန် အစပျိုးသည်။ ရန်ကုန်မြို့တော်ကြီး သာယာဝပြောရန် ပြည်တွင်းပညာရှင်များသာမက ပြည်ပပညာရှင်များ၏ အကူအညီကိုပါရယူသည်။ နိုင်ငံတကာသို့ သွားရောက်လေ့လာမှုများ ပြုလုပ်သည်။ ပြည်ပပညာရှင်များကိုလည်း ပြည်တွင်းသို့ ဖိတ်ခေါ်၍ ဆွေးနွေးသည်၊ တိုင်ပင်သည်၊ ညှိနှိုင်းသည်။ လိုအပ်သောနည်းပညာနှင့် အကူအညီများရယူသည်။ မြို့တော်ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစီမံချက်များရေးဆွဲသည်။ ပြည်သူ့ကိုယ်စားလှယ်များထံချပြ၍ ဝေဖန်အကြံပြုခြင်းကို နှားထောင်သည်။

**အချပ်ပို(ခ)သို့**



# ရန်ကုန်မြို့မှာ အခြေခံပြည်သူတွေအတွက် ရောင်းချနေတဲ့ တန်ဖိုးနည်းအိမ်ရာတွေ

**ဝေယံဦး**

အခုတလော ရန်ကုန်မြို့မှာ အခြေခံပြည်သူတွေအတွက် စိတ်ဝင်စားစရာကောင်းတဲ့သတင်းကတော့ တန်ဖိုးနည်းအိမ်ရာတိုက်ခန်းတွေ မဲနှိုက်ရောင်းချတဲ့သတင်းပဲဖြစ်ပါတယ်။ အိမ်ရာတိုက်ခန်းတစ်ခန်းပိုင်ဆိုင်ဖို့ခက်ခဲတဲ့ ရန်ကုန်မြို့မှာတော့ အခုဆိုရင် အခြေခံလူတန်းစားတွေ လက်လှမ်းမီနိုင်တဲ့ဈေးနှုန်းနဲ့ နှစ်ရှည်ငွေသွင်းပြီး ပိုင်ဆိုင်နေထိုင်နိုင်မယ့် အခွင့်အရေးကောင်းတစ်ခု ဖြစ်နေပါတယ်။

"တကယ်တမ်းနေထိုင်ဖို့ ကိုယ်ပိုင်အိမ်ရာတိုက်ခန်းမရှိတဲ့သူတွေကို မဲဖောက်ရောင်းချပေးတာဖြစ်ပြီး မမှန်မကန်မရိုးမသားနဲ့ဝယ်ယူလို့မရအောင် စည်းမျဉ်းစည်းကမ်းတွေ တင်းကျပ်ထားပါတယ်။ တိုက်ခန်းမဲပေါက်တဲ့ ပြည်သူတွေကိုလည်း တစ်လအတွင်း တက်ရောက်နေထိုင်နိုင်အောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ပြည်သူ့အိမ်ရာ ရောင်းချရေးကော်မတီဝင် ဦးညီညီက ပြောကြားထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရက တန်ဖိုးနည်းအိမ်ရာတိုက်ခန်း တစ်ထောင်ကျော်ကို မဲနှိုက်ရောင်းချတာဖြစ်ပြီး ပထမတော့ ဇွန် ၂၃ ရက်မှာ ရောင်းချပေးဖို့ စီစဉ်ထားပေမယ့် ဇွန် ၂၅ ရက်မှာ မဲဖောက်ရောင်းချပေးဖို့ ရက်ရွှေ့ခဲ့တာဖြစ်ပါတယ်။ ဒီလိုတန်ဖိုးနည်းအိမ်ရာတိုက်ခန်းတွေ ဝယ်ယူဖို့အတွက် ဝယ်ယူခွင့်လျှောက်လွှာ တစ်သောင်းကျော် ထုတ်ယူသွားခဲ့ပေမယ့် တကယ်တမ်း ဝယ်ယူခွင့်လျှောက်လွှာလာတင်တဲ့အရေအတွက် ၆၀၀၀ ကျော်ပဲရှိတာ ဖြစ်ပါတယ်။

ဒါကလည်း တန်ဖိုးနည်းတိုက်ခန်း ဝယ်ယူတဲ့အခါ ငွေကြေးတတ်နိုင်တဲ့သူတွေက ဝယ်ယူဈေးကစားလို့ မရနိုင်အောင် စည်းမျဉ်းစည်းကမ်းနဲ့ ကွင်းဆင်းစစ်ဆေးမှုတွေ ပြုလုပ်မယ်ဆိုတာကြောင့် တကယ်တမ်းနေထိုင်စရာအခက်အခဲရှိတဲ့ပြည်သူတွေအတွက် အခွင့်အရေးပိုရသွားတဲ့ အချက်ကြောင့်ပဲ ဖြစ်ပါတယ်။

အခု မဲဖောက်ရောင်းချတဲ့ တန်ဖိုးနည်းတိုက်ခန်းတွေကတော့ ဒဂုံမြို့သစ်တောင်ပိုင်းမှာရှိတဲ့ အင်းဝအိမ်ရာ၊ ကောင်းစံသာအိမ်ရာ၊ လှိုင်သာယာမြို့နယ်မှာရှိတဲ့ ရွှေလင်ဗန်းအိမ်ရာ၊ ထီးလှိုင်အိမ်ရာ၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်မှာရှိတဲ့ ယုဇနအိမ်ရာ အပိုင်း(၁ နဲ့ ၂)၊ ကနောင်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်မှာရှိတဲ့ ကြီးပွားရေးအိမ်ရာ၊ မြောက်ဥက္ကလာပမြို့နယ်မှာရှိတဲ့ ရွှေပေါက်ကံအိမ်ရာ စတာတွေဖြစ်ပါတယ်။

ဒီလိုတိုက်ခန်းတွေ ရောင်းချတဲ့အခါ အခြေခံပြည်သူတွေဝယ်ယူနိုင်အောင်လို့ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်က တိုက်ခန်းတစ်ခန်းကို ငွေကျပ်သိန်း ၁၀၀၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နဲ့ အခြားမြို့နယ်များမှာ တန်ဖိုးသင့်အိမ်ရာ တစ်ခန်းလျှင် ငွေကျပ်သိန်း ၂၀၀ ကျော်နဲ့ အခြားအိမ်ရာတိုက်ခန်းတွေကိုလည်း ဈေးနှုန်းသက်သာစွာနဲ့ သတ်မှတ်ရောင်းချပေးတာဖြစ်ပါတယ်။

အဲဒီတန်ဖိုးနည်းတိုက်ခန်းတွေ ရောင်းချတဲ့နေရာမှာ ပထမငွေပေးသွင်းမှုအနေနဲ့ တိုက်ခန်းတန်ဖိုးရဲ့ ၂၀ ရာခိုင်နှုန်းကို ဦးစွာပေးသွင်းရမှာဖြစ်ပြီး ကျန်တဲ့ငွေကတော့ လစဉ်သတ်မှတ်အချိုးကျ ငွေပမာဏနဲ့ ၁၅ နှစ်ခန့်အထိ ပေးသွင်းရမှာဖြစ်ပါတယ်။ ဒီလိုနှစ်ရှည်ပေးသွင်းရပေမယ့် ကနဦးငွေကြေးပေးသွင်းပြီး တစ်လခန့်အကြာမှာ အဲဒီဝယ်ယူထားတဲ့ တိုက်ခန်းတွေပေါ်မှာ နေထိုင်လို့ရအောင် ကြိုးစားပေးသွားမယ်လို့ ဆိုပါတယ်။

ရန်ကုန်မြို့မှာ တန်ဖိုးနည်းအိမ်ရာတွေ ရောင်းချတဲ့အခါ ပြည်သူတွေ၊ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ၊ ဝန်ထမ်းအငြိမ်းစားတွေနဲ့ ကုမ္ပဏီဝန်ထမ်းတွေဆိုပြီး အမျိုးအစားလေးမျိုးခွဲကာ ရောင်းချပေးသွားမှာဖြစ်တာမို့ ကဏ္ဍအသီးသီး အလွှာပေါင်းစုံက အခြေခံပြည်သူတွေအနေနဲ့ တိုက်ခန်းဝယ်ယူတဲ့အခါ လက်လှမ်းမီတဲ့ တန်ဖိုးကိုချိန်ဆပြီး မဲဖောက်ရောင်းချပေးတာဖြစ်ပါတယ်။ ဒါပေမယ့်လည်း လက်ရှိအနေအထားအရ တန်ဖိုးနည်းတိုက်ခန်းတစ်ခန်းကို ငွေကျပ်သိန်း ၁၀၀ ဝန်းကျင်ပမာဏနဲ့တောင် ဝင်ငွေနည်း အခြေခံပြည်သူအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေဆဲလို့ သုံးသပ်မှုတွေလည်း ရှိနေပါတယ်။

ဒါကြောင့်လည်း အခြေခံပြည်သူတွေအတွက် လက်လှမ်းမီနိုင်ပြီး ဝန်ထုပ်ဝန်ပိုးမဖြစ်စေမယ့် ငွေကြေးပမာဏအထိ ရောက်ရှိအောင် ကြိုးစားသွားမယ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြောကြားထားပါတယ်။ လှိုင်သာယာ ရွှေလင်ဗန်းစက်မှုဇုန်မှာ စက်မှုဇုန်လုပ်သားတွေ နေထိုင်နိုင်တဲ့ စက်မှုလုပ်သားအိမ်ရာ (တော်ဝင်နှင်းဆီအိမ်ရာ) မှာဆိုရင် အလုပ်သမားရှစ်ဦးနေထိုင်နိုင်တဲ့ တိုက်ခန်းတစ်ခန်းကို ငွေကျပ် ၆၂ သိန်းမှ ကျပ်သိန်း ၁၀၀ အထိ သတ်မှတ်ရောင်းချတာ ဖြစ်ပါတယ်။

တန်ဖိုးနည်းအိမ်ရာတွေဟာ အတိုးနှုန်းနဲ့တွက်ကြည့်ရင် မူရင်းဈေးထက် များစွာကြီးမြင့်နေတာမို့ အတိုးမပါဘဲ ရောင်းချနိုင်တဲ့ နည်းလမ်းကို ရှာဖွေနေပါတယ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြောကြားထားတာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီးတွေမှာ အိမ်ရာတိုက်ခန်းလိုအပ်ချက်တွေ မြင့်မားနေတာမို့ ပြည်သူတွေ စိတ်ဝင်စားနိုင်မယ့် ငွေကြေးပမာဏဖြစ်ဖို့တော့ လိုအပ်နေတာ အမှန်ပါပဲ။

အခြေခံပြည်သူတွေအနေနဲ့ လက်လှမ်းမီတဲ့ဈေးနှုန်းနဲ့တိုက်ခန်း ဝယ်ယူနိုင်ဖို့အတွက် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှာ အိမ်ရာစုဆောင်းငွေစာရင်းဖွင့်ထားသူဟာ စုစုပေါင်း လူတစ်သောင်းရှစ်ထောင်ခန့် ရှိနေပါတယ်။ နိုင်ငံတော်အနေနဲ့လည်း အိမ်ရာကဏ္ဍမှာ ပြည်သူတွေနေထိုင်ရေး အဆင်ပြေစေဖို့အတွက် ၂၀၃၀ ပြည့်နှစ်မှာ အိမ်ရာပေါင်း တစ်သန်းခန့်အထိ ထွက်ပေါ်အောင် မျှော်မှန်းကြိုးစားဆောင်ရွက်နေပါတယ်။

အိမ်ရာကဏ္ဍမှာ လက်ရှိအစိုးရအနေနဲ့ သက်တမ်းနှစ်နှစ်ကျော်ကာလမှာ အိမ်ရာတိုက်ခန်းပေါင်း ၁၀၉၂၄ ခန့် ဆောက်လုပ်ရာမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်တဲ့ တိုက်ခန်းပေါင်း၅၇၀၀ ကျော် ရှိနေပြီဖြစ်သလို ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်တဲ့ တိုက်ခန်းပေါင်း ၅၀၀၀ ကျော်ရှိနေပြီဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ တိုက်ခန်းတွေကိုလည်း လာမယ့် နှစ်နှစ်ကျော်ကာလအတွင်း အပြီးတည်ဆောက်သွားမယ်လို့ ဆိုပါတယ်။

ဒါကြောင့်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အခြေခံပြည်သူတွေအတွက် တန်ဖိုးနည်း အိမ်ရာတွေ ထွက်ပေါ်လာတာကို ကြိုဆိုရမှာဖြစ်ပြီး ပြည်သူတွေအဖို့ လက်လှမ်းမီတဲ့ နှုန်းထားတွေဖြစ်ဖို့လိုသလို အရည်အသွေးပိုင်းမှာလည်း ကောင်းမွန်တဲ့အနေအထားဖြစ်တယ်ဆိုရင်တော့ မိသားစုတွေ စိတ်ချမ်းမြေ့ရမယ့် အကောင်အထည်ဖော်မှုပဲ ဖြစ်ပါတယ်။ ။



အလတ်ချောင်းသမ္ဗန်ဆိပ်။ ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ပေါ်ထွက်လာမည့် အနောက်တောင်မြို့သစ်စီမံကိန်း၏ အစခရီးမှ**

ထိုမှတစ်ဆင့် အများပြည်သူသို့ အသိပေးသည်။ ပြည်သူ့အသံကို နားစွင့်သည်။

မြို့တော်ရန်ကုန်သည် စည်ပင်သာယာနယ်နိမိတ်အတွင်းမှာသာမက နယ်နိမိတ်ပြင်ပမြို့နယ်များပါ ဖွံ့ဖြိုးမှုအားကောင်းရန် လိုအပ်သည်။ စည်ပင်သာယာနယ်နိမိတ်ပြင်ပမြို့နယ်များရှိ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိရန် လိုအပ်သည်။ လူမှုစီးပွားဘဝများ တိုးတက်ရန် လိုအပ်သည်။ ထို့ကြောင့်ပင် အစိုးရအဖွဲ့က ရန်ကုန်မြို့၏ အနောက်တောင်ဘက်တွင် အနောက်တောင်မြို့သစ်စီမံကိန်းကို စတင်နိုင်ရန် အစပျိုးခဲ့သည်။ အဆိုပါစီမံကိန်းနေရာသည် ကြည့်မြင်တိုင်မြို့နယ်၏ အနောက်ဘက်ကမ်းရှိ မြေကွေနှစ်သောင်းပေါ်တွင် စတင်မည်ဖြစ်သည်။ စီမံကိန်းဧရိယာသည် ရန်ကုန်မြစ်၏ အနောက်ဘက်၊ ပန်းလှိုင်မြစ်၏ တောင်ဘက်တွင် တည်ရှိပြီး မြစ်ဝအထိရှိကြောင်း သိရသည်။

ယင်းစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရာနှုန်းပြည့်ပိုင်ဆိုင်သော ရန်ကုန်မြို့သစ်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်က မြို့သစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ အထူးကုမ္ပဏီများအက်ဥပဒေဖြင့် ဖွဲ့စည်းထူထောင်ခဲ့သော ရန်ကုန်မြို့သစ်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်တွင် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး Serge Pun & Associates (Myanmar) လီမိတက်၏ ဥက္ကဋ္ဌဖြစ်သူ Serge Pun @ ဦးသိမ်းဝေက ရန်ကုန်မြို့သစ် ဖွံ့ဖြိုးရေးကုမ္ပဏီတွင် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်တာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်သည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ဒါရိုက်တာအဖြစ်ဆောင်ရွက်ကာ သီးခြားလွတ်လပ်သော ဒါရိုက်တာများအဖြစ် Mr. George Yeo နှင့် ဦးထွန်းမြတ်တို့က ဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့သစ်ကို လုံခြုံစိတ်ချရခြင်း၊ သတင်းအချက်အလက်နည်းပညာများပြည့်ဝခြင်း၊ သန့်ရှင်းသာယာလှပခြင်း အစရှိသော အင်္ဂါရပ်တို့နှင့်ပြည့်စုံသည့် မြို့တစ်မြို့အဖြစ် မျှော်မှန်းထားပြီး အရည်အသွေး၊ ဂုဏ်သိက္ခာနှင့် တာဝန်ယူမှုတည်းဟူသော စံနမူနာကောင်းတို့ဖြင့် ဖော်ဆောင်ပေးသွားမည်ဟု သိရသည်။ အလုပ်အကိုင်အခွင့်အလမ်းပေါင်း နှစ်သန်းနီးပါးကို ဖော်ဆောင်ပေးမည့် ရန်ကုန်မြို့သစ်စီမံကိန်းကို အဆင့်နှစ်ဆင့်ဖြင့် ခွဲခြားလုပ်ဆောင်သွားမည်ဖြစ်သည်။ အဆင့်(၁)အနေဖြင့် မြောက်ဘက်မှာ ပန်းလှိုင်မြစ်၊ တောင်ဘက်မှာ တွံတေးတူးမြောင်း၊ အရှေ့ဘက်တွင် ရန်ကုန်မြစ်ရှိပြီး အနောက်ဘက်တွင် ရန်ကုန်-တွံတေးကားလမ်းမ အတွင်းရှိ မြေ ၇၂၈၄ ဟက်တာကို စတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ဟက်တာခြောက်သောင်း ထပ်မံတိုးချဲ့မည်ဖြစ်သည်ဟု သိရသည်။

အနောက်တောင်မြို့သစ်စီမံကိန်းတွင် ပါဝင်လုပ်ဆောင်ကြမည့်လုပ်ငန်းများအားလုံးကို ပွင့်လင်းမြင်သာမှု၊ တာဝန်သိတတ်မှု၊ စွမ်းဆောင်ရည်ရှိမှုတို့အပေါ် အကဲဖြတ်သွားမည်ဟု သိရသည်။ မြို့သစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် လုပ်ငန်းများကို တင်ဒါရွေးချယ်ရာတွင် မျှတသည့်ပြိုင်ဆိုင်မှု၊ ပွင့်လင်းမြင်သာမှုနှင့် ထိရောက်မှုရှိစေရန် ကမ္ဘာ့အနှံ့တွင် ကျင့်သုံးနေသည့် Swiss Challenge နည်းကို လက်ခံကျင့်သုံးမည်ဟု ရန်ကုန်မြို့သစ်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်က ကြေညာထားသည်။

စီမံကိန်းအဆင့်(၁)အဖြစ် ရွာငါးရွာ၊ မြို့သစ်သို့သွားလာနိုင်သော တံတားနှစ်စင်း၊ ၂၆ ကီလိုမီတာအရှည် ပင်မလမ်းများ၊ ၁၀ စတုရန်းကီလိုမီတာကျယ်ဝန်းသည့် စက်မှုဇုန်နယ်မြေ၊ ၂၂၃ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့်ဖြန့်ဖြူးရေးအဆောက်အအုံများ၊ ရေသန့်နှင့်ရေဆိုးထုတ်စက်ရုံများ ပါဝင်သည်ဟု သိရသည်။

ရန်ကုန်မြို့၏ အနောက်တောင်မြို့သစ်စီမံကိန်းကို လူမှုရေးအကျိုးသက်ရောက်မှု၊ ပတ်ဝန်းကျင်အကျိုးသက်ရောက်မှု၊ စီးပွားရေးဆိုင်ရာအကျိုးသက်ရောက်မှုများ ကောင်းမွန်ရမည်ဆိုသော ရည်ရွယ်ချက်များဖြင့် မြို့သစ်ကြီးကို အကောင်အထည်ဖော်ဆောင်သွားမည်ဟုဆိုသည်။ လက်ရှိအချိန်တွင် လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိသည်။ အလုပ်အကိုင်အခွင့်အလမ်းများ မည်သို့ဖန်တီးပေးမည်၊ စက်မှုဇုန်များဖော်ဆောင်ရာတွင် မည်သည့်စက်မှုလုပ်ငန်းများ လုပ်ကိုင်မည်၊ ရင်းနှီးမြှုပ်နှံမှုများ မည်သို့လက်ခံမည်၊ ရှိနေသော ချောင်း၊ မြောင်းများကို အသုံးချပြီး လူနေ၍ရအောင် တိုးတက်အောင် မည်သို့လုပ်ဆောင်မည်၊ သယ်ယူပို့ဆောင်ရေးအတွက် ရထားလမ်း၊ ခရီးသည်တင်ကား၊ ကိုယ်ပိုင်ကားလမ်းများ တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိရုံသာမက ပတ်ဝန်းကျင်မြို့နယ်များရှိ လမ်းများနှင့်ပါ မည်သို့ချိတ်ဆက်မည်ဆိုသည်တို့ကို ပညာရှင်များ၏ အကြံဉာဏ်များ ရယူဆောင်ရွက်ရမည်ဖြစ်သည်။ ရေကြီးရေလျှံမှုကို ကာကွယ်ရန် ပညာရှင်တို့၏ အကြံဉာဏ်များရယူပြီးမှ စီမံကိန်းရေးဆွဲမည်ဟု သိရသည်။

အနောက်တောင်မြို့သစ်စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဖွံ့ဖြိုးရေးစီမံကိန်းများအနက်မှ စီမံကိန်းတစ်ခုသာဖြစ်သည်။ ထပ်မံတိုးချဲ့မည့် မြို့သစ်များ၊ စက်မှုဇုန်များမှာ ရန်ကုန်ရှိ လုပ်သားအင်အားထုအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွက်လာစေမည်ဖြစ်သည်။ ရန်ကုန်မြို့၏ လူဦးရေကျပ်တည်းမှုကို ဖြေလျှော့နိုင်မည်ဖြစ်သည်။ ယာဉ်လမ်းပိတ်ဆို့မှုကို လျော့နည်းစေမည်ဖြစ်သည်။ မြို့တော်ရန်ကုန်၏ သန့်ရှင်းသာယာလှပရေးကို အလျင်အမြန် ဆောင်ရွက်နိုင်မည်။ ရေနုတ်မြောင်းများ ပြန်လည်ပြင်ဆင်တိုးချဲ့နိုင်မည်။ အလုပ်အကိုင်အခွင့်အလမ်းပေါများပြီး အေးချမ်းသာယာသော ဘဝများကိုပိုင်ဆိုင်ကာ ရန်ကုန်မြို့တော်ဟောင်းနှင့် မြို့တော်သစ်ကို တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးစေလိုခြင်းက ရန်ကုန်သူ ရန်ကုန်သားတို့၏ တစ်ခုတည်းသော ဆန္ဒသာဖြစ်ပါကြောင်း...။ ။

# မြောင်းမြတံတားသင်ခန်းစာမှသည် ရန်ကုန်တံတားများဆီသို့

• တင်ဝင်းလေး(ကြည့်မြင်တိုင်) •



အောင်ဇေယျကြိုးတံတားကို တွေ့ရစဉ်။ ဓာတ်ပုံ-ဘော်ဂါသွေး

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့တွင် ၁၉၉၆ ခုနှစ်က တည်ဆောက်ခဲ့သော မြောင်းမြကြိုးတံတားကြီးမှာ ပြီးခဲ့သည့် ဧပြီ ၁ ရက်က မြစ်အတွင်းသို့ ရုတ်တရက်ကျိုးကျသွားခဲ့သည်။

တည်ဆောက်ခဲ့မှုသက်တမ်း ၂၂ နှစ် ကာလအတွင်း ရုတ်ခြည်းကျိုးကျမှုသည် တံတားများ တည်ဆောက်ခဲ့ကြသည့် အင်ဂျင်နီယာလောကကြီးတစ်ခုလုံးကို လှုပ်နှိုးလိုက်ခြင်းဖြစ်သကဲ့သို့ ခရီးသွားပြည်သူများအတွင်း စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပွားခဲ့သည်။

တံတားဟောင်းများကို ပုံမှန်စစ်ဆေးရုံ၊ သံချေးချွတ်ဆေးသုတ်ရုံမျှဖြင့် မလုံလောက်တော့ဟု အသိပေးလိုက်ခြင်းပင်ဖြစ်သည်။ တံတားတွေကို သာမန်အပေါ်ယံမျက်စိဖြင့် မြင်ရုံမျှ၊ စစ်ဆေးရုံမျှ ၊ သာမန်ပုံမှန်ထိန်းသိမ်းရုံမျှဖြင့် မရနိုင်။ လက်တွေ့ကျကျ အသေးစိတ်စစ်ဆေးမှု၊ ပြုပြင်မှုများဆောင်ရွက်ကြမှသာလျှင် တံတားများ၏ အရည်အသွေး ရေရှည်ခိုင်ခံ့မှု စိတ်ချရမှုများရှိမည်ဟု မြောင်းမြတံတားကျိုးကျပြီးနောက် ထွက်ပေါ်လာသောအသံများဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုနေသော ကြိုးတံတားပေါင်း ၃၀ ရှိသည်ဟု သိရသည်။ ယခုအခါ ယင်းကြိုးတံတားများကို တရုတ်၊ ဂျပန်၊ ကိုရီးယားမှ တံတားတည်ဆောက်မှုပညာရှင်ကြီးများနှင့် ပူးပေါင်းစစ်ဆေးမှုများ၊ စက်ကိရိယာများဖြင့်ပါ တိုင်းတာစစ်ဆေးမှုများဖြင့် လက်တွေ့ကျကျ ဆောင်ရွက်နေကြပြီဟု သိရသည်။ ထို့အပြင် တံတားများ၏ ခံနိုင်ရည်ဝန်ကို တွက်ချက်၍ ယာဉ်သွားလာမှုတန်ချိန်များကိုလည်း တံတားအဆင့်လိုက် လျှော့ချသတ်မှတ်မှုများလည်း ပြုလာကြပြီဖြစ်သည်။

မြောင်းမြတံတားကျိုးကျမှုဂယက်သည် အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်ရှိ တံတားများနည်းတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တံတားများဆီသို့ပါ ကူးစက်ရိုက်ခတ်လာခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မြစ်ကူးတံတားများအနေဖြင့် သန်လျင်တံတား၊ ဘုရင့်နောင်တံတား အမှတ်(၁)နှင့်(၂)၊ အောင်ဇေယျကြိုးတံတား၊ ရွှေပြည်သာတံတား၊ ငမိုးရိပ်တံတား၊ ထန်းတပင်ကုက္ကိုဝ တံတားများရှိသည်။ မြို့တွင်း၌ မြစ်ကူးတံတားမဟုတ်သော်လည်း မဟာဗန္ဓုလတံတားကြီးမှာ ကြီးမားသော ကြိုးဆိုင်းတံတားကြီးတစ်စင်းဖြစ်သည်။ အခြားသော တံတားကြီးငယ်များနှင့်အတူ မကြာသေးမီက အသစ်တည်ဆောက်သော တံတားများက ရန်ကုန်မြို့၏ လမ်းပန်းဆက်သွယ်မှုအတွက် အဓိကကျသော တံတားများဖြစ်သည်။ မြို့တွင်းနှင့်မြို့ပြင် ဆက်သွယ်ပေးနေသော တံတားများဖြစ်ကြသည်။

မြစ်ကူးတံတားများအနက် သန်လျင်တံတား၊ ဘုရင့်နောင် အမှတ် (၁)၊ အမှတ်(၂)တံတား၊ ရွှေပြည်သာတံတား၊ ကုက္ကိုဝ မြစ်ကူးတံတားများမှာ သံဲသောင်တံတားများဖြစ်ကြသည်။ ထိုအထဲမှ သန်လျင်မြစ်ကူးတံတားမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အစောဆုံးတည်ဆောက်ခဲ့သော တံတားတစ်စင်းဖြစ်သည်။ သန်လျင်သားသတင်းထောက် ဦးသန်းဝင်းက တံတားဖွင့်သည့်ရက်ကို မှတ်မှတ်သားသားဆိုခဲ့သည်။ “ရန်ကုန်မြစ်ကူးတံတားထဲမှာတော့ အစောဆုံးလို့ ပြောရင်လည်းရပါတယ်။ ၁၉၉၂ ခုနှစ် စက်တင်ဘာ ၁၃ ရက်မှာ ဖွင့်လှစ်ခဲ့တာပါ” ဟု ဆိုခဲ့သည်။

ယခုအခါ မြစ်တစ်ဖက်ကမ်းရှိ သန်လျင်ကျောက်တန်း အထူးစီးပွားရေးဇုန်တို့ ပေါ်ထွန်းလာခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများပေါ်များလာခဲ့ခြင်း၊ တိုးတက်လာသော လူဦးရေ၊ များပြားလာသော ယာဉ်အစီးရေများကြောင့် နေ့စဉ် ယာဉ်ကြောကျပ်တည်းမှုများနှင့် ကြုံတွေ့နေကြရသည်။ ပြီးခဲ့သော တက္ကသိုလ်စာမေးပွဲရာသီ၌ ယာဉ်ကြောပိတ်ဆို့မှုကြောင့် စာဖြေကျောင်းသား ကျောင်းသူလေးများ စာဖြေဆိုချိန် လွန်စွာနောက်ကျမှုများနှင့် ကြုံတွေ့ခဲ့ကြရသည်။

ထို့အတွက် လက်ရှိ သန်လျင်မြစ်ကူးတံတားအဟောင်း အနီးတွင် ထပ်မံ၍ တံတားအသစ်တစ်စင်း တည်ဆောက်ရန် စီစဉ်မှုများလည်း ရှိနေပြီကို တွေ့ရသည်။ တံတားဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက “သန်လျင်တံတားနဲ့ကပ်ပြီး နောက်ထပ် တံတားတစ်စင်းထိုးဖို့ အစီအစဉ်ရှိပါတယ်။ ဂျပန်အကူအညီနဲ့ပါ။ မြေနေရာကတော့ရွေးပြီးသွားပါပြီ။ အဟောင်းတစ်စင်း၊ အသစ်တစ်စင်းရှိလာမှာ ဖြစ်တဲ့အတွက် တံတားဟောင်းအပေါ် သွားလာမှု ဝိတ်လျှော့လိုက်တဲ့အတွက် စိုးရိမ်စရာရှိလာတော့မှာ မဟုတ်ပါဘူး”ဟု ပြောသည်။

**တံတားတွေကို သာမန်အပေါ်ယံမျက်စိဖြင့် မြင်ရုံမျှ၊ စစ်ဆေးရုံမျှ ၊ သာမန်ပုံမှန်ထိန်းသိမ်းရုံမျှဖြင့် မရနိုင်။ လက်တွေ့ကျကျ အသေးစိတ်စစ်ဆေးမှု၊ ပြုပြင်မှုများဆောင်ရွက်ကြမှသာလျှင် တံတားများ၏ အရည်အသွေး ရေရှည်ခိုင်ခံ့မှု စိတ်ချရမှုများရှိမည်ဟု မြောင်းမြတံတားကျိုးကျပြီးနောက် ထွက်ပေါ်လာသောအသံများဖြစ်**

တံတားအသစ်၏ တံတားခန်းဖွင့်အကျယ်မှာ တံတားဟောင်းကဲ့သို့ မီတာ ၁၁၀ စီရှိမည်ဖြစ်ပြီး မြစ်လယ်တွင် လွတ်လပ်စွာ သွားလာနိုင်ရန်အတွက် ရေလယ်တိုင်တစ်တိုင်ကို ဖျောက်၍ ထည့်သွင်းတည်ဆောက်သွားမည်ဟု သိရသည်။ ယာဉ်လေးစီးသွားနိုင်မှုရှိပြီး တံတားခံဝန်မှာ ၇၅ တန်ဖြစ်ကြောင်း သိရသည်။

လက်ရှိ လှိုင်မြစ်ကူးတံတားများဖြစ်သည့် ဘုရင့်နောင် အမှတ်(၁) မြစ်ကူးတံတားကို ၁၉၉၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ဘုရင့်နောင် အမှတ်(၂) မြစ်ကူးတံတားကို ၂၀၁၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ကို ဆက်သွယ်ထားသော အောင်ဇေယျတံတားမှာ ကြိုးတံတားကြီးဖြစ်သည်။ ယင်းကြိုးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တည်ဆောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဩဂုတ် ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ သက်တမ်းအားဖြင့် ၁၈ နှစ်နီးပါး ရှိပြီဖြစ်သည်။

ယင်းအောင်ဇေယျကြိုးတံတားနှင့်ပတ်သက်၍ မဟာဗန္ဓုလကြိုးဆိုင်းတံတားနှင့်

**အချပ်ပို (ဃ) သို့**



သန်လျင်တံတားကို တွေ့ရစဉ်။ ဓာတ်ပုံ-သန်းဝင်း(သန်လျင်)

# ရန်ကုန်မြို့ရဲ့ တိုးတက်ပြောင်းလဲနေသော မြင်ကွင်းတစ်နေရာ

● မြင့်မောင်စိုး ●

**လွန်ခဲ့တဲ့ နှစ်နှစ်တာအတွင်း ရန်ကုန်မြို့ပြရဲ့မြင်ကွင်းတွေဟာ တစ်နေ့တခြား ဆိုသလိုပင် ပြောင်းလဲနေတာတွေ့ရပါတယ်။ အထူးသဖြင့်တော့ အခြေခံအဆောက်အအုံတွေပါ။ လမ်းတွေက ကွန်ကရစ်လမ်းတွေအဖြစ် ပြောင်းလဲလာသလို လူနေအထပ်မြင့်တွေ၊ ကွန်ဒိုတွေ၊ shopping mall တွေ၊ ဈေးတွေ၊ လမ်းသစ်၊ တံတားသစ်တွေ ဆက်တိုက်ဆောက်လုပ်နေကြတာပါ။ အချို့နေရာတွေမှာ အသစ်တည်ဆောက်မှုတွေနဲ့ မြင်ကွင်းသစ်တွေအဖြစ် ပေါ်ထွက်လာနေပါတယ်။ တချို့လူတွေဆိုရင် ရန်ကုန်မြို့နဲ့တစ်လလောက် ဝေးသွားရင် မြင်ကွင်းတွေက အသစ်အဆန်းတွေဖြစ်လာတယ်လို့ ဆိုကြပါတယ်။ ဒီလိုအခြေခံအဆောက်အအုံတွေ တိုးတက်လာခြင်းကလည်း ရန်ကုန်မြို့ကြီးကို ခေတ်မီမြို့တော်ကြီးအဖြစ် ဝိုင်းဝန်းတည်ဆောက်နေကြခြင်း မဟုတ်ပါလား။**




ရန်ကင်း ၁၂ လုံးတန်းအနီး ရန်ကင်းလမ်းကို ရောက်တဲ့အခါတိုင်း သတိပြုမိတဲ့ နေရာတစ်ခုကတော့ Golden City အဆောက်အအုံတွေ ရှိတဲ့နေရာပါ။ ထီးထီးမားမားတွေနဲ့ အဆောက်အအုံတွေဟာ စင်ကာပူလိုလို၊ တရုတ်နိုင်ငံကို ရောက်နေသလိုလို ဗိသုကာလက်ရာမြောက်စွာ ဆောက်လုပ်ထားကြပါတယ်။ အဆောက်အအုံတွေကို အစုလိုက်အပြုံလိုက် တစုတဝေးတည်း စနစ်တကျဆောက်လုပ်ထားတာကြောင့် မြင်ကွင်းပသာဒဟာ ရှုချင်စဖွယ်ကောင်းလှပါတယ်။

ဒီလိုလှပတဲ့မြင်ကွင်း၊ လှပတဲ့အဆောက်အအုံတွေ ဆောက်လုပ်နေတာနဲ့ပတ်သက်လို့ သိချင်နေတာ ကြာခဲ့ပါပြီ။ ခုတော့ ခြေခြေမြစ်မြစ် သိခွင့်ရခဲ့ပါပြီ။ အကြောင်းကတော့ စင်ကာပူနိုင်ငံက ထိပ်တန်းကောလိပ်တစ်ခုဖြစ်တဲ့ KI College ကို အဲဒီ Golden Cityမှာ လာမယ့် ဩဂုတ်လမှာ ဖွင့်လှစ်နိုင်ဖို့ စတင်မိတ်ဆက်တဲ့ စာနယ်ဇင်းမိတ်ဆက်ပွဲကြောင့်ပါ။ Golden City ကို အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ Developer တစ်ဦးလည်းဖြစ်၊ JL GROUP ရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ကိုတင်ထွန်းဦးကတော့ အခုလိုဆိုပါတယ်-

"ရန်ကုန်မြို့ရဲ့ဘယ်နေရာကမဆို ကျွန်တော်တို့ Golden City ကို မြင်ရပါတယ်။ အထပ်ပေါင်း ၃၆ ထပ် ရှိပါတယ်။ ရန်ကုန်မြို့သာမက မြန်မာနိုင်ငံတစ်ဝန်းလုံးအနေနဲ့လည်း အမြင့်ဆုံး အဆောက်အအုံ ဖြစ်ပါတယ်။ အဆောက်အအုံတွေ ဆောက်တဲ့နေရာမှာ အရင်တုန်းကဆိုရင် Residential ဆိုရင် Residential၊ Commercial ဆိုရင် Commercial၊ Retail ဆိုရင် Retail၊ Office ဆိုရင် Office၊ Hotel ဆိုရင် Hotel ဆိုပြီး ဆောက်ကြပါတယ်။ သူ့ရည်ရွယ်ချက်နဲ့သူ ဆောက်ကြပါတယ်။ ခုဟာက တစ်ကမ္ဘာလုံးမှာ ပြောင်းလဲသွားပါပြီ။ ဒီလို သီးသန့် ရည်ရွယ်ချက်တွေနဲ့ ဆောက်လုပ်တာလည်း နည်းသွားပါပြီ။

"ခုဟာက Integrated development ကို ပိုပြီးဆောက်လုပ်လာကြပါတယ်။ ဘာကြောင့် ဒီလိုဆောက်လုပ်လာကြသလဲဆိုတော့ လိုအပ်တဲ့ အရာတွေကို တစ်နေရာတည်းမှာ ရနိုင်လို့ပါ။ လူတွေက ရုံးတက်ရင်လည်း ဒီမှာပဲ၊ ကျောင်းတက်ရင်လည်း ဒီမှာပဲ။ ခုဆိုရင် စင်ကာပူနိုင်ငံရဲ့ အကောင်းဆုံး KI College လည်း ဖွင့်နေပြီ။ ခုဆိုရင် Golden City ရဲ့ Last Phase မှာ shopping mall ကိုလည်း ထည့်သွင်းတည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီမှာနေတဲ့သူတွေက အပြင်ထွက်စရာမလိုအောင် စီစဉ်ပေးထားတာပါ။ ရန်ကုန်မြို့က ဘယ်သွားသွား တစ်နာရီလောက် အချိန်ပေးရပါတယ်။ ဘတ်စ်ကားနဲ့သွားသွား၊ အငှားယာဉ်ပဲစီးစီး၊ ကိုယ်ပိုင်ကားနဲ့လာလာ အချိန်တစ်နာရီ ကြာပါတယ်။ ဒါကြောင့် အချိန်မကုန်ဘဲနဲ့ Golden City မှာ လိုအပ်တာတွေရနိုင်တဲ့အတွက် အားလုံး အဆင်ပြေပါတယ်။ ဒီလိုဆောက်တဲ့ပုံစံက ကမ္ဘာမှာ စတုတ္ထမျိုးဆက်လို့ ခေါ်ပါတယ်"ဟု ကိုတင်ထွန်းဦးက ဆိုပါတယ်။

Golden City ဟာ Singapore Exchange Securities Trading Lmited ရဲ့ Catalist board မှာ မှတ်ပုံတင်ထားတဲ့ ETC SINGAPORE LTD အဖွဲ့ဝင် Golden Land Real Estate Development Co.,Ltd. က အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ပရောဂျက်တစ်ခုလို့ သိရပါတယ်။ ဒီပရောဂျက်ကို ၂၀၁၄ ခုနှစ် မတ်လက စတင်ခဲ့ကြောင်း၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာသန်း ၂၉၀ ရှိကြောင်း၊ လောလောဆယ် Phase 1 မှာ လူများ စတင်နေထိုင်လျက်ရှိပြီး Phase 2 လည်း ပြီးစီးတော့မယ်လို့ သိရပါတယ်။ Phase 4 အထိ ဆက်လက် တည်ဆောက်သွားမှာဖြစ်ကြောင်း အိုလံပစ်တစ်ဝက်အဆင့်ရှိ ရေကူးကန်၊ နိုင်ငံတကာအဆင့်မီ shopping mall တို့လည်း ထည့်သွင်း တည်ဆောက်သွားမယ်လို့ သိရပါတယ်။

ရန်ကုန်မြို့ရဲ့ အစောဆုံးအထပ်မြင့်လို့ဆိုရမယ့် ဆူးလေရှန်ဂရီလာဟိုတယ် (ယခင် Traders Hotel) နောက်ပိုင်း အထပ်မြင့်တွေ ဆက်တိုက်ဆိုသလို တည်ဆောက်လာလိုက်တာ ယခုဆိုရင် ရန်ကုန်မြို့ နေရာတော်တော်များများမှာ အထပ်မြင့်အဆောက်အအုံတွေ တိုးပွားလာလျက်ရှိပါတယ်။ ဒီလို မိုးမျှော်တိုက်ကြီးတွေ များပြားလာခြင်းကလည်း မြို့ပြရဲ့ပုံရိပ် မြို့ပြရဲ့အလှအပတွေပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံနဲ့ လူမျိုးရဲ့ ဂုဏ်ဒြပ်လို့လည်းဆိုရမှာပါ။ရန်ကုန်မြို့ကြီးဟာ ဒီလိုလှပတဲ့ အဆောက်အအုံတွေ၊ လမ်းမကြီးတွေ၊ ပိုမိုကောင်းမွန်တဲ့ ရေ၊ မီး၊ မိလ္လာစနစ်တွေတိုးတက်အောင်ဆောင်ရွက်ဖို့ လိုအပ်ချက်များ ရှိနေဆဲပါ။

ယခုဆိုရင် ရန်ကုန်မြို့ရဲ့မြင်ကွင်းတွေဟာ အရှိန်အဟုန်နဲ့ ပြောင်းလဲလျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် အဆောက်အအုံတွေဆောက်လုပ်တဲ့အခါမှာ သမားရိုးကျအနေအထားလောက်သာ ဆောက်လုပ်ကြတာများပါတယ်။ မြေအနေအထားပေါ် မူတည်ပြီး စီးပွားရေးအရတွက်ခြေကိုက်အောင် ဆောက်လုပ်ကြတာလည်း ဖြစ်နိုင်ပါတယ်။ လူနေသီးသန့် အဆောက်အအုံတွေမှာ စီးပွားရေးတွက်ခြေကိုက်အောင် ဆောက်လုပ်ကြတာ တွေ့ရပါတယ်။ ကားထားဖို့ မြေကွက်လပ်တောင် မကျန်အောင် ဆောက်လုပ်ထားကြပါတယ်။

ဒီဘက်ခေတ်မှာတော့ အဆောက်အအုံတွေ ဆောက်လုပ်တဲ့ပုံစံက ပြောင်းလဲသွားပါပြီ။ လူနေသီးသန့်သဘောမျိုးမဟုတ်တော့ဘဲ ရုံးခန်းတွေ၊ shopping mall လို့ခေါ်တဲ့ ဈေးတွေ၊ ကျောင်းတွေ၊ ဟိုတယ်ခန်းတွေပါ အစုအဝေးပုံစံမျိုးနဲ့ ဆောက်လုပ်လာကြပါတယ်။ ဒါက တစ်ကမ္ဘာလုံးမှာ ပြောင်းလဲဆောင်ရွက်နေတဲ့ မြို့ပြဆောက်လုပ်ရေးရဲ့ပုံစံသစ်တွေ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ Golden City လို အဆောက်အအုံတွေ ထပ်မံပေါ်ထွက်လာဖို့ နေရာတွေ အများအပြား ရှိနေပါတယ်။ မြို့ပြ အဆင့်မြင့်မားလာခြင်းဟာ လူနေမှုစနစ် တိုးတက်လာခြင်းမို့ မြို့ပြအဆောက်အအုံများ ဖွံ့ဖြိုးလာပါစေကြောင်း. . .။ ။

---

**အချပ်ပို (ဂ) မှ**

အောင်ဇေယျကြိုးဆိုင်းတံတားတို့မှာ နောက်ပိုင်းတည်ဆောက်သောတံတားများဖြစ်ပြီး မြောင်းမြကြိုးတံတားတည်ဆောက်ပုံနှင့် စနစ်ချင်းမတူညီကြောင်း၊ သံချေးမတက်နိုင်သော ရော်ဘာများပါရှိပြီး တည်ဆောက်မှုစနစ်မြင့်မားကြောင်း၊ ထို့အပြင် ဆိုင်းကြိုးအကာ အကွယ်တစ်ခုခု ချွတ်ချော်မှု ရှိလာလျှင်လည်း ကြီးမားသော အန္တရာယ်မဖြစ်စေနိုင်ကြောင်း တံတားဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးနေအောင်ရဲမြင့်က မှတ်ချက်ပြုဖူးသည်။

ထို့အပြင် တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးသိန်းမြင့်မွန်ကလည်း "တံတားတွေရဲ့ အရည်အသွေးနဲ့ပတ်သက်ပြီး တည်ဆောက်စဉ်ကစပြီး အဆင့် လိုက်လမ်းညွှန်မှုတွေပြုထားတာရှိတယ်။ ဒီလမ်းညွှန်ချက်တွေကို တံတားတည်ဆောက်တဲ့ အဖွဲ့အားလုံးကို လိုက်နာကြဖို့ ထုတ်ပြန်ထားပြီးဖြစ်တယ်။ လိုက်နာမှု ဘယ်လောက်အထိရှိသလဲဆိုတာကို ရုံးချုပ်က အဖွဲ့ သီးခြားစီနဲ့ မှတ်တမ်းတွေကို ပြန်တင်ခိုင်းထားပါတယ်။ နောက်ပြီး လတ်တလောအားဖြင့် ကြိုးတံတားတွေကို ရန်ကုန်စက်မှုတက္ကသိုလ်မှ ပါမောက္ခဆရာကြီးတွေနဲ့လည်း ပူးပေါင်းပြီး အဖွဲ့တွေခွဲပြီး စစ်ဆေးမှုတွေလည်း ပြုနေပါတယ်"ဟု ဆိုထားသည်။

မြောင်းမြတံတားမှ သတိပေးခေါင်းလောင်းထိုးသံကြောင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယခုအခါ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ ပြည်တွင်း ပြည်ပ ပညာရှင်ကြီးများက တံတားများအရေး အလေးထား ဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း ဖော်ပြရေးသားလိုက်ရပါသည်။ ။

